www.burmeseclassic.com

SHWE THANTEE PUBLISHING HOUSE

# ယုဝေး

## ပိုနေတဲ့ငါ့မှာ

BURMESE CLASSIC .com

The Way

www.burmeseclassic.com

ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏လက်ဝယ်တွင်ရှိရေး။

လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။


သားသား စီစဉ်သည်။

စာမူခွင့်ပြုချက်အမှတ်
၅၀၁၂၆၀၁၀၀၁၂

မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၅၀၀၁၂၂၀၂၁၂

ထုတ်ဝေသူ
ဒေါ်ခင်မာချို(ပန်းဝေဝေစာပေ)
အမှတ်-၃၆၀၊ဗိုလ်အောင်ကျော်လမ်း၊ရန်ကုန်။

ပုံနှိပ်သူ
ရွှေပြည်ဟိန်း၊(၀၉၉၅၈)
၅၈၊ ၄၇(လမ်း) ရန်ကုန်။

ပုံနှိပ်ခြင်း
၂၀၁၂ ခုနှစ်၊ မတ်လ
အုပ်ရေ ၅၀၀၊ တန်ဖိုး ၁၃၀၀ ကျပ်

သူဝေး

(ငိုနေတဲ့ငှက်မှာ) / သူဝေး၊ ရန်ကုန်၊
ပန်းဝေဝေစာပေ၊ ၂၀၁၂

[illegible]–စာ၊ ၁၂.၅၊ ၁၉.၅ စင်တီ။

(၁) ငိုနေတဲ့ငှက်မှာ

www.burmeseclassic.com

ဤကျမ်း၌
မြေ၏တေးသွားဖြင့်
ကောင်းကင်သည် ကတော်မူလေ၏။



www.burmeseclassic.com

www.burmeseclassic.com

( ၁ )

ယူကလစ်ပင်တွေရဲ့ခေါင်မိုးမှာ တစ်တီးတူးငှက်ကလေးတွေလည်း နားမနေတော့ပါဘူး။ သစ်ရွက်ခြောက်ကလေးတွေသာ မြေမှာ တလိမ့်လိမ့် ယွင့်လို့နေပါတယ်။

အဲဒီနေ့ဟာ ကျောင်းနောက်ဆုံးနေ့ပေါ့။

အဲ့ဒီနေ့မှာပဲ ခေါင်းလောင်းကလေးတစ်လုံးနဲ့ အလုပ်ရှုပ်နေတဲ့ နှင့်ကို ငါ စတွေ့ခဲ့တာလေ။

"ဟော့ . . . ဟော့ . . . အဲ့ဒါ ဘာလုပ်မလို့လဲ"

ကမ်းလက်စလက်ကလေး တွန့်သွားတယ်။ ပြီးတော့ လှည့်ပြန်လှည့်ကြည့်တယ်။ ကျောင်းဆောင်အပေါ်ထပ်က ဝရန်တာလက်ရမ်းပေါ် တက်ပြီး ခေါင်မိုးအစွန်မှာချည်ထားတဲ့ ခေါင်းလောင်းလေးကို နှင် လက်လှမ်းနေတာလေ။

"ငါ . . . ငါက နှုတ်ဆက်မလို့ပါ"

ကြောင်တက်တက်လေး ပြန်ဖြေတဲ့ နှင့်မျက်လုံးလေးတွေက ဝိုင်းနေတယ်။ ကျောပိုးအိတ်ကလေးကို သပ်တင်ရင်း . . .

"ဘာကိုနှုတ်ဆက်မလို့လဲ"



လို့ငါက ပြန်မေးတော့ နှင်က ဝရန်တာပေါ်မှာပဲ ကန့်လန့်ကလေးရပ်ရင်း . . .

"ဒီနေ့ ကျောင်းနောက်ဆုံးနေ့မို့လား။ ဆရာမတွေ၊ သူငယ်ချင်းတွေအားလုံးကို နှုတ်ဆက်ခဲ့ရတယ်လေ။ ဒီလိုပဲ ငါတို့ကို ကျောင်းတက်ကျောင်းဆင်း အချိန်မှန်အချက်ပြနေတဲ့ ခေါင်းလောင်းကြီးကိုလည်း နှုတ်ဆက်သင့်တယ်မို့လား"

". . . . ."

"အဲ့ဒါကြောင့် ငါက ခေါင်းလောင်းကြီးကို လက်ဆွဲနှုတ်ဆက်မလို့ပါ"

ဟွန်း . . . ခေါင်းလောင်းကြီးကိုများ လက်ဆွဲနှုတ်ဆက်ရမယ်လို့ ငါဖြင့် တွေးတောင် မတွေးဖူးဘူး။ တကယ်တော့ နှင်က ခေါင်းလောင်းကြီးကို ကိုယ့်လက်နဲ့ ကိုယ်တိုင်ခေါက်ပြီး အဲ့ဒီခေါင်းလောင်းကြီးက ထွက်လာတဲ့အသံကို နားထောင်ချင်နေတာပါ။ ဟုတ်တယ်မို့လား။

ငါက ဘာမှပြန်မပြောဘဲ ငြိမ်နေပေးလိုက်တော့ နှင်က ခေါင်းလောင်းကြီးကို ခေါက်တယ်လေ။ ဒေါင် . . . ဒေါင် . . . ဒေါင် . . . ဆိုတဲ့ ခေါင်းလောင်းသံက နွေဦးရာသီဝတ်မှုန်ကလေးတွေရဲ့ ရနံ့လွှင့်သံလိုပဲ။ ချိုမြိန်သင်း . . . နေတယ်။

"နှင်ပြီးရင် ငါလည်း နှုတ်ဆက်ဦးမယ်"

ဆိုပြီး ငါလည်း ဝရန်တာပေါ် တက်လိုက်တယ်။ နှင်ကတော့ ဝရန်တာအောက်ကို ပြန်ခုန်ဆင်းသွားတယ်။

ဒေါင် . . . ဒေါင် . . . ဒေါင် . . . ငါထိုးတဲ့ ခေါင်းလောင်းသံကျတော့ နည်းနည်းညံနေသလိုပဲ။ အဝေးက အနက်ရောင်ငှက်တွေ ဆယ်ပျံသွားသလိုမျိုးတောင် ငါမြင်နေမိသေးတယ်။

ခေါင်းလောင်းခေါက်ပြီး ငါလှည့်ပြုံးပြဖို့လုပ်တော့ နှင်က မရှိတော့ဘူးလေ။



www.burmeseclassic.com

www.burmeseclassic.com

## ( က )

"အယ် . . . အယ် . . . "

ငါ ပူဖောင်းမှုတ်နေတော့လည်း အနားကို နင်ရောက်လာခဲ့ပြန်တယ်။

မိုးပေါ်တက်သွားတဲ့ ဆပ်ပြာပူဖောင်းလေးတွေကို လက်ညှိုးနဲ့ လိုက်ထိုးကြည့်ပြီး နင် အံ့သြနေခဲ့တယ်လေ။

"ဘာလို့ အပေါ်တက်သွားတာပါလိမ့်"

မေးသလိုလိုလည်း ရေရွတ်လာတယ်။

"ကြမ်းပြင်ကပူတော့ အငွေ့တွေထွက်နေတာဟ။ အဲဒီအငွေ့လေးတွေနဲ့ တွန်းပါသွားလို့ ပူဖောင်းလေးတွေ အပေါ်တက်သွားတာ"

ငါက ဖတ်ဖူးမှတ်ဖူးလို့ ပြောပြမိတော့လည်း နင်က မျက်မှောင်ကြုတ်သွားတယ်။ ပြီး . . . နှုတ်ခမ်းလည်း စူသွားတယ်။

"ဟုတ်လည်း ဟုတ်ဘဲနဲ့"တဲ့။

"ဟုတ်ပါတယ်ဆို။ ငါဖတ်ဖူးတယ်"



"လာလျှောက်ပြောမနေနဲ့ဟေ့ မယုံဘူး"

တော်တော်အငြင်းသန်တဲ့ ကောင်မလေးပဲလို့ ငါ့စိတ်ထဲက ပြောမိသေးတယ်။

"ပြကြည့် . . . ။ နင်ပြောတာ ဟုတ်မဟုတ် ငါကိုယ်တိုင်မှုတ်ကြည့်မယ်"

သိသားပဲ။ သူမှုတ်ချင်လို့ ဉာဏ်များနေတယ်ဆိုတာ။ နင် မှုတ်ကြည့်တော့လည်း ဆပ်ပြာပူဖောင်းလေးတွေက အပေါ်ကို တရွေ့ရွေ့တက်သွားတာပဲလေ။

"အယ် . . . အယ် . . ."

နဲ့ အံ့သြနေပြန်သေးတယ်။

နောက်တစ်ခါ ထပ်မှုတ်ကြည့်ဖို့လုပ်တော့ နင့်သူငယ်ချင်းတွေ ရောက်လာပြီး နင့်ကို ပြန်ခေါ်သွားတယ်လေ။

ငါကတော့ နင်ချန်ခဲ့တဲ့ လေထဲက ဆပ်ပြာပူဖောင်းလေးတွေကို စိတ်ကူးနဲ့ လိုက်သိမ်းဆည်းနေမိတယ်။



www.burmeseclassic.com

www.burmeseclassic.com

( t )

မြူဝေချိန်အမှတ်တရတွေထဲမှာ အဲ့ဒီညနေခင်းဟာ အလှပဆုံးပေါ့။

မောင်းသူမရှိတဲ့ မြင်းလှည်းကြီးနံဘေးမှာ နင် ရပ်နေခဲ့တယ်။ ပြီးတော့ လက်ထဲက မြက်တွေနဲ့မြင်းကြီးကို အတင်းထိုးကျွေးနေခဲ့တယ်။ မြင်းကြီးကလည်း ဗိုက်မဆာလို့ထင်ပါတယ်။ ခေါင်းကြီး ဟိုလှည့်ဒီလှည့်နဲ့ နင်ကျွေးတဲ့မြက်တွေကို မစားမိအောင် ရှောင်နေတယ်လေ။

"စားပါ မြင်းကြီးရဲ့။ နင်စားနေကျ မြက်တွေပဲကို"

မလှမ်းမကမ်းမှာ ထိုင်နေတဲ့ငါတောင် နင့်စကားကိုကြားပြီး ရယ်ချင်သွားသေးတယ်။ ဟာဟ . . . မြင်းကိုများ လူစကားသွားပြောလို့ ရူးပါ့။

မြင်းကြီးက တစ်ကိုက်တောင်မစားဘဲ ရှောင်ဖယ်ရှောင်ဖယ်လုပ်နေဆဲ။ နင်ကလည်း မြက်ပင်ရှည်ကြီးတွေကို အတင်းထိုးကျွေးနေဆဲလေ။



အဲဒီလို အတင်းထိုးကျွေးရင်း မြက်ပင်တစ်ပင်က မြင်းကြီးရဲ့နှာခေါင်းထဲကို ထိုးဝင်သွားတယ် ထင်ပါတယ်။ နှာမွန်သွားပြီး မြင်းကြီးက ထဟီကဆုန်ပေါက်တော့တယ်။

"အား . . ."

နင် လန့်ပြီးအော်လို့ ငါ အမြန်ပြေးဝင်သွားလိုက်တယ်။ မြင်းကြီးနဲ့ဝေးအောင် နင့်ကိုငါ ဆွဲကယ်လိုက်ရတယ်လေ။ ဒါပေမဲ့ ငါ့ကိုငါတော့ မကယ်လိုက်နိုင်ဘူး။ မြင်းကြီးကဆုန်ပေါက်ရာက ပြန်ကျလာတဲ့ ခွာတစ်ဖက်ကာ ငါ့လက်ကို ပေါက်မိတယ်။

"အား . . ."

ငါ့လက် နာလိုက်တာ။

"ဟာ . . . ပြစမ်း၊ ပြစမ်း နင့်လက် . . ."

စိုးရိမ်တကြီး ငါ့လက်ကို နင် ယူကြည့်ရှာပါတယ်။

"အရမ်းနာသွားတာမို့လား"

"ဟင့်အင်း . . . သိပ်မနာပါဘူး"

ငါ လိမ်ပြောလိုက်လို့ နင် စိုးရိမ်စိတ်လျော့သွားပေမဲ့ စိတ်ကောင်းတော့ ဖြစ်နေသေးတယ်မို့လား။

ငါ့လက်ချောင်းလေးတွေကို တစ်ချက်နှစ်ချက် ဆုပ်ထွေးပေးပြီး

[illegible] . . .

"လက်တွေကို သတိထား။ လက်ချောင်းလေးတွေမရှိရင် ကလို့ရတော့ဘူး" တဲ့။



www.burmeseclassic.com

www.burmeseclassic.com

## ( ၄ )

နင်နဲ့ငါ ဘောလုံးကွင်းကျယ်ကြီးထဲမှာလည်း ဆုံဖူးသေးတယ် နော်။ ကစားကျောင်းဆင်းလို့ ကျောင်းသားကျောင်းသူတွေ ပြေးလွှား ဆော့ကစားနေချိန်ပေါ့။

"တူဖိုး . . . တူဖိုး"

အဲ့ဒီလိုအော်ပြီး လေစကြာလေးကိုင်လို့ ငါ့ရှေ့က ဖြတ်ပြေးသွား တယ်လေ။ ငါက နားမလည်လို့ နင်နဲ့အတူ လိုက်ပြေးပြီး မေးမိပါရော။

"ဟေ့ . . . တူဖိုးဆိုတာ ဘာလဲ"

"ဘာဖြစ်ဖြစ်ပေါ့"

ဆိုပြီး နင်ဆက်ပြေးတယ်။ ငါက သိချင်စိတ်နဲ့ဆိုတော့ ဆက် လိုက်ရပြန်ရော။

"တူဖိုးဆိုတာ ဘာလဲဟ ပြောပြစမ်းပါ"

"ဘာမှမဟုတ်ဘူး။ ငါ့စိတ်ထဲမှာ အဲ့ဒီလိုအော်ပစ်ချင်လို့ အော် ပစ်လိုက်တာဟာ ဘာဖြစ်လဲ"တဲ့။



ငါ အဲ့ဒီကတည်းက သတိထားမိပြီးသားပါ။ နင်ဟာ စိတ်ကို လွတ်လွတ်လပ်လပ် ဖွင့်ထားတတ်တဲ့ မိန်းကလေးမျိုးဆိုတာကိုပေါ့။

အဲ့ဒီမှာ ငါကလည်း အားကျမခံ နင့်ရှေ့ကနေအော်ပြီး ဖြတ် ပြေးပြလိုက်တာပေါ့။

"တို့ဟူး . . . တို့ဟူး"

"ဟင် . . ."

နင် ကြောင်သွားတယ်လေ။ ငါ့နောက်ကို ပြေးလိုက်လာပြီး . .

"နင် ဘာတွေ လျှောက်အော်နေတာလဲ"

"ဘာဖြစ်လဲ။ ငါစားချင်တာ ငါအော်တာဟာ။ တို့ဟူ . . . တို့ဟူး . . . "

နင် ဆလံပေးပြီး ကျန်ခဲ့ရရောမို့လား။

ဟား . . . ဟား . . . ။



www.burmeseclassic.com

www.burmeseclassic.com

## ( ၀ )

မွေးနီဟာ ငါအချစ်ဆုံး သူငယ်ချင်းနှစ်ယောက်ထဲက တစ်ယောက်ပေါ့။ အကျင့်ဆိုးလေးတွေရှိပေမဲ့ ငါ့ကို သိပ်ချစ်ရှာတယ်။ သူ့ကြောင့်ပဲ နင့်နာမည်ကို သိခဲ့ရတာလေ။

အဲ့ဒီတုန်းက ငါတို့တွေ သိပ်မငယ်တော့ဘူးနော်။ နဝမတန်း စာသင်နှစ်ကို ရောက်ခဲ့ပြီ။ အချိန်ကတော့ ဆရာကန်တော့ပွဲ တစ်ခုမှာနော်။

ကျောင်းဟောခန်းမကြီးကတော့ သူ့ဗိုက်ထဲကို ကျောင်းသားတွေ အများကြီးထည့်ထားရလို့ အစာမကြေဖြစ်နေတဲ့ပုံပဲ။

လူတွေ ကျပ်ညပ်နေတဲ့ကြားကာ ဆရာတွေကိုကန်တော့ရတယ်။ လက်အုပ်ကလေးတွေချီပြီး ကုန်းကန်တော့ကြတုန်း။

"ဟ . . . ဟ . . ."

ဆိုပြီး မွေးနီက တီကောင်ဓာတ်လိုက်သလို တစ်ကိုယ်လုံးတွန့်တက်ပြီး ထအော်တယ်။ ပြီးတော့ သူ့နောက်ကကောင်မလေးကို လှည့်ကြည့်ပြီး . . .

"နင် . . . နင်ဘာလို့ ငါ့ဖင်ကို လက်နဲ့ လာပုတ်တာလဲ"

ကောင်မလေး မျက်လုံးပြူးသွားတယ်။ မွေးနီရဲ့အပြောကြောင့် ရှက်ကြောင်ကြောင်လေး ဖြစ်သွားတယ်။ ပြီးမှ . . .



"ငါ . . . ငါက နင့်ကို ဘာလို့ အဲ့ဒီလိုလုပ်ရမှာလဲ။ ဆရာကန်တော့ပြီး လက်ပြန်ရုပ်လိုက်လို့ ထိသွားတာပဲကို"

ဟုတ်သားပဲ။ လူတွေက ပြွတ်ကျပ်နေတာ တစ်ယောက်နဲ့တစ်ယောက် လွတ်အောင်ကန်တော့ဖို့ မရဘူးလေ။ ထိမိခိုက်မိတော့ ရှိမှာပေါ့။ ဒါပေမဲ့ မွေးနီက အထက်စီးကပဲ . . .

"ဒါမျိုးတွေ ရိုးနေပြီ။ ဟွန်း . . ."

ဆိုပြီး လုပ်ပစ်ခဲ့တယ်၊ ပြောပေါက်ကတော့ ကောင်မလေးကပဲ သူ့ကို အသားယူချင်တာလိုလို။

မွေးနီက ရှေ့ပြန်လှည့်လာတော့ ငါ့ကိုလက်တို့ပြီး တိုးတိုးပြောတယ်။

"ခုနက ငါရစ်လိုက်တဲ့ကောင်မလေးရဲ့ ဘေးကကောင်မလေးကို တွေ့လား"

"ဟင့်အင်း . . . မကြည့်မိလိုက်ဘူး"

"မကြည့်မိရင် အခု ပြန်လှည့်ကြည့်လိုက်ကွာ"

ငါ လှည့်ကြည့်လိုက်တော့ . . . ။ ငါတွေ့လိုက်ရတာပေါ့။ နင့်ကိုလေ။ နင် သိပ်လှတာတာပဲ။ ငါ့ခေါင်းပြန်လှည့်လာတော့မှ မွေးနီက . . .

"အခုတလော ဆရာမတွေပါးစပ်ဖျားမှာရှိနေတာ သူပေါ့ကွ။ (B) တန်းက စာအရမ်းတော်တဲ့ ကောင်မလေးဆိုတာလေ။ နာမည်က ဆဉ်ယဉ်တဲ့"

"ယဉ်ယဉ်"

ငါ ရေရွတ်မိတယ်။ ပြီးတော့ နောက်တစ်ကြိမ်လည်း နင်ရှိရာ လှည့်ကြည့်ချင်နေတယ်။ ရှေ့မှာ ဗိုက်ပူပူနဲ့ဆရာကြီးက မိန့်ခွန်းပြောမနေခဲ့ရင် သိပ်ကောင်းမှာပဲ။



www.burmeseclassic.com

www.burmeseclassic.com

## ( d )

တစ်ခါတုန်းက ရောမအင်ပါယာကြီးနဲ့ အခုမီးလောင်နေတဲ့ ပြောင်းခင်းကြီးဟာ ဆွေမျိုးတော်ချင်လည်း တော်မှာပေါ့။

ကျောင်းအနောက်ဖက်က ပြောင်းခင်းကြီးမှာ မီးတွေတဟုန်းဟုန်း လောင်နေပါတယ်။ ဘာရယ်ကြောင့်လောင်တာမှန်း မသိပေမဲ့ ကျောင်းဆင်းချိန်မို့ လူတွေလည်း ရှုပ်ထွေးဝိုင်းအုံကြည့်လို့ပေါ့။

လေတစ်ချက်ဝှေ့လိုက်တော့ မီးတောက်ကြီးဟာ အိခနဲ လူတွေ ယိမ်းကွေ့လာတယ်။

"ဟာ . . . ဟာ . . . ပြေး . . . ပြေး . . . "

ကြောက်အားလန့်အားနဲ့ လူတွေပြေးကြတယ်။

ဒါပေမဲ့ . . .

နင် မပြေးဘူး။

ဟုတ်တယ်။ နင် မီးတောက်ကြီးကနေ ထိုးထိုးချွန်ချွန်ထွက်လာတဲ့ မီးညွန့်လက်တံတွေကို ဝံ့ဝံ့စားစား ငေးနေတယ်။ မော်ဒန်ပန်းချီကား



တစ်ချပ်ကို ကြည့်သလိုမျိုးလည်း လက်ချောင်းလေးတွေနဲ့ ပေါင်ခတ်ပြီး ရူးရူးရဲရဲကြည့်နေတယ်။

ပြီးတော့ ဘေးကိုလည်း မကြည့်ဘဲ။

"လှလိုက်တာ သက်သက်ရာ။ (Jazz) အကသမားတစ်ယောက် လာက,ပြနေသလိုပဲ"

ပြောချင်ရာပြောပြီးမှ လှည့်ကြည့်လိုက်တော့ နင် လန့်သွားတယ်လေ။

"ဟင် . . . သက်သက်လည်း မဟုတ်ဘူး"

ငါကတော့ ဘာမှပြန်မပြောဘဲ ပြုံးစေ့စေ့ကြည့်နေလိုက်တယ်။

"သက်သက်ကော"

"နင့်သူငယ်ချင်းတွေအားလုံး မီးလောင်မှာကြောက်လို့ ထွက်ပြေးသွားတာဖြင့် ကြာလှပြီ"

"ဟင် . . ."

အူကြောင်ကြောင်ပုံစံလေးနဲ့ပဲ ရှက်ရှက်နဲ့ နင်ထွက်သွားပါရော။ ငါကတော့ မီးတောက်ကြီးကို ဆက်ငေးနေလိုက်တယ်။ မီးတောက်ကြီးက ညက်ပျောက်ဆုံးနေတဲ့ မကောင်းဆိုးဝါးတစ်ကောင်လိုမျိုး ငါ့ကို ခံတွင်းဟာပြနေတယ်။



www.burmeseclassic.com

www.burmeseclassic.com

## ( ၅ )

နင်နဲ့ငါ သူငယ်ချင်းဖြစ်ပြီးတဲ့ နောက်မှာတော့ ဥယျာဉ်ကလေးထဲမှာ မကြာခဏ တွေ့ဖြစ်ခဲ့ကြတယ်နော်။

ဥယျာဉ်ကလေးထဲမှာ နည်းနည်းကျယ်ဝန်းတဲ့ ရေကန်လေးတစ်ကန်ရှိတယ်။ အဲ့ဒီရေကန်လေးအလယ်မှာတော့ လက်တစ်ဖက်ပြတ်နေတဲ့ သူရဲကောင်းကျောက်ရုပ်ကြီး တစ်ရုပ်ရှိတယ်။ အဲ့ဒီကျောက်ရုပ်ကြီးကို လက်ညှိုးထိုးပြီး နင်ကပြောတယ်လေ။

"ကျောက်ရုပ်ကြီးကလည်း အစုတ်ကြီး"တဲ့။

အဲ့ဒီရေကန်ထဲမှာပဲ ရေမထွက်တော့တဲ့ ရေပန်းကလေးတစ်ခုလည်းရှိတယ်။ အဲ့ဒီရေပန်းကလေးကိုလည်း လက်ညှိုးနဲ့ညွှန်ပြီး . . .

"ရေပန်းကြီးကလည်း အစုတ်ပဲ"တဲ့။

အနီးနားမှာ မီးမလင်းတော့တဲ့ မီးတိုင်ပုလေးတစ်ခုလည်း ရှိနေပြန်တယ်။ အဲဒါလေးကိုလည်း လက်ညှိုးနဲ့ထိုးပြန်ပြီး . . .



"မီးတိုင်ကြီးလည်း စုတ်တာပဲ"တဲ့။

နောက်ဆုံး ကိုယ့်ကိုယ်ကိုယ် မာန်ဝင့်ပြီး . . .

"ဟဲ . . . ဟဲ . . . ဒီလိုဆို ဥယျာဉ်လေးထဲမှာ အကောင်းဆိုလို့ နင်နဲ့ငါပဲ ရှိတော့တယ်နော်" တဲ့။

ကိုယ့်ဘာသာကိုယ်ပြောပြီး ပြုံးလို့ ကျေနပ်နေခဲ့တယ်။

တကယ်တော့ ယဉ်ရယ် . . .ငါ့ဘဝကလည်း အစုတ်ကြီးပါပဲ။ ငါ အဲ့ဒီလို စိတ်ထဲကညည်းနေတုန်း နင်ကပြောလာတယ်လေ။ အဓိဆို အမိန့်တစ်ခုကို ရေရွတ်တဲ့ အသံမျိုးနဲ့ပေါ့။

"အင်း . . . အဟောင်းအစုတ်တွေဟာ အကောင်းအသစ်တွေရဲ့ ကျမ်းစာအုပ်လည်း ဖြစ်နိုင်တယ်နော်" တဲ့။



www.burmeseclassic.com

www.burmeseclassic.com

## ( ၄ )

"ယဉ် နင်ငါ့ကို ကိန္နရာမလေးလို ကပြပါလား"

"ဟင် . . ."

ငါတောင်းဆိုတာကို နင်က အံ့သြသလို ကြည့်တယ်လေ။ ပြီးတော့ ဝါးခနဲထရယ်ပါတော့တယ်။ အရယ်ဆုံးတော့မှ . . .

"ဘာကိန္နရာမလေးလဲ"

"ကိန္နရီကိန္နရာမောင်နှံထဲက ကိန္နရာမလေးကို ပြောတာလေ"

"အဟား . . .ဟား"

အားရပါးရ ထပ်ရယ်ပြန်တယ်။ ပြီးမှ အရူး . . .တဲ့။'

"ကိန္နရာဆိုတာ အမ,မဟုတ်ဘူးဟဲ့။ အထီးတဲ့"

"အမ် . . ."

ငါလည်း သိမှမသိဘဲကိုး။ ကြားဖူးတာနဲ့ ပြောကြည့်တာပဲကိုး။

"ကဲ . . . ဒါဆို ကိန္နရီမလေးလို ကပြဟာ"



"ဟင့်အင်း မကချင်ဘူး"

"ဘာဖြစ်လို့လဲ"

"ဟဲ . . . ဟဲ . . . ဒီနေ့ ငါဝမ်းသွားနေလို့" တဲ့လေ။

ယဉ်ရယ် . . . ။နင့်ရဲ့ဝမ်းသွားနေတဲ့ မျက်နှာလေးကလည်း ဝင်းမှုန်မှုန်လေးနဲ့ ချစ်စရာလေးပါလား။ ဆောင်းရာသီတစ်ခုရဲ့ အိမ်တံစက်မြိတ်မှာ တွဲလောင်းကလေးအိပ်နေတဲ့ (ဖိဝ)ဝပ်မီးလုံးလေးလိုပဲ။

ငါ အဲ့ဒီလိုမြင်မိတယ်။



www.burmeseclassic.com

www.burmeseclassic.com

( t )

"နင် ဝက်ဇ်အက,ကိုသိလား"

"ဝက်တွေက ကလို့လားဟ"

ယဉ် နှုတ်ခမ်းလေး နည်းနည်းထော်သွားတယ်။ ပြီးမှ အသံဆတ်ဆတ်ကလေးနဲ့ . . .

"ဒဗလျူ၊ အေ၊ အယ်လ်၊ တီ၊ ဇက် (waltz)ဝက်ဇ် ဆိုတဲ့အကကို ပြောတာဟဲ့"

နင်ကမှ ရှင်းရှင်းမပြောဘဲ ကောင်မစုတ်လေးရဲ့။

"ဟင့်အင်း . . . ကြားတောင်မကြားဖူးဘူး"

(waltz) အကဆိုတာ Austria နိုင်ငံက စတင်တဲ့အကဖြစ်ပြီး နပိုလီယံခေတ်အပြီးမှာ ပိုနာမည်ကြီးလာတဲ့ အကဖြစ်ကြောင်း နင်ကရှင်းပြတော့တယ်။ ကြီးကျယ်ခမ်းနားတဲ့ ခမ်းမကြီးတွေထဲမှာ နီးကပ်ပွေ့ဖက်ပြီး ကရတဲ့ စုံတွဲအကဖြစ်ကြောင်းတွေကောပေါ့။



ပြီးတော့ ပါရာဗွေးနိုင်ငံကထုတ်တဲ့ တံဆိပ်ခေါင်းလေးတစ်ခုကို ထုတ်ပြလာပြီး . . .

"ဒီအကကိုတော့ သိမှာပေါ့"

ငါလည်း တံဆိပ်ခေါင်းလေးကို ကြည့်လိုက်တယ်။

"အင်း . . . ဒါတော့သိတယ်။ ဒါ ဘဲလေး(ballet) အကပဲ"

"အင်း . . . ဟုတ်တယ်။ အဲ့ဒီအကကို ကြိုက်လား"

"ဟာ . . . ကြိုက်တာပေါ့။ အရမ်းကြိုက်တယ်"

ငါက အငမ်းမရပြောတော့ နင်က စူးစူးလေးကြည့်လာတယ်။

"ဘာလို့ကြိုက်တာလဲ ပြောပါဦး"

"အဲ့ဒီဘဲလေးကချေသည်တွေ ကရင်ဝတ်တဲ့ . . ."

". . . . ."

"ဂါဝန်လေးတွေက တိုတိုလေးမို့"

"နှာဘူး"

ဆိုပြီး 'အုံး'ခနဲ ထုပါတော့တယ်။

အဲ့ဒီလို ထုလိုက်လို့ပဲလား မသိပါဘူး။ ရုတ်တရက် ငါ ချောင်းတွေတဟွတ်ဟွတ် ထဆိုးလာရော။ အဲ့ဒီတော့လည်း နင့်မျက်နှာလေးက မကောင်းတော့ဘူး။ ငါ့ကျောကုန်းကို ပြန်သပ်ပေးပြီး 'ပိုင်ရယ်' လို့ အသံတိုးတိုးလေးနဲ့ ညည်းတွားရှာတယ်။

ငါ့ကို သနားနေတာလား ယဉ်ရယ်။



www.burmeseclassic.com

www.burmeseclassic.com

( i )

ယဉ်ရေ . . . နင်က ဉာဏ်လည်း သိပ်ကောင်းတာပဲနော်။ အမှတ်တမဲ့ပြောမိတာမျိုးကိုလည်း အမှတ်တရ ရှိနေပေးတတ်တယ်။

"ပြလေ . . . ပြ . . . ပြ . . . နင်ပဲ ငွေရောင်သစ်ရွက်လေးပြမှာဆို . . . ပြ"

ဟုတ်သားပဲ။ လွန်ခဲ့တဲ့ ဆယ်ရက်လောက်တုန်းက ငါ ငွေရောင်သစ်ရွက်ကလေးပြမယ်လို့ ပြောခဲ့တယ် နော်။ ငါကမေ့နေတယ်၊ နင်က သတိရနေခဲ့တယ်။

"ဟွန်း . . . ပြောတုန်းကပြောပြီး မေ့နေပြီမို့လား"

လို့ပြောပြီး နှုတ်လေးတစ်ဝက်ထော်သွားတယ်။ ကျန်တဲ့တစ်ဝက် ထပ်မထော်အောင် ငါ ကြိုးစားရတော့မှာပေါ့။

"ခဏလေးစောင့်နော်၊ ငါ အိမ်ပြန်ယူပေးမယ်"

ငါအိမ်ကို အမြန်ပြေးပြန်ရတယ်။ ဥယျာဉ်ဟောင်းကလေးနဲ့ ငါ့အိမ်နဲ့က ကပ်လျက်မဟုတ်ပေမဲ့ နီးနီးလေးပဲ။ ဒါကြောင့် နင့်အနားကို ငါ ခဏအတွင်း ပြန်ရောက်ခဲ့တယ်။



ငါ့လက်ထဲမှာလည်း ငါ့အဖေရဲ့ ဒိုင်ယာရီစာအုပ်လေးကို ကိုင်လာခဲ့လိုက်တယ်။ ငွေရောင်သစ်ရွက်ကလေးကို ဒီဒိုင်ယာရီစာအုပ်လေးကြားထဲမှာ ငါ့အဖေညှပ်ထားခဲ့တာလေ။

"ပိုင် မြန်မြန်ပြလေဟာ"

မျက်လုံးဝိုင်းလေးနှစ်လုံးနဲ့ ငါ စာအုပ်လှန်နေတာကို အငမ်းမရ လိုက်ကြည့်နေတယ်။ ငါ့ရဲ့ ငွေရောင်သစ်ရွက်ကလေးကို မြင်တော့

"ဒါလား ငွေရောင်သစ်ရွက်လေးဆိုတာ"

"အင်းလေ"

"ဟင် ငွေရောင်လည်း မဟုတ်ဘဲနဲ့"

ဟော . . .ခက်ပြီ။

"ဒါ ဂင်ကိုပင်ရဲ့ သစ်ရွက်လေ။ ဂင်ကိုအပင်ဆိုတာ တရုတ်လို ငွေရောင်သစ်သီးအပင်လို့ပြောတာ။ ဂင်ကိုရွက်ကျတော့ ငွေရောင်သစ်ရွက်လို့ခေါ်ရမှာပေါ့။ ဟုတ်ဘူးလား"

ငါ အဲ့ဒီလိုရှင်းပြတော့မှ ရိပ်ရိပ်ကလေးကျေနပ်တဲ့ မျက်နှာနဲ့ ပြုံးလာတော့တယ်။

"စွယ်တော်ရွက်ကလေးလိုပဲနော်၊ နှစ်လွှာပေါင်းနေတယ်"

"အင်း . . . တချို့နှစ်လွှာမပေါင်းတဲ့ ဂင်ကိုရွက်လေးတွေလည်း ရှိပါတယ်"

"သြော် . . ."

ဒီသစ်ရွက်ကလေး ဒီဒိုင်ယာရီကြားရောက်နေရတဲ့ သမိုင်းကြောင်းကိုလည်း ငါပြောပြဖြစ်သွားတယ်။

"ငါ့အဖေက ငါ့အမေကို ပိုးပမ်းတုန်းကပေးခဲ့တဲ့ သစ်ရွက်လေးပေါ့"

"အိုး . . . အိုး . . . ရိုမန့်တစ်ခ်ပဲ"

နင် စိတ်ချမ်းသာသွားတဲ့ ပုံလေးနဲ့ပြောတယ်။ နောက် . . . အတွေးတစ်ခု ရသွားပြန်တဲ့ပုံနဲ့ . . .



www.burmeseclassic.com

www.burmeseclassic.com

"နင့်ရည်းစားလေးကို ပိုးပမ်းတဲ့အခါမှာလည်း ဒီသစ်ရွက်လေးကို ပေးသင့်တယ်"

"အင်းပေါ့ . . . ပေးရမှာပေါ့"

"ရှော့ . . . ရှော့ . . . ဒါဆို မကိုင်တော့ဘူး။ နင့်ရည်းစားကိုင်မယ့် သစ်ရွက်လေးဆိုတော့ ငါမကိုင်တော့ဘူး"

ဆိုပြီး ဒိုင်ယာရီကြားထဲ သစ်ရွက်လေးကို ပြန်ညှပ်ပေးရော။

လွဲနေပြီ . . . လွဲနေပြီလို့ . . . ခေါင်းပေါ်က ဖြတ်ပျံသွားတဲ့ တိမ်တစ်အုပ်က ငါ့ကို အသံဝဝကြီးတွေနဲ့ လှမ်းအော်ပြောသွားတယ်။

ငါ သိပ်ခံစားရတယ်။



( ၀ )

"ချွတ် . . ."

ဆိုပြီး ငါ့ဂျင်းအကျီလေးကို အတင်းချွတ်ခိုင်းပြီး နင် ယူဝတ်တယ်။ ပြီးတော့ ပါးစပ်ကလည်း လျှောက်ရွတ်တယ်။

"ပြီးရင် . . . အနားဖွာနေတဲ့ ဂျင်းဘောင်းဘီစုတ်ကလေးကော။ အင်း . . . ဘွတ်ဖိနပ်အစုတ်လေး၊ လက်မှာဝတ်ဖို့ အရိုးလက်ကောက်တွေ ဘာတွေ၊ ပြီးတော့ အဆွေးသီချင်းလေးတစ်ပုဒ်လည်း လိုမယ်"

"နင် ဘာတွေပြောနေတာလဲ"

ငါ့စကားလည်း အရေးမလုပ်ဘူး။ တွေးလက်စအတွေးကိုသာ အပြတ်မခံဘဲ ဆက်တွေးတယ်။

"အိုး . . . ဟုတ်သားပဲ။ အနက်ရောင် ဦးထုပ်လေးတစ်လုံး။ အဲ့ဒီဦးထုပ်ကလေးကို ခပ်ငိုက်ငိုက်ဆောင်းပြီး ပလက်ဖောင်းပေါ် လျှောက်ရမယ်"



www.burmeseclassic.com

www.burmeseclassic.com

"နင် ဘာတွေပြောနေတာလဲ"

ဒုတိယတစ်ခါ ထပ်မေးတော့မှ နင်က . . .

"ငါ့စိတ်ထဲမှာမြင်တဲ့ မြို့ပြဂျစ်ပစီလေးတစ်ယောက်ရဲ့ပုံကို ပြန်ဖော်ကြည့်နေတာပါ"

ဩော် . . . အဲ့ဒါကြောင့် ဂျင်းဝတ်စုံတွေ၊ ဦးထုပ်ဒိုက်စိုက်တွေ၊ ပလက်ဖောင်းတွေနဲ့ ရှုပ်နေတာကိုး။ တွေးချင်ရာတွေးပြီး နင်က ငါ့ကို ကြည့်လာပြန်တယ်လေ။

"အံမယ်၊ နင့်ဆံပင်လေးနဲ့ဆို ဂျစ်ပစီလုပ်လို့ကောင်းမှာဟ။ ရှည်ရှည်လွင့်လွင့်လေး။ လေတိုက်တိုင်း ဆွေးချင်စရာကောင်းမှာပဲ"

ဆိုပြီး ငါ့မျက်စိရှေ့မှာကျနေတဲ့ ဆံပင်တွေကို တယုတယ ကိုင်ကြည့်နေသေးတယ်လေ။

ငါ့ရဲ့ အရူးမလေးရယ်။ ငါ့ကို နင်လိုအပ်တဲ့နေရာမှာ တွေးပါကွယ်။ ငါဟာ နင့် ဒိုင်ယာရီရဲ့လမ်းကြားမှာ အိပ်စက်ချင်နေတဲ့ တေလေလေးပါကွယ်။

ᨀ ᨀ ᨀ



( ၈ )

တစ်ခါက အနီရောင်ဦးထုပ်ဖားဖားကြီးနဲ့ ဥယျာဉ်ထဲမှာ နင် ဆောက်နေခဲ့သေးတယ်နော်။ ဝေးဝေးကကြည့်နေမိတဲ့ငါက အဲ့ဒီဦးထုပ်ကြီးနဲ့နင့်ကို ရောင်စုံကာတွန်းစာအုပ်ထဲက မှိုပွင့်လေးလို မြင်တယ်။

"မျက်နှာလည်း မကောင်းပါလား"

နင့် အနားဝင်ထိုင်ပြီး ငါက မေးမိတော့ . . .

"အင်းဟာ . . . ငါ့အဖေက မကာခိုင်းလို့ဟ။ နောက်တစ်ပတ်ဆို ငါတို့မေဂျာမှာ မောင်မယ်သစ်လွင်ကြိုဆိုပွဲရှိတယ်ဟ။ အဲ့ဒီမှာ ငါကဖို့ စီစဉ်ထားတာ"

ဘာမှအကြံမပေးတတ်ပေမဲ့ နင့်အပူတွေကို ခွဲယူတဲ့အနေနဲ့ နင့်အနားမှာထိုင်ပြီး ငါလည်း စိတ်ရှုပ်သလို ခေါင်းကုတ်ပေးနေလိုက်တယ်။ ဒီတော့လည်း နင်က . . .



www.burmeseclassic.com

www.burmeseclassic.com

"နင်ကကော ဘာဖြစ်နေတာလဲ"

"နင်စိတ်ညစ်လို့ ငါလည်း လိုက်စိတ်ညစ်နေတာလေ"

"အမ် . . . "

ပြီးမှ နှုတ်ခမ်းပါးပါးလေးနဲ့ တသောသောရယ်တယ်။ ငါ့ကို ကြည့်ပြီးလည်း . . .

"ပျော်တယ် ပျော်တယ်၊ နင်နဲ့တွေ့တိုင်း ငါပျော်ရတယ်"

ပျော်ပါစေ ကောင်မလေးရယ်။ ငါ နင့်ကို အမြဲတမ်းပျော်စေချင်တယ်။ မြေကြီးဟာ ဘယ်တော့မှ မမွှေးပျံ့ခဲ့ဘူး။ ဒါပေမဲ့ မြေကြီးထဲက ထွက်လာတဲ့ ပန်းပွင့်လေးတွေကတော့ မွှေးပျံ့လှပနေတာပဲ။

ငါ့ကိုမြေလိုနင်းပြီး ပန်းလို ပွင့်ပစ်လိုက်စမ်းပါ ယဉ်ရယ် . . .။



ဘာပဲဖြစ်ဖြစ်ပေါ့လေ။ အခုတော့လည်း ငါဟာ နင့်အတွက် အမှိုက်တစ်ယောက်ပဲပေါ့။ ဘယ်တော့မှ စိတ်မပျက်စေရဘူးလို့ ပြောခဲ့ပေမဲ့ နောက်ဆုံးမှာတော့ ငါဟာ နင့်ကို စိတ်ပျက်စေခဲ့ပြီ။

ဒီည ငါတို့မြို့ကလေးမှာ နှင်းတွေကလည်း ကျလိုက်တာနော်။ လှုပ်ခတ်နေတဲ့ သစ်ရွက်တွေဟာ ငါရဲ့ ရင်ကွဲတူရိယာလား။ ယူဇနာမိုးသားအဝေးကနေ အောက်ကိုငုံ့ငေးရင်း အသည်းကွဲနေတဲ့ သိုးမည်းတွေကို တွေ့ရမယ်။

အဲဒါ ငါပေါ့ . . . ။



www.burmeseclassic.com

www.burmeseclassic.com

## (၁)

အိပ်မက်ပင်လယ်ကွေ့တစ်ခုပါပဲ။

ငါတို့တွေ ဆယ်တန်းနှစ်။

မိုးတိမ်တွေကိုတောင် ထုတ်ချင်းဖောက်အောင် စက္ကူမြားနဲ့ လှမ်းပစ်ချင်နေတဲ့ အရွယ်။

ကျောင်းဖွင့်စရက်မှာပဲ သတင်းတစ်ခုက ငါတို့အခန်းထဲကို ရနံ့ငွေ့တစ်ခုလို ပျံ့နှံ့လာခဲ့တယ်။

"ဟော့ကောင် . . . ငါတို့အခန်းကို ယဉ်ယဉ်ပြောင်းလာမှာတဲ့"

"ဘာ (B) တန်းက ကောင်မလေးကို ပြောတာလား"

"အေးလေ . . . သူပဲပေါ့"

ကျောင်းသားတွေရဲ့ တိတ်တခိုးရင်ဘတ်မှာ ဒီသတင်းက ရေပန်းစားနေခဲ့ပါတယ်။ နင် ငါတို့ (A) ခန်းကို ပြောင်းလာတော့မှာပေါ့။ အဲဒီအချိန် ငါရဲ့သူငယ်ချင်းနှစ်ယောက်ဖြစ်တဲ့ မွေးနီနဲ့ လွင်မင်းရောက်လာတယ်။ မွေးနီနဲ့မျက်နှာက တော်တော်ညှိုးနွမ်းနွမ်း ဖြစ်နေတယ်။



"ဒီတစ်ခေါက် အခန်းခွဲတာ အမှတ်နဲ့ကွ။ ငါ (C) ခန်းပြောင်းရတော့မယ်"

စိတ်ဓာတ်ကျသလို ပြောလာတဲ့ မွေးနီကို လွင်မင်းက ပခုံးပုတ်အားပေးတယ်။

"ဘာမှအားမငယ်ပါနဲ့ကွာ၊ စာမရရင် ငါတို့ဆီလာမေးပေါ့"

"ဟာ . . . ငါက စာရရမရရ စိတ်မဝင်စားပါဘူး။ မင်းတို့နဲ့ခွဲရမှာကိုပဲ စိတ်ခုတာ"

"မင်းကလည်းကွာ အတန်းပဲခွဲရတာပါ။ တစ်ကျောင်းတည်းပဲကို ကျောင်းဆင်းချိန်လာခဲ့ပေါ့ကွ"

"ဒါပဲရှိတော့တာပေါ့ကွာ။ ရော့ . . . ရော့ . . . "

ဆိုပြီး ငါနဲ့လွင်မင်းကို ဘော်လ်ပင်တစ်ချောင်းစီ ထုတ်ပေးတယ်။

"လက်ဆောင်ပေါ့ကွာ။ မနှစ်က ငါ ကျောင်းရှေ့ကဆိုင်ကနေ 'ကစ်' ထားတဲ့ ဘောလ်ပင်တွေကွ"

'ကစ်'ထားတယ်ဆိုတာ ခိုးဝှက်ထားတာကို ပြောတာပါ။

"မင်းကတော့ကွာ"

မွေးနီက အရမ်းခင်ဖို့ကောင်းပေမဲ့ ဗီဇဆိုးလေးလည်း ပါလာတဲ့သူပေါ့။ ခိုးရဝှက်ရတာကို သိပ်ခုံမင်တယ်။ ဒါပေမဲ့ စိတ်ရင်းကောင်းပြီး ငါနဲ့လွင်မင်းကို အရမ်းချစ်ရှာတယ်။

မွေးနီက လွယ်အိတ်ကို ခပ်မိုက်မိုက်လွယ်ပြီး အခန်းထဲက ထွက်သွားတော့တယ်။ ဒါပေမဲ့ ချက်ချင်းပဲ အတန်းထဲကို မွေးနီပြန်ပြေးဝင်လာပါတယ်။ ဖိနပ်နဲ့လျှောခနဲစီးပြီး ကာတွန်းကားထဲက စတိုင်လ်နဲ့ ဝင်လာတာပါ။

"ကဲ . . . သူငယ်ချင်းတို့ရေ ဒီလိုကျောင်းဖွင့်စရက်မှာ ထူးခြားတာလေးတွေနဲ့ နှစ်သစ်ကို စဖွင့်လိုက်ရအောင်"

တစ်ခန်းလုံး မွေးနီကို စိတ်ဝင်တစား ကြည့်ကြပါရော။ မွေးနီက



www.burmeseclassic.com

www.burmeseclassic.com

အခန်းတံခါးဝဆီသွားပြီး တစ်စုံတစ်ယောက်ကို သွားချောင်းကြည့်သေးတယ်။ ပြီးမှ အခန်းရှေ့ပြန်လာ၊ ချောင်းတစ်ချက်ဟန့်ပြီး . . .

"သူငယ်ချင်းတို့ကို တိရစ္ဆာန်ရုံသွားစရာမလိုဘဲ သတ္တဝါလေးတွေကို ကြည့်ရအောင် ဖန်တီးပေးမယ်။ ကဲ အခုပထမဆုံးအနေနဲ့ အခန်းထဲကြွလာမှာတော့ သနပ်ခါးလိမ်းထားတဲ့ ရေမြင်းကြီးပဲ ဖြစ်ပါတယ်ခင်ဗျား"

မွေးနီ ကြေညာသံအဆုံးမှာပဲ အခန်းထဲကို ဝင်လာပါတော့တယ်။ ဝင်လာတဲ့သူက မျိုးမြင့်ဝင်းပါ။

မျိုးမြင့်ဝင်းကိုလည်းတွေ့ရော တစ်ခန်းလုံးက ဝိုင်းရယ်ကြတော့တယ်။

"ဟား . . . ဟား . . . ဟား . . . ဟား . . . "

"ဟား . . . ဟား . . . "

မျိုးမြင့်ဝင်းလည်း 'ဘာလဲဟ' ဆိုတဲ့ရုပ်မျိုး ဖြစ်သွားတယ်။ မျိုးမြင့်ဝင်းက ပါးစပ်ပြဲတယ်။ နှာခေါင်းက အပေါ်လန်ပြီး ပွနေတယ်။ ပါးပြင်အလယ်တည့်တည့်မှာလည်း ယင်ကောင်လောက်ရှိတဲ့ ဝက်ခြံဘုကြီးတစ်လုံးလည်း ပေါက်နေတယ်။ ဒါတွေကို ခြုံကြည့်တော့ မွေးနီပြောသလို ရေမြင်းကြီးအတိုင်းပါပဲ။

မျိုးမြင့်ဝင်းက သနပ်ခါးဖို့ထားတဲ့ သူ့ဝက်ခြံဘုကို လက်ညှိုးနဲ့ဖုံးပြီး အားလုံးနဲ့အတူ လိုက်ရယ်တယ်။ (သူ့ကိုကြည့်ပြီး ရယ်တယ်ဆိုတာကို သိပုံမရဘူး)။

"ဟား . . . ဟား . . . အဟဲ"

သူ့ရယ်သံကြားတော့ အားလုံးက ပိုရယ်ကြရော။ မျိုးမြင့်ဝင်းနောက်ဆုံးခုံတစ်ခုံမှာ သွားထိုင်တော့မှ အရယ်ရပ်ကြတော့တယ်။

မွေးနီက အပေါက်ဝနား ပြန်သွားချောင်းပြန်တယ်။ ပြီးတော့ ခုနကအတိုင်း အခန်းရှေ့ပြန်ရောက်လာပြီး . . .

"ကဲ . . . သူငယ်ချင်းတို့ရေ . . . ဒီတစ်ခေါက် အခန်းထဲဝင်လာမှာကတော့ မျောက်တူဝက်တူသတ္တဝါပဲ ဖြစ်ပါတယ်ခင်ဗျား"



အားလုံးရဲ့စိတ်ဝင်စားမှု ဒီဂရီက ဒိန်းခနဲ မြင့်တက်သွားတယ်။ သူတို့ကလည်း ခွေးတူဝက်တူလောက်ပဲ ကြားဖူးတာကိုး။

မွေးနီကြေညာသံအဆုံးမှာ ဝင်လာတဲ့သူကတော့ နွယ်နွယ်ဦးပါ။

"အဟား . . . ဟား . . . ဟား . . . "

"အိုဝိုး . . . ဟား . . . ဟား . . . "

ဝိုင်းရယ်ကြပြန်တယ်။

နွယ်နွယ်ဦး ကြောင်ပြီးရပ်သွားတယ်။ မျိုးမြင့်ဝင်းတုန်းကလိုပဲ နားမလည်ဖြစ်သွားတယ်။ ဒါပေမဲ့ သူ့ကို ဝိုင်းရယ်နေကြမှန်းတော့ နားလည်တယ်။

နွယ်နွယ်ဦးက ဝတယ်လေ။ တော်တော်ကိုဝတယ်။ အသားတိုးဆေးစားထားတဲ့ စည်ပိုင်းကြီးလိုပဲ။ ဒါ့အပြင် အခု နွယ်နွယ်ဦးလွယ်လာတဲ့ ကျောပိုးအိတ်ဒီဇိုင်းက မျောက်ပုံစံဒီဇိုင်းကြီးလေ။

ဒါကြောင့် မွေးနီက မျောက်တူဝက်တူလို့ သမုတ်ပြီး ကြေညာလိုက်တာပေါ့။

နွယ်နွယ်ဦးလည်း ရှက်ကိုးရှက်ကန်းနဲ့ပဲ နီးရာခုံဝင်ထိုင်တယ်။ မွေးနီက အပေါက်ဝကို သွားချောင်းပြန်တယ်။ ပြီးတော့ အခန်းရှေ့ပြန်ရောက်လာပြီး . . .

"ဒီတစ်ခါကြွရောက်မယ့် ပုဂ္ဂိုလ်ကတော့ ဦးမြင်းကျားပဲဖြစ်ပါတယ် ခင်ဗျား"

ဒီတစ်ခါ အခန်းထဲဝင်လာတဲ့သူကတော့ ရုံးခန်းကစာရေး ကိုလှမော်ပါ။ သူ့မျက်နှာက ခပ်ရှည်ရှည်ရယ်။ ပြီးတော့ အဖြူနက်ကျားထားတဲ့ အင်္ကျီကြီးကို ဝတ်ထားတယ်။ ဒါကြောင့် မြင်းကျားလို့ မွေးနီက သမုတ်တာပေါ့။

"ဟား . . . ဟား . . . ဟား"

"ဟား . . . ဟား"



www.burmeseclassic.com

www.burmeseclassic.com

အတန်းထဲကလူတွေ ဝိုင်းရယ်တော့ ကိုလှမော် ကျောတွန့်သွားတယ်။ ချက်ချင်းပဲ အိုးမလုံအုံမလဲဖြစ်ပြီး ပုဆိုးကိုပြင်ဝတ်တယ်။ ပြီးတော့ တစ်တန်းလုံးကို ခြုံကြည့်ပြီး . . .

"ဘာဖြစ်လဲကွာ။ ငါ့ဘာသာငါ ပုဆိုးပေါက်နေတာ။ ကိုယ့်ထမင်းကိုယ်စားတာကွ"

ရှက်ရမ်းရမ်းမှ သူပုဆိုးပေါက်တာပါ အကုန်သိကုန်တော့တယ်။ ဒီတော့မှ တစ်ခန်းလုံး ပိုရယ်ဖြစ်ကြပါရော။

တစ်ခန်းလုံးကလည်း ကိုယ့်ထမင်းကိုယ်စားပြီး ရယ်တာမို့လို့ သူမတားနိုင်ဘူးလေ။ ဘာကိစ္စနဲ့ အခန်းထဲဝင်လာမှန်းမသိတဲ့ ကိုလှမောင်လည်း မျက်နှာမည်းကြီးကနေ မျက်နှာရဲကြီးဖြစ်သွားတဲ့အထိ ရက်ပြီး ထွက်သွားရတော့တယ်။

ဒီနေ့နံနက်တော့ မွေးနီကြောင့် တစ်တန်းလုံး ပွဲကျသွားရပါတော့တယ်။ အတန်းထဲက ခုံအသီးသီးမှာ ကျောင်းသားကျောင်းသူတွေ ဝင်ထိုင်လိုက်ကြတယ်။ ငါနဲ့လွင်မင်းကတော့ တစ်ခုံတည်း အတူထိုင်တယ်လေ။

ကျောင်းသားတွေရဲ့ မျက်လုံးတွေဟာ စာသင်ခန်းရဲ့ တံခါးဝဆီ ငေးနေကြတယ်။ တစ်စုံတစ်ယောက်ကို မျှော်နေကြသလိုပဲ။ အင်း . . . ဆရာမကိုမျှော်နေတာ မဟုတ်တာကတော့ သေချာပါတယ်။

ခဏနေတော့ ဆရာမရောက်လာတယ်။ ဆရာမနဲ့အတူ ငါတို့ (A) ခန်းကိုပြောင်းလာမယ့် ကျောင်းသားကျောင်းသူတွေ ပါလာတယ်။ အဲ့ဒီအခါကျတော့မှ ကျောင်းသားတွေရဲ့မျက်လုံးဟာ အရောင်တစ်မျိုးစီနဲ့တောက်ပလာတော့တယ်လေ။ အခန်းပြောင်းလာတဲ့ ကျောင်းသားကျောင်းသူတွေထဲမှာ သူတို့မျက်လုံးကို တောက်ပသွားစေတဲ့ ကောင်မလေးတစ်ယောက်ပါလာလို့ပါ။

ဒီတော့မှ တိတ်ဆိတ်နေတဲ့အတန်းထဲက ပါးစပ်တွေဟာ လှုပ်ခတ်လာပါတော့တယ်။



"ဟာ . . . ဟိုမှာ . . . ဟိုမှာ . . . "

"အဲ့ဒါလေ ယဥ်ယဥ်ဆိုတာ"

"သူက စာသိပ်တော်တာ"

"အရမ်းလည်း လှတယ်နော်"

အဲ့ဒီလိုအသံတွေ ရောထွေးပွဲတင်ထွက်လာတယ်။

ယဥ်ရေ . . .။ နင့်ကို အားလုံးက မင်းသမီးလေးတစ်ပါးလို စိတ်ဝင်စားကြတာပဲ။ လွင်မင်းကလည်း ငါ့ခြေထောက်ကိုဖိပြီး . . .

"ပိုင်ရေ . . . ကြွေရုပ်ကလေးလို လှတယ်ဆိုတာမျိုး ငါတွေ့နေရပြီ။ ငါတွေ့နေရပြီ"

လို့ အသံပြူးပြူးနဲ့ပြောတယ်။

ငါလည်း နင့်ကို ကြည့်နေမိပါတယ်။

နင်ကတော့ အားလုံးကို အလိုက်သင့်ပြုံးပြပြီး ရှေ့ဆုံးခုံတစ်ခုမှာ ဘာမှမဖြစ်သလိုပုံလေးနဲ့ ဝင်ထိုင်သွားတယ်လေ။

အဲ့ဒီတစ်နေ့လုံး ဘယ်ကျောင်းသားမှ စာစိတ်ဝင်စားကြမယ့်မထင်ပါဘူး။ ကျောက်သင်ပုန်းထက် နင့်မျက်နှာလေးကိုပဲ ကြည့်ချင်နေကြမှာပဲ။ ထမင်းစားကျောင်းဆင်းတော့လည်း နင့်အနားမှာပဲ ရစ်သီရစ်သီနဲ့ ဟိုဟာရှာတာလိုလို၊ ဒီဟာရှာတာလိုလိုနဲ့ လာဝဲကြတဲ့ကောင်လေးတွေ ဘယ်နည်းမလဲ။

ယဥ်ရေ . . . အဲ့ဒီတုန်းက ငါလည်းနင့်ကို စိတ်ဝင်စားခဲ့ပါတယ်။ ဒါပေမဲ့ ကိုယ်နဲ့မရင်းနှီးသေးတဲ့ သေတ္တာသေးသေးတစ်လုံးကို စိတ်ဝင်စားသလိုမျိုးပဲ စိတ်ဝင်စားခဲ့တာပါ။ အထဲမှာ တစ်ခုခုရှိမလားဆိုတဲ့ စိတ်နဲ့ ဖွင့်ကြည့်ချင်တာမျိုးလေ။



www.burmeseclassic.com

www.burmeseclassic.com

# (၂)

ငါတို့ကျောင်းဆောင်ရှေ့မှာ အမည်မသိ ပန်းပင်ကြီးတစ်ပင်ရှိတယ်။ ကျောင်းဝန်းထဲမှာပဲ နေထိုင်တဲ့ ဒေါ်ဖွားရုံဆိုတဲ့ ဆရာမကြီးစိုက်ထားတဲ့ အပင်ပေါ့။ ဆရာမကြီးဟာ သူ့ပန်းပင်ကို သိပ်ဂရုစိုက်ယုယတယ်။ အပင်ကြီးက ခပ်မြင့်မြင့်ဖြစ်လာတဲ့တိုင် သူက စည်းရိုးကွပ်ထားပေးတယ်။

တစ်နေ့မှာတော့ အဲ့ဒီပန်းပင်ကြီးကနေ အနီရောင်ပန်းလေးတစ်ခက် ပွင့်လာပါတော့တယ်။

"ဟယ် . . . လှလိုက်တာ၊ ကြည့်ပါဦး"

"လိုချင်လိုက်တာဟယ်"

"ဘယ်လိုရနံ့လေးများ မွှေးလိမ့်မလဲမသိဘူးနော်"

"အိုး . . .ချစ်စရာပန်းလေး"

ပန်းကလေးပွင့်ပြီးတဲ့နောက် နံနက်ခင်းတွေတိုင်း ပန်းပင်ကလေးအနားမှာ ကျောင်းသူလေးတွေ ဝိုင်းလို့ပေါ့။ ပန်းပွင့်ကလေးကို မက်မက်မောမော မော့ကြည့်ပြီး အဲ့ဒီလိုစကားတွေ ဆိုကြတယ်လေ။



ဒါပေမဲ့ . . .

"အဟွတ် . . . အဟွတ် . . . "

ချောင်းဟန့်သံဂျစ်ဂျစ်ကြီးနဲ့ ဒေါ်ဖွားရုံရောက်လာရင်တော့ အဲ့ဒီပန်းပင်ကလေးအနားကနေ ကျောင်းသူကလေးတွေ ရှဲသွားရတယ်။ ဒေါ်ဖွားရုံက စိတ်ထားဘယ်လိုနေလဲမသိပေမဲ့ အပြောကြမ်း၊ အရိုက်ကြမ်းတဲ့ ဆရာမတစ်ယောက်မှန်းတော့ အားလုံးက သိကြတယ်။ ဒါကြောင့် ဒေါ်ဖွားရုံရှိတဲ့အချိန်ဆို ပန်းလေးကို ခူးဖို့နေနေသာသာ ဘယ်သူမှ လာမကြည့်ရဲတော့ဘူး။

တစ်နေ့မှာတော့ အဲ့ဒီပန်းပင်ကြီးအောက် နှင်လည်းရောက်လာခဲ့တယ်လေ။

"အယ် . . . ပန်းလေးက လိုချင်စရာလေး"

နှင် တခုတ်တရပြောလာတယ်လေ။ ဒါပေမဲ့ နှင့်ဘေးက သက်သက်ကတော့ . . .

"မလိုချင်ပါနဲ့ ယဉ်ရယ်။ ဒီပန်းကလေးကို နှင်အပါအဝင် ဘယ်သူမှပိုင်နိုင်မှာ မဟုတ်ဘူး။ ဟော . . . ပြောရင်းဆိုရင်း ဟိုမှာ ဒေါ်ဖွားရုံလာနေပြီ"

နှင်တို့ သွက်သွက်ထွက်သွားတော့တယ်။

ဒီအဖြစ်အပျက်တွေကို ခပ်လှမ်းလှမ်းက ကျောက်တုံးတစ်တုံးပေါ်မှာထိုင်နေတဲ့ ငါနဲ့မွှေးနီက အကုန်မြင်တာပေါ့။

မွှေးနီက လက်ဖျောက်နှစ်ချက်တီးပြီး အတွေးလွန်နေတဲ့ ငါ့ကိုနှိုးတယ်။

"ဟေ့ကောင် . . . ဘာတွေစဉ်းစားနေတာလဲ"

"ဩော် . . . အင်း"

မွှေးနီက ငါ့ကိုကြည့်ပြီး တဟက်ဟက်ရယ်တယ်။ ပြီးတော့ . . .

"လိုက်တယ် လိုက်ဖက်တယ်"

လို့ ပြောလာတယ်။



www.burmeseclassic.com

www.burmeseclassic.com

"ဘာကိုလဲ"

"ဟဲ . . . ဟဲ . . . မင်းနဲ့ ယဉ်ယဉ်ကိုပြောတာ။ ငါ့စိတ်ထဲမှာ မင်းတို့နှစ်ယောက်ကို သိပ်လိုက်ဖက်တယ်လို့ ခံစားရတယ်"

မွေးနီစကားက ငါ့ကို ပြုံးရကောင်းနိုး၊ မဲ့ရကောင်းနိုး ဖြစ်သွားစေတယ်။

"မင်း ယဉ့်အတွက် ဟိုပန်းခက်လေးကို လိုချင်နေပြီမို့လား"

ငါ ပြန်မဖြေမိဘူး။

"ရပါတယ်ကွာ၊ ငါစီမံပေးပါ့မယ်"

ငါ မွေးနီကို ဖျတ်ခနဲကြည့်လိုက်တော့ မွေးနီက ပါးစောင်ကို ကစ်ခနဲစုတ်ပြီး လက်ကာပြတယ်။ 'အေးဆေးပါကွာ' ဆိုတဲ့သဘော။

"နောက်ထပ်နှစ်ရက်စောင့်ကွာ။ သောကြာနေ့နံနက်ခင်းကျရင် ကျောင်းကွင်းပြင်မှာ နိုင်ငံတော်သီချင်းဆိုရမှာ မဟုတ်လား။ အဲ့ဒီကျမှ ငါတို့ ဒီပန်းပွင့်လေးနဲ့ ပတ်သက်တဲ့ (Plan)ကို လက်တွေ့ လုပ်ဆောင်ကြမယ်"

"ဘယ်လိုလုပ်မှာလဲ။ မင်းမှာ နည်းလမ်းရှိလို့လား"

"စောင့်ကြည့်ပါဆိုကွာ"

မွေးနီက သူပိုင်ပါတယ်ဆိုတဲ့သဘောနဲ့ လက်ပိုက်ပြီး ရင်ကော့ပြတယ်။ ငါကတော့ ပန်းပွင့်လေးကို တစ်ချက်ကြည့်လိုက်၊ နှင့်မျက်နှာလေးဆီ မြင်ယောင်မိလိုက်နဲ့ ဖြစ်နေတယ်။

ငါ့ယဉ်က သိပ်ချစ်စရာကောင်းတာပဲ။



အဲ့ဒီတစ်ရက်နှစ်ရက်အတွင်းကို ငါ သိပ်စိတ်လှုပ်ရှားခဲ့တယ်။ ရောင်စုံစက္ကူကြိုးလေးတွေနဲ့တောင် မကစားဖြစ်ဘူး။ ဒါပေမဲ့ ဂစ်တာကိုတော့ မကြာခဏ ကိုင်ဖြစ်တယ်။ နှင့်ကိုစိတ်ထဲမှာမှတ်၊ လက်က ဂစ်တာကြိုးလေးတွေကို ခတ်လိုက်တိုင်း ထူးခြားတဲ့ သံစဉ်ကလေးတွေ ထွက်ပေါ်လာတယ်။ အံ့ဩစရာပဲနော်။

ဒီလိုနဲ့ သောကြာနေ့ကို ရောက်လာခဲ့ပါပြီ။

မွေးနီမှာထားတဲ့အတိုင်း ကျောင်းကို စောစောလာခဲ့တယ်။ မွေးနီက ပူတင်းပေါင်မုန့်လေး နှစ်လုံးကိုင်ပြီး ငါ့ကိုစောင့်နေခဲ့တယ်။

"ရော့ . . . ငါဈေးထဲက လှုပ်ရှားခဲ့တာ။ မင်းတစ်လုံးစား"

ဆိုပြီး ငါ့လက်ထဲကို ပူတင်းတစ်လုံး ထည့်ပေးတယ်။ မွေးနီပြောတဲ့ လှုပ်ရှားတယ်ဆိုတဲ့ စကားလုံးကို သိတယ်မို့လား။ ခိုးဝှက်လာတာကို ပြောတာလေ။

ငါက လက်ထဲရောက်လာတဲ့ ပူတင်းပေါင်မုန့်လေးကို မစားသေးဘဲ ငုံ့ကြည့်နေတော့ . . .



www.burmeseclassic.com

www.burmeseclassic.com

"ဘာလဲ ခိုးလာတဲ့မုန့်မို့ မစားချင်ဘူးလား"

ငါ ခေါင်းလည်းမညိတ်ချင်၊ ခေါင်းလည်း မခါချင်နဲ့ ငြိမ်နေမိတော့ မွေးနီကပဲ ဆက်ပြီး . . .

"ငါ့လုပ်ရပ်ကို မကြည့်ပါနဲ့။ ငါ့စိတ်ထားကို ကြည့်ပါကွာ။ မင်းကိုစားစေချင်တဲ့ ငါ့စိတ်ထားလေးကိုပဲ တွက်ကြည့်ပေး။ အဆိပ်ပင်ရေလောင်းသလို သူခိုးအားပေးဖြစ်မှာလည်း မစိုးရိမ်နဲ့။ လိပ်ပြာသန့်သန့်ပဲ စားပါကွာ"

ဒီတော့မှ မွေးနီပခုံးကိုဖက်လိုက်ပြီး ပုတင်းကို အလုတ်ကြီးကြီးကိုက်ပြလိုက်တယ်။ ဒီတော့မှ မွေးနီကလည်း လက်ဖျောက်နစ်ချက်တီးပြီးခေါင်းဆတ်ပြတယ်။ သွားရအောင်ဆိုတဲ့ သဘောပေါ့။

ကျောင်းရဲ့အိမ်သာတွေဘက်မှာ ရေကန်တစ်ကန်ဆောက်နေတယ်။ အဲဒီနေရာမှာ အိမ်သာတွေနဲ့ ကျောင်းဆောင်တချို့ကို ဆေးသုတ်နေတဲ့ အလုပ်သမားကြီးတွေလည်း ရှိတာပေါ့။ မွေးနီရဲ့ အစီအစဉ်အရ အဲ့ဒီနေရာကို ငါလိုက်ခဲ့ရတယ်။

ဆေးသုတ်နေတဲ့ အလုပ်သမားကြီးတွေနဲ့တွေ့တော့ မွေးနီက အသင့်ဝယ်လာတဲ့ ဆေးပေါ့လိပ်နဲ့ ကွမ်းယာထုတ်တွေကို ပေးတယ်။ ပြီးတော့ အဲ့ဒီအလုပ်သမားကြီးတွေနဲ့အတူ အိမ်သာတွေကို ဆေးကူသုတ်ပေးကြတယ်။

အလုပ်သမားကြီးတွေကလည်း ငါတို့ကို သဘောကျနေတယ်။ ကျောင်းကို စောစောလာပြီး အများသူငါ အညစ်အကြေးစွန့်တဲ့ နေရာတွေကို အားတက်သရော ဆေးသုတ်ပေးလို့လေ။

မကြာခင်မှာတော့ ကျောင်းတက်ခေါင်းလောင်းသံကိုကြားရတယ်။ ပြီးတော့ ကျောင်းသားကျောင်းသူတွေနဲ့ ဆရာမတွေ တရုန်းရုန်းနဲ့ ကျောင်းနိုင်ငံတော်သီချင်းဆိုရာ ကွင်းပြင်ကြီးဆီ သွားလာကြသံများကိုလည်း ထပ်ကြားရတယ်။ အင်း . . .ပန်းပွင့်ကလေးကို စောင့်ကြပ်နေတဲ့ ဆရာမကြီး ဒေါ်ဖွားရဲ့လည်း အဲ့ဒီနိုင်ငံတော်သီချင်းဆိုတဲ့ ကွင်းပြင်



ကြီးဆီ သွားရရောပေါ့။

မွေးနီက . . .

"တစ်ကျောင်းလုံး ကွင်းပြင်ထဲ ရောက်ကုန်ပြီကွ"

"အင်း . . . "

"ငါတို့ အေးအေးဆေးဆေး ပန်းသွားခူးရုံပဲ"

ခဏလောက်ကြာတော့ အရိပ်အခြည်ကြည့်ပြီး ငါတို့ ပန်းပင်ကြီးဘက် လစ်ထွက်ခဲ့တယ်။ ဆေးသုတ်တဲ့ နှစ်ဖက်ထောက်လှေကားကြီးကိုလည်း မခဲ့ကြတယ်။

ပန်းပင်ကြီးနားရောက်တော့ ဘေးဘီကို စိတ်ချရအောင် အကဲခတ်ရသေးတယ်။ ပြီးမှ လှေကားထောင်ပြီး မွေးနီက တက်ခူးဖို့ပြင်တယ်။

"ဟေ့ကောင် . . . ငါတက်ခူးမယ်လေ"

"ဩော် . . .အေး . . . အေး၊ ဟုတ်သားပဲ။ ယဉ်ယဉ့်ကိုပေးမယ်ပန်းဆိုတော့ မင်းလက်နဲ့ပဲ ခူးရမှာပေါ့"

ငါပန်းကလေးကို တက်ခူးခဲ့တယ်။ မခူးခင် ပန်းကလေးကို သေချာကြည့်မိတယ်။ ပန်းကလေးက သိပ်လှတယ်၊ နင့်လောက်တော့ မလှဘူးပေါ့လေ။ ပန်းကလေးရဲ့ ပွင့်ဖတ်တွေမှာ အဖြူကြောလေးတွေလည်း မြစ်စီးကြောင်းတွေလို ပါဝင်နေတယ်။ နင် အိပ်ချင်မူးတူး ဖြစ်နေတဲ့အချိန်မှာလည်း ဒီပန်းပွင့်လေးလို လှမှာပဲနော်။

"ဟေ့ကောင် . . . ခူးပြီးရင်လည်း မြန်မြန်ဆင်းလာခဲ့ဟ။ အချိန်မရှိဘူး"

"အေး . . . အေး . . . "

မွေးနီက လှမ်းအော်မှ ငါလည်းသတိရပြီး ပန်းကလေးကို အမြန်ပြန်ဆင်းခဲ့ရတယ်။ အောက်ရောက်တော့ ပန်းကလေးကို အိမ်ကကြိုတင်ယူလာခဲ့တဲ့ စက္ကူကြိုးလေးနဲ့ ချည်နှောင်လိုက်တယ်။ လိပ်စာခေါက်တွန့်လေး ချည်လိုက်တယ်။

"ပိုင် မင်းကတော့ သိပ်ကဗျာဆန်နေပြီ"



www.burmeseclassic.com

www.burmeseclassic.com

ဆိုပြီး ပြုံးစေ့စေ့နဲ့ မွေးနီက မှတ်ချက်ပေးသေးတယ်။

ငါ အဲ့ဒီလိုချည်နှောင်ပြီးတော့ စက္ကူကြိုးလေးပေါ်မှာ . . .

"Gniap"

လို့ရေးလိုက်တယ်။

မွေးနီကလည်း အသံထွက်လိုက်ဖတ်ပြီး . . .

"အဲ့ဒါ ဘာအဓိပ္ပာယ်လဲ"

ငါက ပြုံးပြုံးလေးပဲ ခေါင်းခါပြလိုက်တယ်။ ဒီတော့ မွေးနီက ငြိုငြင်တဲ့ မျက်နှာကြီးနဲ့ . . .

"မင်းကလည်း လျှိုနေပြန်ပြီကွာ"တဲ့။

ပြီးတော့ လေကားကြီးကိုခေါက်သိမ်းပြီး ဒီနေရာကခွာဖို့ ပြင်ရတယ်။

အဲဒီအချိန်မှာပဲ . . .

"ဟော . . . ရပ်လိုက်ကြစမ်း"

မွေးနီဆို သိပ်လန့်သွားတယ်။ လေကားကြီးကို ကြောက်အားလန့်အားနဲ့ လွှတ်လိုက်ပြီးမှ အမီပြန်ဖမ်းရတယ်။ ငါလည်း တဒုတ်ဒုတ်နဲ့ ရင်လှိုက်ခုန်သွားရတယ်။ ငါတို့တွေ့လိုက်တာက . . .

"ဆရာမ ဒေါ်ဖွားရုံ"

မွေးနီနှုတ်က တီးတိုးရေရွတ်မိသွားတယ်။

ဒေါ်ဖွားရုံက တီးတိုးရေရွတ်မိသွားတယ်။ ဒေါ်ဖွားရုံက ငါတို့အနားတိုးလာပြီး ငါ့လက်ထဲက ပန်းကလေးကို ဆတ်ခနဲဆွဲယူတယ်။ အို း . . . ပန်းကလေး ကြွေသွားမလား ငါစိုးရိမ်လိုက်မိတယ်။

အခြေအနေမကောင်းဘူး။ မွေးနီက မျက်စပစ်ပြီး ငါ့ကိုထွက်ပြေးဖို့ အချက်ပြပေမယ့် ငါ မပြေးပါဘူး။ လုပ်ရဲတယ်ဆိုကတည်းက ခံရဲစံရဲ တဲ့စိတ်ဓာတ်ကလည်း အသင့်ပါလာသင့်တယ်လို့ ငါထင်တယ်လေ။

"ဘယ်သူခူးတာလဲ"



အသံတောင့်တောင့်ကြီးနဲ့ မေးပြီ။

ငါက မဆိုင်းမတွဘဲ . . .

"ကျွန်တော်ခူးတာပါ ဆရာမ။ ကျွန်တော့်မှာ အပြစ်ရှိပါတယ်"

ဝံ့ဝံ့ရဲရဲ ငါဝန်ခံလိုက်တယ်။

ဒေါ်ဖွားရုံငြိမ်နေရာက တရွေ့ရွေ့တော့ ပြုံးသွားတယ်။ ငါ့ကိုလည်း အစေ့စပ်ဆုံးကြည့်လာပြီး . . .

" 'ပြာပုံတိုးတဲ့သူ' ဆိုတာ မင်းလား"

ငါကြောင်ပြီး တန့်သွားတယ်။ ဟုတ်တယ်။ ကွယ်ရာမှာ တချို့က ငါ့ကို အဲ့ဒီလိုခေါ်ကြတယ်လေ။

"ဗျာ . . . "

ပန်းကလေး ငါ့ကိုပြန်ပေးတယ်။

"ဟင် . . . "

ငါဘယ်လိုမှ မယုံနိုင်ဘူး။ အံ့သြဝမ်းသာလွန်းလို့ ထခုန်မိတော့မတတ်ပေါ့။ ပန်းကလေးကို ငါ မဝံ့ဝရဲယူလိုက်တယ်။

ဆရာမကြီး ဒေါ်ဖွားရုံက လက်ကိုအသာလှုပ်ယမ်းပြီး . . .

"သွားပါ . . . သွားတော့"တဲ့။

ဒီတော့မှ ငါတို့လည်း အပြေးပေါ့။

လမ်းမှာ မွေးနီက ပြောတယ်။

"ဆရာမကြီး ဒေါ်ဖွားရုံက မင်းကိုစာနာလို့ ဒီပန်းလေးပေးလိုက်တာပဲနေမှာကွ။ ဆရာမကလည်း မင်းလို အထည်ကြီးပျက် တစ်ယောက်ပဲ"

"သြော် . . ."

ငါ အဲ့လောက်ပဲ ရေရွတ်နိုင်ခဲ့တယ်။

လောကစံကို ကြမ်းကြမ်းခါးခါး ရင်ဆိုင်ခဲ့ရမယ့် ဆရာမကြီးရဲ့ဘဝကိုလည်း ငါ အခိုက်အတန့် ပြန်တွေးမိသေး။

ဆေးသုတ်တဲ့နေရာရောက်တော့ ငါနဲ့မွေးနီ တစ်ယောက်မျက်နှာ



www.burmeseclassic.com

www.burmeseclassic.com

ကိုတစ်ယောက် သင်္ဘောဆေးတွေနဲ့ တို့ကြသုတ်ကြတယ်။ နိုင်ငံတော် သီချင်းဆိုပြီးလို့ အတန်းထဲပြန်ရောက်တဲ့အချိန်ကျ ဆရာမက 'နင်တို့ ဘာလို့ ကျောင်းကွင်းပြင်ထဲ မလိုက်ခဲ့တာလဲ' လို့မေးရင် ဆေးကူသုတ် နေတာလို့ အကြောင်းပြရမှာမို့လား။ အဲ့ဒီလိုအကြောင်းပြတဲ့ နေရာမှာ သက်သေဖြစ်အောင်လို့ ဒီလိုမျက်နှာကို ဆေးတွေပေနေသယောင် သုတ် ထားတို့ထားရမှာလေ။

အတန်းထဲပြန်ရောက်တော့ နင့်စားပွဲခုံအံဝှက်ထဲမှာ ပန်းကလေး ကို ငါထားပေးလိုက်တယ်။

. . . ပန်းကလေး . . . မင်းရဲ့လှပတဲ့ သခင်မလေးဆီမှာ ပျော်ပျော်နေပါကွယ် . . .။

မကြာခင်မှာပဲ ကျောင်းသားကျောင်းသူတွေ ကျောင်းကွင်းပြင် ထဲက ပြန်လာကြတယ်။ ငါကတော့ နင့်ခုံနဲ့ မလှမ်းမကမ်းမှာ ယောင် လည်လည်လုပ်နေလိုက်တယ်။ နင်ကတော့ ကိုယ့်ခုံကိုယ် ဝင်ထိုင်ပြီး ကျောင်းစာအုပ်ကို ထုတ်ဖို့လုပ်တော့ . . .

"ဟယ် . . . ပန်းကလေး"

တအံ့တသြ ရေရွတ်ပြီးမှ နှုတ်ခမ်းလေးကို လက်ဝါးနဲ့ပြန်အုပ် တယ်။ နံဘေးက သက်သက်ကလည်း ပန်းကလေးကို မြင်သွားတယ်

"ဒါ . . . ဒါ . . . ဟိုပန်းကလေးပဲ"

လေသံကို ထိန်းပြောတယ်။ တခြားသူတွေ သိသွားလို့ ဆရာမ ကြီး ဒေါ်ဖွားရုံကို ပြန်တိုင်ပြောရင် ရှုပ်ထွေးတဲ့အခြေအနေတွေ ဖြစ်သွား နိုင်တယ်ဆိုတဲ့ အသိနဲ့ပေါ့။

နင်ပန်းကလေးကို ကွယ်ကွယ်ဝှက်ဝှက်ကြည့်ပြီး ပြုံးနေတယ် လေ။ ပန်းကလေးကို လက်ဆုပ်လက်ကိုင်နိုးခွင့်ရလို့ ပျော်နေတဲ့ပုံပဲ။ သက် သက်လည်း ဘေးကလိုက်ကြည့်ရင်း . . .

"ရောင်စုံစက္ကူကြိုးလေးနဲ့လည်း လှလှလေးချည်ထားသေးတယ် ဟ"



နင် နှုတ်ခမ်းပါးလေးနဲ့ ဖွယ်ဖွယ်ကလေးပြုံးနေရာက ရုတ်တ ရက် အံ့သြတဲ့မျက်နှာ ဖြစ်သွားသေးတယ်။

'Gniap'ဆိုတဲ့ စကားလုံးလေးကို မြင်သွားလို့မို့လား။

အဲ့ဒီစကားလုံးလေးက ဘာအဓိပ္ပာယ်မှန်းမသိလို့ နင်ခေါင်းကုတ် သွားတယ်လေ။ စဉ်းစားမနေပါနဲ့ ယဉ်ရယ် . . .။ အဲ့ဒီစာလုံးလေးရဲ့ အဓိပ္ပာယ်ကို နင်သိမှာမဟုတ်ပါဘူး။

နင်သိအောင် ပြောပြဖို့လည်း ငါ့မှာအခွင့်အရေး ရှိလာမယ် မထင်ပါဘူး။ ဒါကြောင့် မသိတဲ့အတိုင်းလေးပဲ နေနေလိုက်ပါကွယ်။ တချို့အရာတွေကမသိတာ ပိုကောင်းတယ်မို့လား။

အဲ့ဒီအချိန် ဆရာမဝင်လာလို့ နင်လည်း ပန်းကလေးကို ပြန် ဝှက်ပြီးသိမ်းလိုက်ရသလို ငါလည်းနင့်ကို ခိုးကြည့်နားစွင့်နေရာက ငါ ထိုင်တဲ့ နောက်ဆုံးခုံတန်းကလေးဆီ ပြန်သွားခဲ့ရတယ်။

ယဉ်ရေ . . . ပန်းကလေးကို ရလို့ နင်သိပ်ပျော်နေမှာပေါ့နော်။ ငါက နင့်ထက်တောင် ဆောက်တည်ရာမဲ့အောင် ပျော်မိပါတယ်။ နင့် ဆန္ဒသေးသေးလေးတစ်ခုကို တိတ်တိတ်လေး ဖြည့်ဆည်းပေးနိုင်ခဲ့လို့ ပေါ့။



www.burmeseclassic.com

www.burmeseclassic.com

(၃)

## Bridges

I like a bridge -
Any kind of bridge at all
A great steel bridge
With towers stiff and tall;
An old covered bridge
That span a waterfall;
A hewn - stone bridge
With its rugged floor and wall;
A railroad bridge
Where freight trains slowly crawl;
A wooden bridge,
A cement bridge,
Whether big or small
Yes, I like a bridge -
Just any kind of bridge at all.

James S.Tippett



## တံတားတွေ

ကျွန်တော်ဟာ တံတားကို နှစ်သက်တယ်
ဘယ်လိုအမျိုးအစားမဆိုပေါ့။
ပေါင်တန်းမြင့်မားပြီး မျှော်စင်ပါတဲ့တံတား
ရေတံခွန်ကို ပေါင်းကူးပေးထားပြီး အမိုးပါတဲ့တံတားအို
ကြမ်းတမ်းပြီးမညီညာတဲ့ ကြမ်းပြင်တွေ၊
ကျောက်တုံးတွေကိုဖြတ်ပြီး လုပ်ထားတဲ့ နံရံတွေနဲ့ တံတားတွေ
ကုန်ရထားတွေ ရွေ့ရွေ့ဖြည်းဖြည်း ဖြတ်သန်းသွားတဲ့
ရထားလမ်းတံတားနဲ့ သစ်သား သို့မဟုတ်
အင်္ဂတေတံတားကြီး၊ တံတားငယ်ကလေးတွေ
ဟုတ်တယ် . . . ကျွန်တော်ဟာ တကယ့်ကို
တံတားကို ကြိုက်တဲ့သူပါ
တံတားအားလုံးကို နှစ်သက်တယ်။

ဂျိမ်း.အက်စ်.တစ်ပတ်ထ်



www.burmeseclassic.com

www.burmeseclassic.com

ကံကြမ္မာမိုးရေ ရွဲရွဲစိုနေတဲ့ ကောင်လေးတစ်ယောက်ရဲ့ဘဝမှာ မမေ့နိုင်တဲ့ နေ့တွေလည်း ရှိခဲ့ပါတယ်။ အဲ့ဒီနေ့တွေဟာလည်း ယဉ်ဆိုတဲ့ကောင်မလေးနဲ့ပဲ ဆက်စပ်ဖွဲ့တည်ပြီး ရှိခဲ့ရတာပေါ့။

နင်နဲ့သူငယ်ချင်းဖြစ်ခွင့်ရတဲ့နေ့ကလေးကို ငါမမေ့ဘူးယဉ်ရယ်။

(အဲဒီနေ့ကို နင်းဆီနဲ့ထုတ်သိမ်းပြီး ငါ့ဥယျာဉ်ရဲ့ မျက်နှာကြက်မှာ ဝှက်ထားခဲ့တယ်)

ကဗျာလေးတစ်ပုဒ်နဲ့ ပတ်သက်ပြီး နင်နဲ့ငါ အကျွမ်းဝင်ခဲ့ရတာလေ။

အဲဒီနေ့က ငါတို့အတန်းကို ဆရာက ကဗျာလေးတစ်ပုဒ်သင်ပေးတယ်။ ထူးထူးခြားခြားရယ်တော့ မဟုတ်ပါဘူး။ Text Book ထဲက ပြဋ္ဌာန်းကဗျာလေးပါပဲ။ ကဗျာလေးရဲ့အမည်က (Bridges)တဲ့။

ဆရာက ဘာသာပြန်ပေး ရှင်းပြပေးပြီးတဲ့အပြင် သူ့အမြင်လေးတွေကိုလည်း ပြောပြတယ်။

"ဒီကဗျာလေးက ရိုးရှင်းပေးမယ့် ခံစားလို့ကောင်းတယ်။ ကဗျာဆရာက တံတားတွေကို သိပ်ကိုခုံမင်နှစ်သက်တဲ့အကြောင်း ပြောထားတယ်။ ဒါပေမဲ့ ဘယ်လိုအကြောင်းတွေကြောင့် ကြိုက်နှစ်သက်ရတာလဲတို ရှင်းမပြထားဘူး။ အဲ့ဒီမှာ ချဲ့တွေးသင့်တာလေးတွေ ရှိလာတယ်ကွယ့်"

ဆရာရှင်းပြပုံက လေးနက်ပြီး ဆွဲဆောင်မှုရှိတာမို့ ကျောင်းသားတွေလည်းစိတ်ဝင်တစား နားထောင်နေကြတယ်။ ဆရာက ကျောင်းသားအုပ်ကိုကြည့်ပြီး

"ဘာတွေချဲ့တွေးသင့်တာလည်းဆိုတော့ ကဗျာဆရာဟာ တံတားတွေကို ဘာကြောင့်ကြိုက်သလဲဆိုတာ ရှင်းမပြထားတဲ့အချက်ပဲ။ မရှင်းပြချင်လို့လား၊ မရှင်းပြသင့်လို့လား။ ဒါမှမဟုတ် ရှင်းပြဖို့ ခက်ခဲလွန်းလို့လား။ နောက်ဆုံး ရှင်းပြစရာအကြောင်းပြချက် မရှိလို့လား"

". . . . ."

"ဆရာ့အထင်တော့ အကြောင်းပြချက်ကို မရှိလို့လို့ထင်တယ်။ စိတ်ထဲကကို အလိုလိုကြိုက်မိနေတာလို့ ထင်တယ်။ 'အကြောင်းပြချက်' ဆိုတဲ့စကားလုံးကို ဆရာက 'အကြွင်းမဲ့'ဆိုတဲ့ စကားနဲ့ပြောင်းသုံးချင်တယ်ကွာ။ ဒါဆိုကဗျာဆရာဟာ တံတားတွေကို အကြွင်းမဲ့နှစ်သက်နေမိတာပေါ့။ ဒီလိုမဟုတ်လား"

ဆရာက ဖြည်းဖြည်းချင်းပြောနေတာမို့ ကျောင်းသားတွေအတွေးထဲကို စကားလုံးတိုင်းက တစ်လုံးချင်းစိမ့်ဝင်နေတယ်။ ငြိမ်သက်စီးမျှောနေကြတယ်။ အဲဒီအခိုက်မှာပဲ ဆရာက ဖြောင်းခနဲ လက်ခုပ်တစ်ချက်တီးလိုက်တယ်။

အတွေးကျွံနေတဲ့ ငါတို့ကျောင်းသားတွေကို နှိုးလိုက်တဲ့ သဘောပေါ့။ ဆရာက ခပ်ပြုံးပြုံးနဲ့ဘဲ

"ကဲ . . . ဆရာက ဒီကဗျာလေးကို မှတ်မိလွယ်အောင် **အစီ**အစဉ် တစ်ခုလုပ်ထားတယ်"

". . . . ."

အားလုံးက ဆရာ့အစီအစဉ်ကို မကြားရသေးခင်ပဲ စိတ်လှုပ်ရှား



www.burmeseclassic.com

www.burmeseclassic.com

လာမိကြတယ်။ ဆရာက တစ်ခါတလေ စိတ်ပိုင်းဆိုင်ရာ Game လေးတွေနဲ့ ဖြည့်ပြီးသင်ပေးတတ်တယ်။

"ဆရာ့အစီအစဉ်က Game ပုံစံမျိုးလေးနဲ့လည်း တူချင်တူနေမှာပေါ့။ ဒီ Bridges ဆိုတဲ့ ကဗျာထဲက ကဗျာဆရာက တံတားတွေကို အကြွင်းမဲ့နှစ်သက်သလို တပည့်တို့ဘဝမှာ စိတ်ထဲမှာလည်း ဘာတွေကို အကြွင်းမဲ့နှစ်သက်နေမိသလဲဆိုတာ ထုတ်ပြောရမယ်။ ကဲ . . . စမယ်နော်။ ကဗျာထဲက တံတားတွေနေရာမှာ တပည့်တို့နှစ်သက်တာတစ်ခုကို အစားသွင်းပြောရမယ်"

ဆရာက ချောင်းတစ်ချက်ဟန့်ပြီး . . .

"စဉ်းစားချိန် ငါးမိနစ်ပေးမယ်။ ငါးမိနစ်ပြည့်ပြီးတာနဲ့ တစ်ယောက်ချင်းဆီ ထပြောရတော့မယ်နော်"

ကျောင်းသားတွေ အုတ်အုတ်ကျက်ကျက်စဉ်းစားကြပါတော့တယ်။ အားလုံးရဲ့မျက်နှာတွေမှာလည်း ရင်ခုန်ပျော်ရွှင်နေတဲ့ အရိပ်အငွေ့တွေ ဖွဲ့တည်နေကြပါတယ်။

ငါ့ဘေးနားက လွင်မင်းကလည်းခေါင်းကုတ်လိုက်၊ နှာခေါင်းပွတ်လိုက်နဲ့ အပြင်းအထန်စဉ်းစားနေတယ်။ ငါကတော့ လည်ချောင်းယားလို့ ချောင်းမဆိုးမိအောင် ထိန်းနေရတယ်။ နင်ရှိရာကိုလည်း ငါလှမ်းကြည့်မိပါသေးတယ်။ ကျောပေးလျက်သား အနေအထားမို့ နင့်မျက်နှာကို မမြင်ရပေမဲ့ နင့်ပုံစံက တည်ငြိမ်အေးဆေးနေသလိုပါ။

"ကဲ . . . ငါးမိနစ်ပြည့်ပြီနော် . . . ရယ်ဒီ . . . ဝမ်း . . . တူး . . . သရီး . . ."

ကျောင်းသားတွေ တိတ်ဆိတ်သွားတယ်။ ဆရာ့လက်နဲ့ ညွှန်ပြလို့ အရှေ့ဆုံးခုံက မျက်မှန်ထူထူတပ်ထားတဲ့ မှန်ကြောင်ဆိုတဲ့ ကျောင်းသားကထရတယ်။ ဘာပြောရမှန်း အဆင်သင့်ဖြစ်သေးပုံ မပေါ်ဘူး။ တစ်ခန်းလုံးကို အိုးအိုးအမ်းအမ်း လိုက်ကြည့်နေသေးတယ်။

ပြီးမှ စိတ်ကိုဖွင့်ချလိုက်တဲ့ ပုံစံနဲ့ . . .



"ကျွန်တော်ကတော့ ခုံတန်းလျားတွေကို ကြိုက်ပါတယ်။ ဥယျာဉ်ထဲက မြက်ခင်းစိမ်းစိမ်းလေးတွေပေါ်မှာရှိတဲ့ ခုံတန်းလျားလေးတွေပဲ ဖြစ်ဖြစ်၊ ဘတ်စ်ကားဂိတ်က ခုံတန်းလျားလေးတွေပဲဖြစ်ဖြစ် ကြိုက်ပါတယ်။ တန်ပေါင်ဘေးက ခုံတန်းလျားလေးတွေကိုလည်း ကြိုက်ပါတယ်။ ကျွန်တော်ကတော့ ခုံတန်းလျားအားလုံးကို ကြိုက်နေမှာပါ"

"OK Good"

ဆရာက ချက်ချင်းပဲချီးကျူးပြီး လက်မထောင်ပေးတယ်။ ဆရာထပဲ ဦးဆောင်ပြီး လက်ခုပ်တီးပေးလိုက်သလို . . .

"ဖြောင်း . . . ဖြောင်း . . . ဖြောင်း . . ."

ကျောင်းသားတွေကလည်း လိုက်တီးကြတယ်။

ပြီးတော့ နောက်တစ်ယောက် ထပြောတယ်။ ဒီတစ်ခါ ကျောင်းသူတစ်ယောက်ပါ။ သူကတော့ ကြိုတင်စဉ်းစားပြီးတဲ့ပုံပဲ။ မတွေဝေဘဲ သွက်သွက်လက်လက် ပြောလာတယ်။

"သမီးကတော့"

"ဆရာ့ကို ပြောပြတဲ့ ပုံစံမျိုးနဲ့ မပြောနဲ့သမီး။ ကဗျာထဲဝင်ပြီး ပြောရမှာမို့ ကျွန်မကတော့လို့ ပြောပါ"

ဆရာက ဝင်ထောက်ပြတယ်။ ဒီတော့မှ ကျောင်းသူက ဆက်ပြောတယ်။

"ကျွန်မကတော့ ခွေးတွေကိုနှစ်သက်ပါတယ်။ လုံးဝ မဟောင်တတ်တဲ့ ဟက်စကီအမည်ရှိတဲ့ အက်စကီးမိုးလူမျိုးတွေ မွေးတတ်တဲ့ ခွေးတွေပဲဖြစ်ဖြစ်၊ (Schipperke)စခစ်ပါကီလို့ခေါ်တဲ့ ဘယ်လ်ဂျီယံနိုင်ငံက လှေတွေကို စောင့်ရှောက်ပေးတဲ့ အမြီးမပါတဲ့ ခွေးတွေပဲဖြစ်ဖြစ် ကျွန်မကြိုက်နှစ်သက်ပါတယ်။

လမ်းပေါ်က လေလွင့်ခွေးလေးတွေနဲ့ အိမ်စောင့် အမွေးဖားဖားခွေးလေးတွေကိုလည်း နှစ်သက်တယ်။ နှင်းတောထဲမှာ လူတွေကိုကယ်ရှောက်



www.burmeseclassic.com

www.burmeseclassic.com

ရင် လာကယ်ဆယ်တတ်တဲ့ စိန်ဗားနက်ခွေးကြီးတွေကိုလည်း ကျွန်မ ချစ်ခင်ပါတယ်။ ဟုတ်တယ်။ ကျွန်မဟာ ခွေးတွေကို နှစ်သက်တဲ့သူပါပဲ”

လက်ခုပ်သံဟာ သိပ်ညံသွားတယ်။ ဗဟုသုတရဖွယ်လေးတွေနဲ့ ရောယှက်ပြောသွားတော့ အားလုံးက သဘောကျသွားပါတယ်။

ဒီလို နဲ့ တစ်ယောက်ပြီးတစ်ယောက် သူတို့ကြိုက်တဲ့ အရာတွေကို ထပြောကြတယ်။ နာရီလေးတွေ၊ ဖိနပ်တွေ၊ အိမ်ကလေးတွေ၊ ကမ်းခြေတွေ၊ မီးပွိုင့်တွေကိုလည်း ကြိုက်နှစ်သက်ကြောင်း စသဖြင့် စုံလင်ပါတယ်။ ကိုယ်ကြိုက်တာကိုယ် လွတ်လွတ်လပ်လပ်ပြောလို့ရတာမို့ သူများနဲ့မတူအောင် ရှာကြံပြီး ပြောကြတယ်လေ။

ဒီလိုနဲ့ . . .

ယဥ်ရေ . . . နှင့်အလှည့်ကို ရောက်လာခဲ့ပြီနော်။

ဒါအားလုံးစိတ်ဝင်စားတဲ့ အလှည့်ပဲ။ ခါတိုင်းထက် ခေါင်းတွေ ပိုမတ်လာပြီး ယဥ်ရှိရာကိုကြည့်ကြတယ်။ ငါလည်း နားစွင့်နေမိတယ်။

ယဥ်က မတ်တတ်ရပ်ပြီးပေမဲ့ မပြောသေးဘဲ ခေါင်းမော့ပြီး ခဏစဥ်းစားတယ်။ ခေါင်းထဲမှာ စကားလုံးတွေစဥ်ပြီး မျက်လုံးထဲမှာ အဲ့ဒီစကားလုံးတွေကို သရုပ်ဖော်ပြီး မြင်ကြည့်နေတာနေမှာပေါ့။

တစ်ခန်းလုံး စက္ကူလွင့်သံတောင် မကြားရအောင် ငြိမ်သက်လို့ နှင့်အသံကို နားစွင့်နေကြတယ်လေ။ နှင်က စကားလုံးစဥ်ပြီးမှ ဖြည်းဖြည်းမှန်မှန်လေး ပြောလာပါတယ်။

“ကျွန်မကတော့ ကကြိုးလေးတွေနဲ့ နေထိုင်ရတာကို နှစ်သက်ပါတယ်။ ဝမ်းနည်းတဲ့အခါပဲ ဖြစ်ဖြစ်၊ ဝမ်းသာတဲ့အခါပဲ ဖြစ်ဖြစ် ကျွန်မ ကခုန်ချင်တယ်။ ဟိုး . . . လေတွေတဟူးဟူးတိုက်တဲ့ တောင်စွယ်ထိပ်ဖျားမှာလည် ကချင်တယ်။ ဟိုး . . . ပူလောင်နက်ရှိုင်းတဲ့ ချောက်နက်ကြီးမှာထဲလည်း ကချင်တယ်။ ရောက်စုံသက်တံ စက်ဝိုင်းပြတ်ကလေးပေါ်မှာပဲဖြစ်ဖြစ်၊ စီးဆင်းရှင်သန်နေတဲ့ ရေခဲမြစ်ကြီးရဲ့ကျောပြင်ပေါ်မှာပဲဖြစ်ဖြစ် ကျွန်မ ကခုန်ချင်တယ်။



စတော်ဘယ်ရီ စိုက်ခင်းတွေကြားထဲမှာရယ်၊ လိမ္မော်ပင်တွေကြားထဲမှာရယ်လည်း ကချင်ပါသေးတယ်။ ဟုတ်တယ်။ ကျွန်မဟာ ကခုန်ရတာကို အရမ်းနှစ်သက်တယ်”

ယဥ်ရဲ့စကားအဆုံးမှာ ဆရာကလည်း ပြုံးပြီးကြည့်နေပြီးသားပေါ့။ ဘယ်သူမှ မဦးဆောင်ရဘဲ လက်ခုပ်သံတွေက တစ်ခဲနက်ထွက်ပေါ်လာပါတော့တယ်။ ဆရာကကြည့်သလို အားလုံးကလည်း ဝိုင်းကြည့်ကြတယ်။ ဒါပေမဲ့ ငါထင်ပါတယ်။ နှင့်ကို ယဥ်အဖြစ်မမြင်ဘဲ မိုးပြာရောင်ကချေသည်လေးအဖြစ်ပဲ မြင်ကြလိမ့်တော့မယ်။

ဟုတ်တယ်။ ငါ့မျက်လုံးထဲမှာလည်း ယဥ်က ကခုန်နေတယ်။

ဘုံနန်းပြာသာဒ်တွေရဲ့ ခေါင်မိုးအစွန်းမှာကော၊ ရေတံခွန်တွေရဲ့အောက်မှာကော၊ ဘုရားသခင်နဲ့ မလှမ်းမကမ်းမှာကော၊ ရက်ဒဝုသစ်ပင်ကြီးတွေရဲ့အောက်မှကော . . . ယဥ် . . . ကခုန်နေတယ်။

နှင့်ကကြိုးလေးတွေဟာ လွင့်လျားလှပနေတယ် ယဥ်ရယ်။

နံဘေးက လွင်မင်းက မတ်တပ်ကောက်ရပ်လိုက်တော့မှ ငါ့ကိုယ်ငါ စိတ်ကူးလွန်နေမှန်းသိတော့တယ်။ ကျွံနေတဲ့အတွေးကို ဆွဲနှုတ်လိုက်ရတယ်။

လွင်မင်းကတော့ သင်္ဘောတွေကို ကြိုက်ကြောင်းပြောပါတယ်။ ရှုပ်သင်္ဘောတွေ၊ ရွက်သင်္ဘောတွေ၊ လေသင်္ဘောတွေကော ဖွယ်ဖွယ်ရာရာတော့ ပြောသွားရှာပါတယ်။

လွင်မင်းပြီးတော့ ငါ့အလှည့်ပေါ့။

ဒါကိုသိတဲ့ လူတွေကလည်း ငြိမ်သွားကြတယ်။ ပြီးတော့ လှည့်ကြည့်ကြတယ်။ ယဥ်ပြီးရင် ဒုတိယစိတ်ဝင်စားစရာ အကောင်းဆုံးလူအဖြစ်နဲ့ ငါ့ကို ဝိုင်းကြည့်ကြတယ်။ ဒါပေမဲ့ အကြည့်တွေကတော့ ဘယ်သူလဲ၊ ယဥ်ကိုကြည့်တုန်းက မိုးလိုကြည့်ပြီး ငါ့ကိုကြည့်တော့ မြေလိုကြည့်ကြတယ်လေ။



www.burmeseclassic.com

www.burmeseclassic.com

"သား စဉ်စားပြီးရင်ပြောပါ။ ရဲရဲ ရင်ဖွင့်ပစ်လိုက်"

ဆရာက ငါပြောဖို့ မရဲဘူးဖြစ်နေတယ်အမှတ်နဲ့ ရှေ့ကကျောင်း ပေးတယ်။ တကယ်တော့ ငါကချောင်းဆိုးချင်တာကို အောင့်ထားနေတာ ပါ။ ဒါပေမဲ့ မရတော့ပါဘူး။ တဟွတ်ဟွတ်နဲ့ ငါ ချောင်းတွေဆက်တိုက် ဆိုးလာပါတော့တယ်။ လက်ကိုင်ပဝါနဲ့ အုပ်ပြီးဆိုးပေမဲ့ အတန်းထဲက တော်တော်များများက နှာခေါင်းအုပ်ကြ၊ မျက်နှာအုပ်ကြနဲ့ အဖြစ်သည်း ပြကြတယ်။

ချောင်းဆိုးသံရပ်သွားမှ အားလုံးရဲ့အကြည့်ကို သပ်ဖယ်လိုက် တယ်။ ပြီးတော့မှ ငါ . . .

"ကျွန်တော်ကတော့ မျက်ရည်တွေကိုကြိုက်ပါတယ်"

". . . . ."

". . . . ."

ငါ့စကားကိုကြားတော့ အားလုံး ဆွံ့အ,အသူတွေလို ဖြစ်သွား ကြတယ်။ ခဏလောက်ငြိမ်သွားပြီးတော့မှ နှာခေါင်းရှုံ့သူကရှုံ့၊ မျက် မှောင်ကုတ်သူက ကုတ်ကြတယ်။ ဒါတွေကို သတိထားမိပေမဲ့ ဆရာ က . . .

"ဆက်ပြောပါ"

ငါ သွေးအေးအေးနဲ့ပဲ ဆက်ပြောလိုက်တယ်။

"ကျွန်တော်ကတော့ မျက်ရည်တွေကို နှစ်သက်ပါတယ်။ ရုပ်တု တွေရဲ့ မျက်လုံးတွေကကျလာတဲ့ မျက်ရည်ကိုလည်း နှစ်သက်တယ်။ အမေဈေးက ပြန်မလာသေးလို့ ငိုကြွေးနေတဲ့ ကလေးလေးရဲ့ မျက်ရည် တွေကိုလည်း နှစ်သက်တယ်။ အထီးကျန်နေတဲ့ သိုးကျောင်းသားလေးရဲ့ မျက်ရည်တွေကိုလည်း နှစ်သက်တယ်။ နံရံကိုကုတ်ခြစ်ပြီး ချစ်သူကောင်မ လေးရဲ့နာမည်ကို စာလုံးပေါင်းနေရှာတဲ့ အကျဉ်းသားလေးတစ်ယောက် ရဲ့ မျက်ရည်တွေကိုလည်း နှစ်သက်တယ်။



ဆိပ်ကမ်းတွေ၊ ဘူတာတွေ၊ လေယာဉ်ကွင်းတွေမှာ တွေ့ရတဲ့ လမ်းခွဲနှုတ်ဆက်သူတွေရဲ့ မျက်ရည်တွေကိုလည်း နှစ်သက်တယ်။ ဟုတ်ပါတယ်။ ကျွန်တော်ဟာ မျက်ရည်အားလုံးကို နှစ်သက်သူပါပဲ"

စကားဆုံးတော့ ဆရာက ငါ့ကို ပြေပြေလျော့လျော့ ကြည့်တယ်။ ပြုံးမှပြုံးလာပြီး လက်ခုပ်တီးတယ်။

ဆရာကဦးဆောင်တီးတာမို့ အားလုံးက လိုက်တီးကြတယ်။ ဒါပေမဲ့ လက်ခုပ်သံတွေက ပြတ်တောင်းပြတ်တောင်းနဲ့ . . .။

ငါ နေရာမှာ ပြန်ထိုင်တော့ တစ်ခုခုကို သတိထားမိလိုက်တယ်။ မျက်ဝန်းတစ်စုံ ငါအမြန်ဆုံး အဲဒီမျက်ဝန်းအစုံကို ပြန်ရင်ဆိုင်လိုက်တော့ နင့်မျက်နှာကလည်း ရှေ့ကို အမြန်ပြန်လှည့်သွားတယ်။ နင် ငါ့ကိုကြည့် နေတာပဲ။ ဘာလို့ကြည့်နေတာလဲ။ နင့်အကြည့်ကကော ဘယ်လိုလဲ။ လူအများက ငါ့ကိုကြည့်တတ်ကြတဲ့ (လုံတစ်ချောင်းကို ကိုင်မြှောက်ပြီး ခြိမ့်မိမ့်နိမ့်ကို ကြည့်တဲ့) အကြည့်လိုမျိုးပဲလား။

"သား . . . ဆရာနဲ့ ခဏလိုက်ခဲ့ပါ"

ဆရာက ငါ့ကိုခေါ်တော့ အားလုံးက ဝိုင်းကြည့်ကြပြန်တယ်။ ငါ ခုံကထွက်ပြီး ဆရာ့နောက်လိုက်ခဲ့တယ်။ ဆရာက ဆရာဆရာမ နားနေခန်းကို ခေါ်သွားတာပါ။

ဆရာကငါ့ကို သူ့စားပွဲရှေ့က ခုံမှာထိုင်စေတယ်။ ပြီးမှမေး တယ်။

"သားက ဘာဖြစ်လို့ မျက်ရည်တွေကို ကြိုက်ရတာလဲ"

". . . . ."

"အင်း . . . မျက်ရည်တွေကို ကြိုက်တာတော့ အကြွင်းမဲ့မဖြစ် နိုင်ဘူး။ နောက်ခံအကြောင်းတော့ ရှိရမှာပေါ့"

ငါ အတတ်နိုင်ဆုံး ဖြေချင်သလောက် ဖြေပေးခဲ့ပါတယ်။

"မျက်ရည်ဆိုတာ ငိုကြွေးခြင်းရဲ့ သင်္ကေတပါဆရာ။ လူတွေ ဟာ နာကျင်ဝမ်းနည်းရဲ့ အထွတ်အထိပ်အနေနဲ့ ငိုကြွေးကြတယ်။ ဒါပေမဲ့



www.burmeseclassic.com

www.burmeseclassic.com

အဲ့ဒီလို ငိုကြွေးပြီးတဲ့ အခါမှာတော့ စိတ်မှာအထိုက်အလျောက် ပြန်သွေးအေးသွားတတ်တယ်။ ဒါကြောင့် ငိုတယ်ဆိုတာ အနာထဲက ပြည်တွေကို ညှစ်ထုတ်တာမျိုးပဲလို့ ကျွန်တော် ယူဆမိတယ်။ မျက်ရည်ဆိုတာ ကျွန်တော်တို့ ရင်တွင်းဒဏ်ရာရဲ့ ပြည်တွေပဲပေါ့ ဆရာရယ်။ ဒါကြောင့် ကျွန်တော် ငိုရတာကို နှစ်သက်တယ်။ မျက်ရည်တွေကို ကြိုက်တယ်"

ငါ ဒီလောက်ပဲပြောချင်တာမှန်းသိလို့ ဆရာက ဆက်မမေးတော့ပါဘူး။ နှစ်သိမ့်တဲ့ သဘောမျိုးလေးတွေတော့ ပြောပါသေးတယ်။

"သား ကျောင်းတက်ရတာ အဆင်ပြေပါတယ်နော်"

"ဟုတ်ကဲ့"

"တစ်ကိုယ်တည်းသမားဆိုတော့ စားဝတ်နေရေးကရော"

ဆရာက ငါ့ဘဝအကြောင်း အထိုက်အလျောက်သိလို့ ဒီလိုမေးတာပါ။ အင်း . . . တကယ်တော့လည်း ဒီမြို့ကလေးမှာ ငါတို့အိမ်အကြောင်း မသိတဲ့သူ ဘယ်သူရှိမှာလဲလေ။

"ဟုတ်ကဲ့ အဆင်ပြေပါတယ်။ အဖေအသက်ရှိစဉ် တစ်လျှောက်လုံး မြို့လယ်က ဘုရားကျောင်းကြီးမှာ အများကြီး ထောက်ပံ့လှူဒါန်းပေးခဲ့ပါတယ်။ အဲဒါကြောင့် အခု ဘုရားကျောင်းကလည်း ကျွန်တော့်ကို ပြန်ကျွေးမွေးထားပါတယ် ဆရာ။ နေတာကတော့ ကျွန်တော့်အိမ်မှာပဲ ကျွန်တော်နေပါတယ်"

"ဟို . . . မီးတစ်ခြမ်းလောင်ထားတဲ့ အိမ်ကြီးကို ပြောတာလား"

ငါ ခေါင်းညိတ်လိုက်တယ်။ ဆရာကလည်း ငါ့ဘဝကို ကိုယ်ချင်းစာသလိုနဲ့ ခေါင်းတဆတ်ဆတ်ညိတ်ပြီး . . .

"တစ်ခုခုအခက်အခဲရှိရင် ဆရာ့ကိုပြောကွာ"

"ဟုတ်ကဲ့ ကျေးဇူးပါဆရာ"

နောက်တော့ ဆရာကပြန်လွှတ်လို့ ငါထွက်ခဲ့တယ်။ ဒါပေမဲ့ အထွက်တံခါးနားရောက်ခါနီးမှာပဲ ဆရာ့ဘေးနားက ဆရာမတစ်ယောက် ဆရာ့ကို လှမ်းပြောတာကို ငါကြားလိုက်ရသေးတယ်။

"အဲ့ဒီကျောင်းသားပေါ့ ဆရာရယ်။ 'ပြာပုံတိုးတဲ့ကောင်' လို့ နာမည်ကြီးနေတာလေ" တဲ့။

ငါ သိပ်စိတ်ပျက်သွားတယ်။

စိတ်နောက်နောက်နဲ့ပဲ ဆက်လျှောက်လာရင်း ငါ့မျက်နှာအေး အနဲ့ ခံစားလိုက်တယ်။ ဒါ တစ်ယောက်ယောက်က လေနဲ့မှုတ်လိုက်တာ ကို ငါသိလိုက်တယ်။ ခပ်ငိုက်ငိုက်ဖြစ်နေတဲ့ ခေါင်းကိုထူပြီး မော့ကြည့်လိုက်တော့ လည်နေတဲ့ လေစကြာလေးကို အရင်မြင်ရတယ်။ ပြီးတော့ လေစကြာကို ကိုင်ထားတဲ့ လက်ကလေး။ လက်ကလေးရဲ့ ပိုင်ရှင်ကို ကြည့်တော့။

"ဟင် . . . ယဉ် . . ."

နင်က ငါ့ကို စိုက်ကြည့်နေတယ်လေ။ အဲ့ဒီအကြည့်က ထူးဆန်းတဲ့ သတ္တဝါတစ်ကောင်ကို ကြည့်သလိုမျိုးပေါ့။

"နင့်နာမည် ပိုင်ဟုတ်လား"

"အင်း . . ."

ဒါပေမဲ့ ငါပိုင်တာ ဘာမှမရှိ။

"နင်က ဘာလို့ မျက်ရည်တွေကို ကြိုက်တာလဲ"

ငါပြုံးပြီး ပြန်ကြည့်လိုက်တယ်။ ဒီလိုမေးတယ်ဆိုတာ နင်ငါ့အကြောင်းကို အထိုက်အလျောက် စိတ်ဝင်စားတယ်လို့ ဖော်ပြတာပဲ ဟုတ်လား။

ဆရာ့ရှေ့မှာတောင် မဖြေဖြစ်ခဲ့တဲ့စကားကို နင့်ရှေ့မှာ ငါဖြေဖြစ်တယ်လေ။

"ငါပြီးခဲ့တဲ့ နှစ်တချို့တုန်းက အရမ်းငိုခဲ့ရတယ်လေ"

" . . . ဩော် . . ."

နင့်မျက်နှာ ထွေးထွေးလေးဖြစ်သွားတယ်လေ။ စိတ်မကောင်း ဖြစ်သွားတဲ့ပုံပဲ။





www.burmeseclassic.com

www.burmeseclassic.com

ပြီးတဲ့နောက် ကိုယ့်လမ်းကိုယ် ဆက်လျှောက်ခဲ့ကြတယ်။ ဒါပေမဲ့ တစ်လမ်းတည်းပဲဖြစ်နေတော့ အတူတူတွဲ လျှောက်ခဲ့ရပြန်တာပေါ့။

"မျက်ရည်တွေကိုတော့ မကြိုက်သင့်ပါဘူးဟာ" တဲ့။

ငါ ဘာမှ ပြန်မပြောဖြစ်ခဲ့ဘူး။

ဒါပေမဲ့ ထူးဆန်းတယ်နော်။ အဲ့ဒီတစ်ရက်ပြီးတော့ နင်က ငါ့ကို မကြာခဏ စကားတွေလာပြောတယ်။

ဒီလိုနဲ့ပဲ ငါတို့သူငယ်ချင်း ဖြစ်ခဲ့ရတယ်နော်။



ကျွန်တော်ဟာ
အပ်ပေါက်ရာလေးပါ
ပတ်ဝန်းကျင်ထဲ
ပြုတ်
မ
ကျ
ခင်
တုန်း
က
ငုံစ



www.burmeseclassic.com

www.burmeseclassic.com

# (၄)

| | | | |
|---|---|---|---|
| FAMILY | F | = | Father |
| | A | = | And |
| | M | = | Mother |
| | I | = | I |
| | L | = | Love |
| | Y | = | You |

(Family)ကို အဲ့ဒီလို အဓိပ္ပာယ်ဖွင့်ထားတယ်ဖေဖေ။

အဲ့ဒီစာလုံးတွေထဲမှာ မိထွေးဆိုတဲ့စာလုံး မြူကွဲစလေးလောက်တောင် မပါပါဘူး။

ဒါ့ကြောင့် သားတို့မိသားစုအကြောင်းပြောတဲ့အခါ ဖေဖေရဲ့နောက်မိန်းမအကြောင်း အရေးတယူမပါခဲ့ရင် ဖေဖေတာမလွန်က စိတ်မဆိုးပါနဲ့နော်။

ဒီမြို့ကလေးမှာတော့ ငါတို့အိမ်အကြောင်းကို မသိသူရှိမှာမဟုတ်ပါဘူး။ ခေါင်းလောင်းသံတွေ၊ ပန်းခင်းတွေနဲ့ သာယာလှတဲ့ မြို့ကလေးမှာ ငါတို့မိသားစုရဲ့ သတင်းကတော့ ရုပ်ဆိုးလွန်းပါတယ်။



ငါ ကိုးနှစ်သားမှာ မေမေဆုံးသွားတယ်။ မေမေနဲ့အတူ ကစားခဲ့ရတဲ့ အချိန်တွေကို ငါ သိပ်လွမ်းတယ်။ မေမေက ရောင်စုံစက္ကူတွေကို ကြိုးစလေးတွေဖြစ်အောင် ညှပ်တယ်။ ပြီးတော့ အဲ့ဒီစက္ကူကြိုးလေးတွေနဲ့ သွယ်ယှက်ချိတ်ဆက်ပြီး ငါ့ကို အရုပ်အမျိုးမျိုးလုပ်ပြခဲ့တယ်။ မေမေမရှိတော့ပေမဲ့ ရောင်စုံစက္ကူကြိုးလေးတွေကတော့ ငါ့တစ်ခန်းလုံးရှုပ်ကျဲနေအောင် ကျန်နေသေးတယ်။ အကျီကြယ်သီးတွေကို သေသေချာချာလေးတပ်ဖို့ မှာကြားရင်း မေမေသေဆုံးသွားခဲ့တာပါ။

ငါ့အသက်တစ်ဆယ့်သုံးနှစ်မှာတော့ ငါ့အဖေဆုံးခဲ့တယ်။ ငါ့အဖေဆုံးရတဲ့ရောဂါကို ပြောပြရင် လူအများစုက နှာခေါင်းရှုံ့ချင်ကြမယ်။ ဟုတ်တယ်။ ငါ့အဖေ 'အေအိုင်ဒီအက်စ်' နဲ့ဆုံးတာ။ ငါ့အဖေဆုံးတော့ ငါတို့မျိုးရိုးစဉ်ဆက် ကြွယ်ဝလာတဲ့ စည်းစိမ်တွေကို အဖေ့ရဲ့မိန်းမက အကုန်ယူသွားတယ်။ အဖေ့ရဲ့မိန်းမဆိုတာ ငါ့မိထွေးပေါ့။ ငါ့အမေဆုံးပြီး နှစ်နှစ်လောက်မှာ ငါ့အဖေထပ်ယူခဲ့တဲ့ မိန်းမလေ။

အိမ်က တခြားအဖိုးတန်ပစ္စည်းတွေကို အစေခံတွေက အမဲဖျက်သလိုဖျက်ယူပြီး ထွက်ပြေးကြတယ်။ ငါ့အဖေ သိပ်ယုံတဲ့ လူယုံကြီးက အဆိုးဆုံးပေါ့။ လိုချင်တာယူပြီးတော့ အရက်မူးမူးနဲ့ အိမ်ကိုတောင် မီးရှို့ခဲ့သေးတယ်။ အိမ်နီးနားချင်းတွေ ဝိုင်းငြိမ်းလို့ အိမ်ကြီး ပြာအတိမဖြစ်ခဲ့တာပါ။ ဒါပေမဲ့ တစ်ခြမ်းကတော့ မီးသင့်လို့ မည်းခြောက်ခဲ့ရပြီ။ (မီးတစ်ခြမ်းလောင်ထားတဲ့ အိမ်ကြီးဆိုပြီး ငါတို့မြို့မှာ နာမည်ကြီးတယ်)

အဆိုးဆုံးကတော့ ဒီလိုမီးရှို့တာကို ငါရှို့တာလို့ ဝိုင်းစွပ်စွဲကြတာပဲ။ အဖေမရှိ၊ အမေမရှိ၊ ငွေမရှိတဲ့ဘဝမို့ စိတ်ဖောက်ပြီး ဒီလိုလုပ်တာလို့ ဝိုင်းသမုတ်ကြတယ်။ အဲဒီတုန်းက ငါငယ်သေးတယ်။ ပြီးတော့ လူတွေကိုလည်း သိပ်ကြောက်တတ်သေးတယ်။ ကိုယ်မှန်တာ သေချာရက်နဲ့တောင် မရဲရင့်နိုင်သေးတဲ့အရွယ်။

အဲဒီနှစ်ပိုင်းအတွင်း ငါအရမ်းငိုခဲ့ရတယ်လေ။ ကြွက်တွေ၊ ပိုးဟပ်တွေပဲရှိတော့တဲ့ အိမ်ကြီးထဲမှာ မျက်လုံးတွေကျိန်းစပ်နေအောင် ငါငိုခဲ့



www.burmeseclassic.com

www.burmeseclassic.com

ရတာယ်။ ချော့မယ့်သူလည်း မရှိဘူး။ ကွယ်ရာမှာငါ့ကို 'ပြာပုံတိုးတဲ့ကောင်' လို့ ခေါ်ကြတာကိုလည်း ငါကြားရတယ်။ 'ပြာပုံတိုးတဲ့ကောင်' ဆိုတာ ဘယ်သတ္တဝါနဲ့ခိုင်းနှိုင်းထားတဲ့ စကားလုံးမှန်း လူတိုင်းသိတာပေါ့။ တကယ်ဆို ဒါတွေက ငါပညာမတတ်လို့၊ ဉာဏ်နိမ့်မိုက်မဲခဲ့လို့ အဖြစ်ဆိုးခဲ့ရတာမှမဟုတ်တာ။ ကံကြမ္မာကကို သက်သက်မဲ့ တစ်ဖက်စောင်းနင်းသွားတာပဲ။ ငါက ဘာတတ်နိုင်မှာလဲ။

ငါ့မှာ ငယ်ငယ်ကတည်းက ချောင်းဆိုးရောဂါရှိတယ်။

"အဟွတ် . . . အဟွတ် . . ."

လူကြားထဲ ငါချောင်းဆိုးမိရင် . . .

"ဟော . . . တွေ့လား၊ သူ့အဖေလိုပဲ ဖြစ်နေပြီထင်တယ်"

"အင်း . . . 'အေ' ဆိုတာ သိပ်ကြောက်ဖို့ကောင်းတယ်။ ဝေးဝေးနေ"

လူတွေက ငါချောင်းဆိုးသံကို ငရဲရထားသံလို ရွံရှာကြတယ်။ ငါ့ကို ငါ့အဖေလို့ရောဂါမျိုး ရှိနေပြီလို့ ဝိုင်းထင်ကြတယ်။

မတော်တဆ သူတို့နဲ့ဝင်တိုက်မိရင်တောင် . . .

"ဟာ . . . သွားပြီ "

ဆိုပြီး ဝင်တိုက်မိတဲ့နေရာကို ပျာပျာသလဲ ခါထုတ်ကြတယ်။ ငါ့အသားနဲ့ထိမိတာကို သူတို့မနှစ်မြို့ကြဘူးလေ။

ဒီလိုလူတွေနဲ့ တစ်မြေတည်းနေပြီး တစ်လေတည်း ရှူနေရတဲ့ ဒုက္ခက သိပ်နာကျည်းစရာပေါ့။ ဒါပေမဲ့ အခုတော့လည်း ဒီလိုနဲ့ပဲ ငါ နေတတ်ခဲ့ပါပြီ။

ထားလိုက်ပါတော့လေ။

ယဉ်ရေ . . .

ဒီလိုပဲ ငါ့ဘဝကြီးဟာ ရာရှယ်ဖလင်ရဲ့ ဝက်သစ်ချတောရေဆေးပန်းချီကားတစ်ချပ်လို ဖြိုင်ရွှဲရွှဲကြီး လှပနေခဲ့တယ်လေ။



ဘာဖြစ်ဖြစ် ငါ့မှာသူငယ်ချင်းကောင်း နှစ်ယောက်ရှိသေးတာပဲ။ ခိုးဝှက်ရတာကိုနှစ်သက်တဲ့ မွေးနီရယ်၊ အူတူတူနဲ့နေတတ်တဲ့ လွင်မင်းရယ်ကြောင့် ငါ သိပ်အထီးမကျန်ခဲ့တာပေါ့။

"ဟိုတစ်နေ့က ငါတို့အခန်းကိုလဲ bridges ကဗျာသင်တယ်ကွ။ မင်းတို့အခန်းလိုပဲ ကိုယ်ကြိုက်တဲ့ဟာ အစားသွင်းပြီး တစ်ယောက်ချင်းဆီ ထပြောရတယ် "

မွေးနီကပြောပြနေတာပါ။

"ဟုတ်လား . . . မင်းကဘာပြောလိုက်လဲ "

"ငါကလား . . . ဟား . . . ဟား"

ပြောဖို့ပါးစပ်ပြင်ရင်းနဲ့ပဲ တစ်ချက်ရယ်သေးတယ်။ ပြီးမှ . . .

"ဆရာက စိတ်ထဲရှိတဲ့အတိုင်းပြောဆိုတော့ ငါလည်း ပြောလိုက်တာပေါ့။ ဟား . . . ဟား . . . ကျွန်တော်ကတော့ ခိုးရတာကြိုက်ပါတယ်လို့။ ထဘီခိုးတာပဲဖြစ်ဖြစ်၊ သရက်သီးခိုးခူးတာပဲဖြစ်ဖြစ်ကြိုက်ပါတယ်လို့။ မိန်းမခိုးရရင်တော့ ရင်အခုန်ဆုံးဖြစ်မှာပဲလို့ ပြောလိုက်တာ။ ဟား . . . ဟား . . . "

"မင်းတကယ်အဲ့ဒီအတိုင်း ပြောလိုက်တာလား"



www.burmeseclassic.com

www.burmeseclassic.com

"အေး . . . တကယ်ပြောလိုက်တာ။ အဲ့ဒါနဲ့ ဆရာက ငါ့ကို ရုံးခန်းခေါ်သွားရောလေ"

"အာဃကောင်ပဲ"

လို့ ငါကမှတ်ချက်ပေးတော့ မွေးနီက . . .

"ဘယ်ရမလဲ . . . ပိုင်ရ၊ ငါကလည်း ရုံးခန်းထဲက ကျောင်းအုပ်ကြီးရဲ့ ဆံပင်ဆိုးဆေးပုလင်းကို ပြန်ခိုးလာခဲ့တာပေါ့။ ဟား . . . ဟား"

ငါရယ်တော့တာပေါ့။

လွင်မင်းကတော့ ငါတို့ပြောတဲ့စကားတွေကို စိတ်မဝင်စားဘဲ မှန်ပြောင်းတစ်လက်နဲ့ ဟိုဒီကြည့်နေတယ်။

အဲ့ဒီတုန်းက ငါတို့ ဥယျာဉ်ဟောင်းလေးထဲက ကျောက်ရုပ်ကြီးအောက်မှာ ထိုင်နေကြတာလေ။

"ဟာ . . . ဟိုမှာ . . . ဟိုမှာ . . ."

မှန်ပြောင်းတကားကားနဲ့ ဟိုဒီကြည့်နေတဲ့ လွင်မင်းက အံ့သြတကြီး အော်လာတယ်။

"ယဉ်ယဉ် . . . ယဉ်ယဉ်ကွ . . . ယဉ်ယဉ်လာနေတာကွ"

ဆိုပြီး မှန်ပြောင်းကြီးကို အောက်ချပြီး အားရဝမ်းသာစွာနဲ့ ရှေ့ကိုလှမ်းကြည့်တယ်။

ငါနဲ့မွေးနီလည်း လွင်မင်းကြည့်တဲ့ နေရာလိုက်ကြည့်တော့ ဟုတ်တယ်။ ဟိုရှေ့က ကောင်မလေးတစ်ယောက် လမ်းလျှောက်လာတာကို မှုန်ပျပျ မြင်နေရတယ်။

မွေးနီကလည်း ဝမ်းပန်းတသာနဲ့ . . .

"ဟာ . . . တကယ် ယဉ်ယဉ်လာနေတာပဲ။ ပိုင်ရေ . . . ခွင်ဝဲကွ"

ဆိုပြီး လွင်မင်းရဲ့လက်ကို ဆွဲဖမ်းတယ်။

"လာ . . . လာ . . . လွင်မင်း . . . တခြားနေရာဒိုးမယ်"

လွင်မင်းက မျက်မှောင်ကုတ်ပြီး . . .



"ဘာဖြစ်လို့လဲ"

"ဟာ . . . မင်းကလည်း ရူပြန်ပြီ။ ငါတို့ရှောင်ပေးရမယ်လေ လာစမ်းပါကွ"

"ဟာ . . . ငါလည်း . . ."

လွင်မင်းပြောချင်ရာ မပြောလိုက်ရ။ မွေးနီ ဇွတ်အတင်းခေါ်သွားလို့ တောင့်တောင့်ကြီး ပါသွားတော့တယ်။

"ဟေ့ကောင်တွေ . . . ဘာရှောင်ပေးစရာလိုလို့လဲကွ။ ငါနဲ့သူက ဘာမှမဟုတ် . . ."

ငါလည်း ပြောလို့ တားလို့ မဆုံးလိုက်ဘူး။ ကိုယ့်ကောင်တွေက ဟိုးဝေးဝေးရောက်သွားပြီ။ တကယ်တော့လည်းလေ . . . ငါလည်း သူတို့နဲ့အတူ ပြေးလိုက်သွားရင် ရသားပဲ။ ဒါပေမဲ့ နင် ဒီဥယျာဉ်ထဲလာနေတယ်ဆိုတဲ့အသိက ငါ့ကို ဒီနေရာမှာပဲ ဆက်ထိုင်နေစေခဲ့တယ်။

နင်တရွေ့ရွေ့လျှောက်လာရင်း ငါ သဲသဲကွဲကွဲ မြင်ရတဲ့ နေရာရောက်မှ ဒီလိုလမ်းလျှောက်လာတာ နင်တစ်ယောက်တည်း လျှောက်လာတာ မဟုတ်မှန်းသိတော့တယ်။ ဘေးမှာ တခြားတစ်ယောက်ပါလာတယ်လို့ ပြောတာမဟုတ်ပါဘူး။ လက်ထဲမှာ တစ်စုံတစ်ရာပါလာတယ်လို့သာ ပြောချင်တာပါ။

"ဟင် . . ."

ငါ့ကိုမြင်တော့ ခြေလှမ်းကလေး ဆန့်လျက်တန့်သွားတယ်လေ။ လက်ထဲကလေစကြာလေးကတော့ လည်လို့ပေါ့။

ငါ ခပ်နွေးနွေးပြုံးပြတော့ နင်ကလည်း ပြန်ပြုံးပြတယ်လေ။ ပြီးတော့ ငါ့အနားကို ဖြည်းဖြည်းချင်းလျှောက်လာပြီး ဝင်ထိုင်တယ်။ ဒီလိုအတူထိုင်မိတော့လည်း ဘာစကားမှ မပြောဖြစ်ကြဘဲ မိုးဥတုတိမ်ထုတွေကို ငြိမ်အေးနေမိကြတယ်။

တော်တော်လေးကြာမှ . . .

"ဟိုဟာ နင်နေတဲ့အိမ်ကြီးဆို"



www.burmeseclassic.com

www.burmeseclassic.com

မီးတစ်ခြမ်းလောင်ထားတဲ့ ငါ့အိမ်ကြီးက ဥယျာဉ်ကလေးကနေ တစ်ခွန်းတစ်စ လှမ်းမြင်နေရပါတယ်။

"အင်း . . . ငါ့အိမ်"

နင်က လေစကြောလေးကို လေနဲ့မမှုတ်ဘဲ လက်ချောင်းကလေးနဲ့ ရစ်လှည့်နေရင်း နှုတ်ခမ်းလေးကို ချွန်ထားတယ်။

"ဘာတွေ စိတ်ညစ်နေတာလဲ"

စိတ်အလိုမကျဖြစ်နေပုံလေးကို ငါမေးမိတော့ . . .

"ငါ့အဖေပေါ့ဟာ . . . ငါ့အဖေပေါ့"

ဂါဝန်လေးကို နည်းနည်းသိမ်းထိုင်ပြီးမှ ဆက်ပြောတယ်။

"ကျောင်းကပွဲမှာ ငါကမယ့်ဟာကို မကရဘူးတဲ့။ အဲ့ဒါနဲ့ ငါလည်း စိတ်ညစ်ပြီးထွက်လာတာ"

"ဩော် . . ."

ပြီးမှ ငါ့မျက်လုံးတွေဆီလည်း ကြည့်လာပြီး . . .

"ပြောပါဦး . . . နင်ကကော ဘာလို့ဒီမှာ ရောက်နေတာပဲ။ တစ်ယောက်တည်း လာကြိတ်ငိုနေတာလား"

"မဟုတ်ပါဘူး။ ငါက ဘာလို့ငိုရမှာလဲ"

"မသိဘူးလေ။ နင်ပဲ မျက်ရည်တွေကို ကြိုက်တယ်ဆိုတော့"

စကားဆုံးအောင်မပြောဘဲ အဓိပ္ပာယ်ဖော်ရုံလေးသာပြောပြီး ရယ်ထားလိုက်တယ်။ အဲ့ဒီလို နင်ငါ့ကို စကားတွေ တရင်းတနှီးလာပြောတိုင်း ငါ့ရင်နဲ့ငါ့စိတ်မှာ လှိုင်းငွေ့တစ်ခု ဖြတ်ဖြတ်ပြေးသွားသလိုပဲ။

နင်က တစ်ခုခုကို စဉ်းစားသလိုနဲ့ ဟိုအရှေ့ မီးမလာတဲ့ မီးတိုင်လေးကိုငေးတော့ ငါကလည်း နင့်ကိုငေးမိတယ်လေ။ နင်ရဲ့ဖြူဖွေးတဲ့လည်ပင်းကနေ နီနုနုလေးဖြစ်နေတဲ့ နားရွက်လေးတွေအထိပေါ့။ နင့်နားရွက်လေးက လိမ်ဆွဲချင်စရာလေးပဲ။

"အယ် . . . အယ် . . . ဟုတ်ပြီ သတိရပြီ"

ငါ့ကို စေ့စေ့စပ်စပ် ကြည့်လာပြီး . . .



"ငါ နင့်ကို မေးစရာရှိနေတာဟ"

"အင်း . . . မေးလေ၊ ငါ ဖြေနိုင်တာဆို ဖြေမှာပေါ့"

"အင်း . . . ဒီလိုဟာ၊ ဟိုတစ်နေ့က နင်ပြောတဲ့အထဲမှာ ပါတယ်လေ။ ရုပ်တုကြီးတွေရဲ့ မျက်လုံးကကျလာတဲ့ မျက်ရည်ဆိုတာလေ။ အဲဒါဘာကိုပြောချင်တာလဲ။ ရုပ်တုတွေ မျက်ရည်ကျလို့လား"

ဟိုတစ်ခါ bridges ကဗျာနဲ့ပတ်သက်ပြီး ငါထပြောတဲ့ စကားထဲက မရှင်းတာကို မေးတာပေါ့လေ။

"မျက်ရည်ကျတဲ့ ရုပ်တုတွေရှိတယ်တဲ့ယဉ်ရဲ့။ ၁၉၃၅ ခုနှစ်က စစ္စလီကျွန်းက ဆိုင်ရာကျူမြို့မှာ အပျိုစင်မေရီရုပ်တုက မျက်ရည်ကျခဲ့ဖူးတယ်တဲ့။ အဲ့ဒီမျက်ရည်တွေကို မြည်းစမ်းကြည့်တော့လည်း တကယ့်မျက်ရည်လိုပဲ။ ငန်ကျိကျိ အရသာရှိတယ်တဲ့။ နောက်ပြီး ၁၉၅၃ ခုနှစ်ကပဲ အီတလီနိုင်ငံက ပို့စကတ်အရွယ် မဒိုးနားရုပ်ပုံလေးမှာလည်း သွေးမျက်ရည် ကျဆင်းခဲ့တယ်တဲ့။ ၁၉၅၄ ခုနှစ် မတ်လလောက်ကလည်း ဆာပူလာအရပ်မှာ မယ်တော်မေရီရုပ်တုက မျက်ရည်ကျခဲ့သေးတယ်"

စိတ်ဝင်တစားနဲ့ နားထောင်နေတဲ့ နင့်မျက်လုံးလေးတွေက ဝိုင်းစက်နေတယ်လေ။

"နောက်ပြီး (၁၉၅၇) ခုနှစ်ကဆိုရင် မဒိုးနားစက္ကူတစ်ရုပ်က နှစ်ပေါင်းများစွာ ငိုကြွေးနေခဲ့တာပဲ"

"ဟုတ်လား"

နှုတ်ခမ်းလေး ဝန်းဟာဟာနဲ့ နင် အံ့ဩနေတယ်လေ။ နောက်ထပ် အဲ့ဒီလို ရုပ်တုတွေ၊ ကျောက်ရုပ်တွေက မျက်ရည်ကျတဲ့ ဖြစ်ရပ်တွေ၊ သွေးစိမ့်ထွက်လာတဲ့ ဖြစ်ရပ်တွေ အများကြီးရှိပေမဲ့ ငါ ဆက်မပြောဖြစ်တော့ဘူး။

"ရုပ်တုတွေက ဘာလို့ငိုတာလဲ မသိဘူးနော်"

ငါလည်း ဘယ်သိပါမလဲ ယဉ်ရဲ့။ ဒါပေမဲ့ သက်မဲ့လို့ ယုံကြည်ကြတဲ့ ရုပ်တုတွေကတောင် မျက်ရည်စိမ့်ကျရအောင် ငိုရတယ်ဆိုတော့



www.burmeseclassic.com

www.burmeseclassic.com

ငါတို့ကမ္ဘာ ဘာတွေ ဘယ်လိုဖြစ်နေတာသလဲဆိုတာ နင်စဉ်းစားစိတ်ပူကြည့်ပေါ့ ယဉ်ရယ်။

"ဟိုကျောက်ရုပ်ကြီးကော သူ့လက်ပြတ်တုန်းက ငိုခဲ့လားမသိဘူးနော်"

ငါတို့ထိုင်နေရာအနောက်က ကျောက်ရုပ်ကြီးဆီလှည့်ကြည့်ပြီး နင်ကပြောလာတာလေ။ နင့်အမေးကို ကျောက်ရုပ်ကြီးကလည်း ပြန်မဖြေသလို ငါကလည်း ဝင်ပြောဖို့ ခက်နေခဲ့တယ်။

နင်က ထပ်မေးလာပြန်တယ်။

"ဒါနဲ့ ကျောက်ရုပ်ကြီးတွေက အသက်ဝင်ပြီး ထ,ကတာမျိုးကော ကြားဖူးလား"

"ဟင့်အင်း . . . အဲ့ဒါမျိုးတော့ တစ်ခါမှ မကြားဖူးပါဘူး"

"ဟွန်း"

ခနဲ နင့်မျက်နှာဖောင်းသွားတယ်လေ။

"နင် မကြားဖူးလို့နေမှာပါ ရှိချင်ရှိမှာပေါ့"

"အာ . . . မရှိလောက်ပါဘူး"

"ဟာ . . . ရှိရင်ရှိမှာပါဆို"

ငယ်ငယ်ကလိုပဲ အရမ်းအငြင်းသန်တုန်း။ ငါက နလုံးအေးတဲ့ ကျင့်စဉ်ပဲ ကျင့်လိုက်ရတော့တာပေါ့။

"အေး . . . အေး . . . ရှိရင်ရှိမှာပါ"

"ဒါပေါ့ ရှိရမှာပေါ့"

ဆိုပြီး နင်ကျေနပ်သွားတယ်။ မြောက်ကြွကြွ မျက်နှာပေးနဲ့ ပြီးမှ ခေါင်းလေးတစ်ချက်ရမ်းလို့ အတွေးကို 'စစ်'လိုက်ပြီး . . .

"ဟိုင် . . . နင့်သူငယ်ချင်း ဟိုဆံပင်နီကျင်ကျင်နဲ့ကောင်ကသူခိုးဆို"

မွေးနီကိုပြောတာလေ။ ငါက ဘာမှပြန်မပြောချင်တာမို့ ငြိမ်နေလိုက်တယ်။



"သူခိုးမှန်းသိနေတာပဲ မပေါင်းပါနဲ့ဟယ်။ နင် ဒုက္ခရောက်မှာစိုးလို့ ပြောနေတာ"

နင့်စေတနာကို နားလည်သလို မွေးနီရဲ့ နှလုံးသားကိုလည်း ငါ နားလည်တယ်။ မွေးနီက တခြားလူတွေအတွက်မကောင်းတောင် ငါ့အတွက်တော့ သူငယ်ချင်းကောင်းပါပဲ။

အဲ့ဒီအချိန် ငါတို့အနားကို နင့်သူငယ်ချင်း သက်သက်လည်း စက်ဘီးတစ်စီးနဲ့ ရောက်လာတယ်လေ။ သက်သက်က

"ဟော့ . . . ယဉ်ယဉ် ဘာလုပ်နေတာလဲ"

မျက်နှာတည် မျက်နှာထားနဲ့ ငါ့ကိုကြည့်ပြီး နင့်ကိုလှမ်းခေါ်တယ်။ နင်ကလည်း သက်ပြင်းဖြည်းဖြည်းလေးချပြီး ထိုင်ရာကထတယ်။

"ပိုင် . . . ငါသွားတော့မယ်"

"အင်း . . . ဖြည်းဖြည်းသွား"

ငါ့ကို နှုတ်ဆက်ပြီး နင်လှည့်ထွက်သွားတယ်လေ။ သက်သက်အနားရောက်တော့ နင့်ကို သက်သက်က ပြောတာ ငါကြားလိုက်ရသေးတယ်။

"ယဉ်ယဉ်ကလည်းဟာ အဲ့ဒီအကောင်က ရောဂါသည်ကြီး။ နင်အရောတဝင် သွားလုပ်လုပ်မနေစမ်းပါနဲ့။ ရွံစရာ . . ."

"အို . . ."

ယဉ်က သက်သက်နှုတ်ခမ်းကို လက်နဲ့ လှမ်းတားတယ်။ ပြီးတော့ ငါများကြားသွားမလားဆိုပြီး လှည့်ကြည့်တယ်။ ငါကလည်း ဘာမှမကြားလိုက်သလို လျှင်လျှင်မြန်မြန်ပဲ မျက်နှာလွှဲထားလိုက်ရတယ်။

ငါနားလည်ပါတယ် ယဉ်ရယ်။

လူတွေကသာ

ငါ့ကို နားမလည်ခဲ့တာပါ . . .။



www.burmeseclassic.com

www.burmeseclassic.com

## (၅)

"အွပ်"

ဘလိုင်းကြီး ငါ့ရင်ဘတ်ကို ပခုံးနဲ့ ဆောင့်တိုက်လိုက်တာ။ ငါ သိတယ်။

"ဘာလဲ မကျေနပ်ဘူးလား"

". . . . ."

ငါ ဘာမှပြန်မပြောဘဲ သူတို့ဘေးက လွှဲရှောင်ပြီး ကိုယ့်လမ်းကိုယ်ဆက်သွားလိုက်တယ်။ သူတို့ဆိုတာ ခန့်ဇော်တို့အဖွဲ့ပေါ့။ ဒီကောင်တွေက အတန်းထဲမှာ လူမိုက်ထဲက မဟုတ်ပေမဲ့ လူလိမ္မာထဲက မဟုတ်တာတော့ သေချာတဲ့သူတွေ။

ထားပါတော့ ငါသူများမကောင်းကြောင်း မပြောချင်ဘူး။

အခန်းရှေ့ဝရန်တာရောက်တော့ လွင်မင်းက သိပ်မကြည်လင်တဲ့အပြုံးနဲ့ ဆီးကြိုတယ်။ ခုနက အဖြစ်အပျက်ကို ကောင်းကောင်းမြင်လိုက်တဲ့ပုံပဲ။

"ပိုင် . . . မင်းကို ခန့်ဇော်တို့က မနာလိုဖြစ်နေကြတာ"



"ဘာဖြစ်လို့လဲ"

"သြော် . . . ယဉ်ယဉ်က ယောကျ်ားလေးတွေထဲမှာဆိုရင် င်းကိုပဲ အရောတဝင်လုပ်လို့ပေါ့ကွ"

ထင်တော့ထင်သားပဲ။ ကြားလားယဉ်ရေ။ နင်နဲ့သူငယ်ချင်းဖြစ် ာ ဂုဏ်မြင့်လွန်းလို့ လူတောင် အငြိုငြင်ခံနေရပြီ။

အဲ့ဒီအချိန် ကျောင်းသားကျောင်းသူတွေ ရုတ်ရုတ်ရုတ်ရုတ်နဲ့ င်လိုက်ပြေး . . . ပြေးသွားတာ တွေ့လိုက်ရတယ်။ တစ်ခုခုထူးခြား သွားကြည့်ကြတဲ့ပုံပဲ။ ငါနဲ့လွင်မင်းလည်း ဘာဖြစ်တာလဲလို့ လှမ်းငေး း အဲ့ဒီပြေးသွားတဲ့လူတွေရဲ့ ဆန့်ကျင်ဘက်ကနေ လူတစ်ယောက် ြေးထွက်လာတာတွေ့လိုက်ရတယ်။

"မွှေးနီပဲ"

မွှေးနီက ငါတို့ရှိရာကျောင်းဆောင်အပေါ်ထပ်ကို လက်ပြပြီး ပြေးတက်လာတယ်။ ငါတို့ရှေ့ရောက်ရောက်ချင်းပဲ . . .

"ဟေ့ကောင် . . . ဘာလုပ်နေတာလဲ၊ နောက်ကျတော့မယ်"

"ဘာလို့လဲ ဘာနောက်ကျရမှာလဲ"

မွှေးနီက စိတ်ပျက်တဲ့ အမူအရာတစ်ချက်လုပ်ပြီး . . .

"ပိုင် . . . မင်းကတော့ အမြဲ မျက်စိပိတ်၊ နားပိတ်နေတာလဲ။ ာ ယဉ်ကရတော့မယ့် အလှည့်ရောက်တော့မယ်ကွ"

"ဟင်"

ဒီတော့မှ ငါလည်း သိရတော့တယ်။ ကျောင်းပွဲတော်အတွက် ပြိုင်ပွဲရှိတာကိုပေါ့။ ဒီနေ့ (rchearsal)အစမ်းကပြမယ့်နေ့ပဲ။

"လာ . . . လာ . . . အချိန်မရှိဘူး"

ငါတို့ ပြေးထွက်ခဲ့ကြတယ်။

ဟိုရောက်တော့ ကြောက်စရာကောင်းလောက်အောင် လူတွေ ကြိတ်တိုးနေပြီ။ ခန်းမရဲ့ အဝင်တံခါးဝတောင် ပိတ်ဆို့နေအောင် က ပြွတ်သိပ်နေပြီ။



www.burmeseclassic.com

www.burmeseclassic.com

"ခုနကတစ်ယောက် ကတုန်းကတောင် ကြည့်တဲ့လူသိပ်မရှိဘူးကွ။ အခု ယဉ်ယဉ်ကမယ်မှန်းသိလို့ လူတွေပိုင်းလာကြတာ"

"ဒါတောင် အစမ်းပြိုင်တာပဲ ရှိသေးတယ်နော်"

မွေးနီနဲ့လွင်မင်းက တစ်ယောက်တစ်ခွန်းပြောလာတယ်။ ငါ့ လည်းရင်တွေ တလှိုက်လှိုက်အေးလိုက်နွေးလိုက် ဖြစ်နေတယ်။ ဟော တေးသွားသံက ညင်းသဲ့သဲ့ထွက်ပေါ်လာပြီ။ နင် ကတော့မှာပေါ့။

"လာ . . . လာ . . . ပိုင် . . . ဟိုဘက်နားက မြင်ရလောက်တယ်"

မွေးနီခေါ်တဲ့ ပြတင်းပေါက်နားက သွားကြည်ပြန်တယ်။ ဒါပေမဲ့ ကောင်းကောင်းမမြင်ရပါဘူး။ ခြေထောက်လေးလှမ်းမြင်ရလိုက်၊ လက်ကလေးလှမ်းမြင်ရလိုက်နဲ့ ကိုယ့်ဘာသာကိုယ် ဆက်စပ်ကြည့်နေရတယ်။ မျက်နှာကိုတော့ တစ်ခါမှ မမြင်ရဘူး။

ငါ စိတ်ပျက်ပျက်နဲ့ သက်ပြင်းချမိတယ်။ ဒါကို မြင်သွားတဲ့ မွေးနီကလည်း ခေါင်းကုတ်တယ်။ ပြီးတော့ တစ်ခုခုကို စဉ်းစားတဲ့ပုံနဲ့ ငြိမ်သွားတယ်။ လွင်မင်းကတော့ လူကြားထဲခေါင်းကြီးအတင်းထိုးပြီး နင်ကတာကို ရအောင်လိုက်ကြည့်နေတယ်။ ဒါပေမဲ့ မရပါဘူး။ လူအုပ်ကြီးက တံတိုင်းကြီး ခုနစ်ထပ်ဆိုတာလိုမျိုး ဖြစ်နေတယ်။

ချောင်းကြည့်ပေါက်လေးတောင် မရတာတော့ ငါ့အတွက် ကံဆိုးပါတယ် ယဉ်ရယ် . . . ။

"ဟော့ကောင် . . . လွင်မင်း"

မွေးနီက လွင်မင်းပခုံးကို ဆွဲလှည့်ပြီး ခေါ်တယ်။ လွင်မင်းက အတင်းတိုးနေတဲ့ ခေါင်းကို ပြန်လှည့်ပြီးကြည်တော့မှ မွေးနီက . . .

"မင်း ကုန်းစမ်းကွာ"

"ဘာ . . . ဘာ . . . "

လွင်မင်း ကြက်သီးထသွားတယ်။

"ဟာ . . . မင်းဘာတွေထင်နေတာပဲ။ ပိုင် ငါတို့ကျောပေါ်တက်ပြီး ယဉ်ကနေတာကို ကြည့်ဖို့ကွ။ ကုန်း . . . ငါလည်းကုန်းမှာ"



ဆိုပြီး မွေးနီက လွင်မင်းကို ဆွဲလှဲပြီး လေးဘက်ကုန်းတယ်။ လွင်မင်းလည်း ယောင်ကန်းကန်းနဲ့ လေးဘက်ကုန်းပြီးသား ဖြစ်သွားတယ်။

"ဟာ . . . ဟော့ကောင်တွေ . . . နေပါစေကွာ။ မကြည့်ရလည်း ဘာဖြစ်လဲ"

ဒီလိုသူငယ်ချင်းတွေ ကျောခင်းပေးပေမယ့် ငါမနင်းရက်ဘူးလေ။

"ဟော့ကောင် . . . ဘာမှအပိုတွေ ပြောမနေနဲ့။ ယဉ်ကတာကြည့်ရခဲ့တယ်ကွ။ လာ . . . တက်စမ်းပါ . . . တက်"

ဆိုပြီး ငါ့ခြေထောက်ကိုဆွဲကိုင်ပြီး သူ့ကျောပေါ်ဆွဲတင်တယ်။

"ဟော့ကောင် . . . နေ နေ လက်နဲ့မကိုင်နဲ့။ ငါ့ဘာသာ ငါတက်မယ်"

ငါ အားနာနာနဲ့ပဲ သူငယ်ချင်းနှစ်ယောက်ရဲ့ ကျောပေါ်တက်ထိုင်ရတယ်။ တကယ်တော့လည်း ငါ့စိတ်ကပါ နင်ကတာကို အရမ်းကြည့်ချင်နေတာလေ။

မွေးနီနဲ့ လွင်မင်းရဲ့ကျောပေါ်တက်ပြီး သူများထက်ခေါင်းတစ်လုံးသာတော့မှ နင့်ကို မြင်ရတော့တယ်။

"ပိုင် . . . မြင်ရပြီလား"

"အေး . . . မြင်ရပြီကွ"

ယဉ်ဟာ သိပ်လှနေပါတယ်။ အပြာရောင် ဂါဝန်လေးနဲ့။ ဂါဝန်လေးက ပန်းပွင့်လေးတစ်ပွင့်ကို ဇောက်ထိုးဆွဲထားသလို ဝန်းဝန်းကားကားလေး။ ဂါဝန်နဲ့တွဲလျက် ဇာအကျီလေးကတော့ အကြည်ရောင် တောက်တောက်လေး။ ရင်နဲ့ကပ်နေအောင် ဝတ်ထားတယ်။ အံမယ် မျက်နှာလည်း မိတ်ကပ်တွေနဲ့။ ဒီကောင်မလေးတော့ . . .။

ခြေအိတ်အဖြူ လက်အိတ်အဖြူလေးနဲ့ ယဉ်ဟာ တကယ့်ကို ချောသည်မလေးလိုပါပဲ။



www.burmeseclassic.com

www.burmeseclassic.com

ကြည့် . . . တေးသွားအလိုက် သူလှုပ်ရှားနေတယ်။

မြင့်တက်သွားတဲ့ တေးသွားအတိုင်း လေထဲခုန်ဝဲသွားတယ်။ လေထဲရောက်တော့ ခြေဖျားလက်ဖျားလေးတွေကို ဆန့်ထုတ်လိုက်ပုံက သံလွင်ရွက်လေးလိုပဲ။ ကြမ်းပြင်ပေါ် ပြန်ကျတော့ ခြေဖျားလေးတွေကို ထောက်ပြီး တစ်ပတ်လည်ပြန်တယ်။

ပျော့ပြောင်းတဲ့ ဖယောင်းတိုင်ဦးက မီးညွန့်လေးလို ယိမ်းနေတယ်။ ဝါဂွမ်းစလေးလိုလည်း ပေါ့ပါးနူးညံ့နေခဲ့။

ကကြိုးတို့ရဲ့ ဒေဝီလေးပဲ။

"အကပညာနဲ့ပတ်သက်ပြီး သိထားတာလေးတွေရှိမယ်ဗျ"

"ဘယ်ကမလဲ။ သေချာသင်ကြား လေ့ကျင့်ဖူးတဲ့ပုံပဲ"

"အင်းဗျ . . . ပြိုင်ပွဲကျရင် သူပဲ ဆုရလိမ့်မယ်ထင်တယ်"

ငါ့ရှေ့က ဆရာတွေပြောနေကြတဲ့အသံကို ငါကြားမိတယ်လေ။ ယဉ်ရေ . . . နှင့်ကိုတော့ အားလုံးက ချီးကျူးနေကြပြီ။

ကြည့်နေရင်း . . . ကြည့်နေရင်းနဲ့ . . . ငါ့စိတ်တွေ တစ်မျိုး ဖြစ်လာခဲ့တယ်။ အဲ့ဒီတစ်မျိုးဖြစ်လာတယ်ဆိုတဲ့ စိတ်ကို ဖြည်းဖြည်းချင်း ပြန်စမ်းစစ်ကြည့်တော့ ငါ နားလည်လိုက်ပါပြီ ယဉ်ရေ . . . ။

ဒီအချိန်မှာတော့ ငါ ဝန်ခံသင့်ပြီလေ။

အရင်တုန်းက နှင့်ကို စိတ်ဝင်စားတယ်ဆိုတာ သေတ္တာတစ်လုံးကို အထဲမှာ ဘာရှိမလဲဆိုပြီး ဆွဲဖွင့်ကြည့်ချင်တဲ့ စိတ်မျိုးနဲ့ပေါ့။ အခုတော့ လုံးဝပြောင်းလဲသွားခဲ့ပြီ ယဉ်ရေ။ အထဲမှာ ဘာရှိရှိမရှိရှိ အဲ့ဒီသေတ္တာကလေးကို သိမ်းဆည်းထားတော့မယ်ဆိုတဲ့ စိတ်မျိုး ဖြစ်လာခဲ့ပြီ။

လွန်ခဲ့တဲ့ နှစ်နှစ်လောက်ကစပြီး ငါ့ဘဝဟာ အရစ်ပြန်နေတဲ့ ရေပိုက်ခေါင်းကြီးကို လှည့်နေရသလို ဖြစ်ခဲ့တာ။ ဒါပေမဲ့ ဒီနေ့ကစပြီ နှင့်စိတ်နဲ့ငါ အခိပ္ပာယ်များစွာကို ပြန်ရှာတွေ့ခဲ့ရပြီ။

* * *



## (၆)

ဦးလေးပေါလ်ဟာ စကားသိပ်နည်းတယ်။ ရှုပ်ထွေးရှည်လျားနေတဲ့ မုတ်ဆိတ်မွေးတွေနဲ့ သူ့ကိုယ်သူလိုက်ဖက်တယ်လို့ ထင်နေတဲ့ပုံ။ သူ့ခန္ဓာကိုယ်က ထွားထွားကြီးမို့ သူအမြဲဝတ်ထားတဲ့ လောင်းကုတ်အင်္ကျီရှည်ကြီးနဲ့ကတော့ လိုက်ဖက်ပါတယ်။ ဒါပေမဲ့ ဟယ်ရီပေါ်တာ ရုပ်ရှင်ကားထဲက မှော်ဆရာကြီးတစ်ယောက်နဲ့ ခပ်ဆင်ဆင်တူနေသလို ။

ဦးလေးပေါလ်ဆိုတာ ငါ့ကို ဂီတပညာသင်ပေးတဲ့ ဘုရားကျောင်းက လူကြီးပေါ့။ အခု ငါနဲ့ ဦးလေးပေါလ်ဟာ စတိုးဆိုင်လေးတစ်ဆိုင်ထဲ ရောက်ရှိနေတာပါ။ ဦးလေးပေါလ်က ဘုရားကျောင်းအတွက် ပေါင်မုန့်ကြမ်းတွေအများကို ဝယ်နေတယ်။ ငါကတော့ မှန်ကောင်တာလေး တစ်ခုထဲကို ငုံ့ငေးနေမိတယ်။

အစက အမှုမဲ့အမှတ်မဲ့ ငေးမိတာပါ။ နောက်မှ မျက်စိမခွာနိုင်အောင် ငေးမိတော့တယ်။ မှန်ကောင်တာလေးထဲမှာ ကချေသည်ရုပ်လေး



www.burmeseclassic.com

www.burmeseclassic.com

တစ်ရုပ်ကို ငါတွေ့နေရတယ်လေ။ ဂါဝန်ဝဲဝဲလေးနဲ့ ခြေဖျားတစ်ဖက် ထောက်ပြီး ပျံသန်းတော့မယောင် ကနေတဲ့ ကချေသည်မလေးပေါ့။ အရုပ် ကလေးကိုကြည့်ပြီး နံနက်တုန်းက နင့်ရဲ့ကနေတဲ့ ပုံစံလေးဆီ ပြန်မြင် ယောင်နေမိတယ်။ ငုံ့ကြည့်နေရာကနေထိုင်ပြီး အရုပ်ကလေးနဲ့ မျက်နှာချင်း ဆိုင်ထိုင်မိတော့ ဟင်း . . . ငါ့စိတ်တွေ . . . ဝေး . . . သွားရတယ်။ အရုပ်ကလေးရဲ့ရှေ့မှာ ဈေးနှုန်းစာတမ်းလေးက ငါ့စိတ်ကို လှမ်းခြောက် လှန့်လိုက်သလိုပဲ။

"ကောင်လေး . . . သွားမယ်"

လို့ ဦးလေးပေါလ်က လှမ်းခေါ်ပေမဲ့ ငါ ပေရပ်နေလိုက်တယ်။ ပြီးတော့ ဦးလေးပေါလ်ဆီ လေးလေးပင်ပင် လှည့်ကြည့်မိတယ်။ ဦးလေး ပေါလ်က ငါ့အနားလျှောက်လာတော့မှ . . .

"ကျွန်တော့်ကို ငွေနည်းနည်းချေးပေးနိုင်မလား"

ဘာစကားမှ အပိုမပြောတတ်တဲ့ ဦးလေးပေါလ် ခဏငြိမ်သွား တယ်။ ပြီးမှ သူ့ပင်ကိုသံ ခြောက်ခြောက်သြသြကြီးနဲ့ . . .

"ဘယ်လောက် ချေးချင်တာလဲ"

အရုပ်ကလေးရဲ့ရှေ့မှာ ကပ်ထားတဲ့ ဈေးနှုန်းလေးကို ငါ ထောက် ပြလိုက်တယ်။

ငါချေးရမယ့်ငွေ နည်းနည်းများနေမှန်း သိပေမဲ့ ဦးလေးပေါလ် က မညည်းမညူဘဲ သူ့အိတ်ကပ်ထဲက ငွေတွေအကုန်ထုတ်ပေးတယ်။ ဒါပေမဲ့ သူပေးတဲ့ငွေက အရုပ်ကလေးကိုဝယ်ဖို့ မလောက်ငှဘူး။ ဒါ ကြောင့် ဝယ်ပြီးသား ပေါင်မုန့်တွေကို နည်းနည်းပြန်လျှော့လိုက်ရတယ်။

"ကျေးဇူးပဲ ဦးလေးပေါလ်"

ဦးလေးပေါလ်က ဘာမှမခံစားရသလို မျက်နှာနဲ့ပဲ သွားရအောင် လို့ထပ်ပြောတယ်။

မြို့ကလေးရဲ့ညနေဟာ သာယာနေပါတယ်။ ဈေးဆိုင်တန်းလေး တွေဟာ လိမ္မော်ရောင်ခေါင်မိုးလေးတွေနဲ့မို့ ချစ်စရာကောင်းနေတယ်။



ဒါကတော့ အရုပ်ကလေးကို တသသနဲ့ပြုံးကြည့်ပြီး လျှောက်လာခဲ့တယ်။ ပျော်နေတဲ့ ငါ့ကိုကြည့်ပြီး ဦးလေးပေါလ်က ခပ်သဲ့သဲ့တစ်ချက်ပြုံးပြသေး တယ်။ ပြီးတော့ ငါမသိတဲ့သီချင်းတစ်ပုဒ်ကို တီးတိုးဆိုနေတယ်။ ငါသိ တာကတော့ အဲ့ဒီသီချင်းထဲမှာ Love ဆိုတဲ့ စကားလုံးလေး ခဏခဏ ပါနေတယ်ဆိုတာပဲ။

အိမ်ရောက်တော့လည်း အရုပ်ကလေးကို အဝတ်သန့်သန့်နဲ့ လိုက်ချုတ်သန့်ရှင်းနေမိတယ်။ ပြီးတော့ အရုပ်ကလေးကို စက္ကူကြိုးလေး နဲ့ လိပ်ပြာတောင်ပံပုံစံလေး ခေါက်တွန့်ချည်နှောင်လိုက်တယ်။ အဲ့ဒီ စက္ကူ ကြိုးလေးပေါ်မှာမှ Gniap လို့လည်း ရေးထားလိုက်တယ်။ တစ်ချိန်ချိန်မှာ အခွင့်အရေးရှိရင် ဒီအရုပ်ကလေးကို နင့်ကိုပေးဖို့ပေါ့။

ပြီးတော့ အရုပ်ကလေးကို နင်အမှတ်နဲ့ စကားတွေ တတွတ်တွတ် ပြောနေမိတယ်။ ငါရူးနေပြီလား မသိဘူးနော်။ ပြတင်းပေါက်နားက နံရံ မှာမှီပြီး အရုပ်ကလေးနဲ့ငါ လတွေကြယ်တွေကို ငေးနေခဲ့တယ်။ ဘုရား ကျောင်းကိုသွားပြီး ထမင်းလည်း မစားဖြစ်ဘူး။ ငါ သိပ်ပျော်နေတယ်။

အင်း ဒါပေမဲ့ ငါပျော်ခွင့်ရတဲ့အချိန်က သိပ်ကို တိုတောင်းလွန်း နေတယ်။ ခဏအကြာမှာပဲ သတင်းဆိုးတစ်ခုဟာ ခြေထောက်ပေါက်ပြီး ငါ့ဆီတည့်တည့်လျှောက်လာပါရောလား . . .။

တဒုန်းဒုန်းနဲ့ အိမ်ပေါ်ကို လူသူပြေးတက်လာသံကို ငါကြား လိုက်ရတယ်။ ကြားရတဲ့အလျှောက်တော့ ခြေသံတွေက အလောတကြီး ပဲ။

မီးအိမ်ကို ထွန်းညှိပြီး မှောက်အကြည့်မှာပဲ အိမ်ပေါ်ကို တက် လာတဲ့သူတွေကို တွေ့လိုက်ရတယ်။ လွင်မင်းနဲ့ မွေးနီ။

"ဘာဖြစ်လာကြတာလဲ"

ငါကပဲ ဆီးမေးလိုက်တယ်။

လွင်မင်းမျက်နှာက တစ်ခုခုကို စိုးရိမ်တကြီး ဖြစ်နေတဲ့ပုံပဲ။ မွေးနီ က မျက်နှာပျက်ပျက်နဲ့ပဲ ပြောချလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com

"ယဉ်ယဉ် ဆေးရုံတင်လိုက်ရတယ်"

"ဟင် . . . "

ကျည်ဆန်မှန်သွားတဲ့ ကြွေပန်းကန်ပြားတစ်ချပ်လို ငါ့အစိတ် စိတ် ကွဲဖြာသွားတယ်။ မွေးနီကလည်း ဆက်ပြောတယ်။

"ကတ္တဲ့စတိတ်စင်ပေါ်ကအဆင်းမှာ ခြေချော်ကျသွားတာတဲ့ စတိတ်စင်ကမြင့်တော့ ခြေကျိုးသွားတယ်ထင်တယ်"

" . . . . . "

ယဉ်ရယ်၊ နင်ဘာလို့ ကိုယ့်ကိုယ်ကိုယ်သတိနည်းရတာလဲ။ က မစိုက်ရတာလဲ။ ကရုဏာဒေါသောစိတ်တွေနဲ့နင်ကိုငါ ဆူပူချင်နေမိတယ်

အဲ့ဒီစကားတွေကိုခေါက်ပြီး နင်ရှိတဲ့ဆေးရုံဆီ အပြေးသွား တော့တယ်။

ခြေထောက်က ဒဏ်ရာထက်နင့်ရင်ထဲက ဒဏ်ရာက ပိုပြင်းနေ မလား ယဉ်ရေ။ သိပ်ဝမ်းနည်းနေတယ်မို့လား။ နင် ပထမဆုရဖို့ သေချာ တဲ့ ကပွဲလေးမှာ နင်မကနိုင်တော့ဘူးလေ။ သနားလိုက်တာ ယဉ်ရယ်

အမြန်ဆုံးနင့်ကို တွေ့ချင်နေပြီ။ ခြေလှမ်းတွေက ငါ့စိတ်လောက် မမြန်တာလည်းခက်တယ်။ ကချေသည်အရုပ်မလေးကိုလည်း ကျစ်ကျစ် ဆုပ်လို့ ယူလာမိတယ်။

ဆေးရုံဆီရောက်တော့ ဆေးရုံဝန်းတံခါး ပိတ်ထားပါပြီ။ အင် အချိန်ကလည်း သိပ်မှမစောတော့ဘဲ။ ဓာတ်မီးတွေ တယမ်းယမ်းနဲ့ ဟိုဒီ သွားလာနေကြတဲ့ ဆေးရုံစောင့်တွေကိုလည်း တွေ့ရတယ်။

ခက်တော့ခက်ပြီ။ ငါတို့ဆေးရုံထဲကို ဘယ်လိုဝင်ရမလဲ လွင်မင်းကလည်း စိတ်ညစ်တဲ့ပုံနဲ့ ငါ့ကိုကြည့်လိုက်ပြီ။ အမြန်ဆုံးတွေ့ ချင်ပါတယ်ဆိုမှ အတားအဆီးတွေကလည်း များလိုက်တာ။

"မင်းတို့ကလည်း ငါ့လို စောရမင်းသားကြီး တစ်ယောက်လုံး ပါနေတာပဲ။ ဘာမှ ပူမနေစမ်းပါနဲ့"

အဲ့ဒီစကားပြောလာတဲ့ မွေးနီကို ငါတို့ အားကိုးလိုက်ကြတယ်



မွေးနီရဲ့ အစီအစဉ်အရ ခြံစည်းရိုးတစ်နေရာကနေ လူလစ်တုန်း ခိုးဝင်ရတယ်။ ရင်တထိတ်ထိတ်နဲ့ပေါ့။ အထဲရောက်တော့ . . .

"ငါတို့ခိုးဝင်လာတာတော့ ဟုတ်ပါပြီ။ ယဉ်က ဘယ်လူနာ ဆောင်မှာလဲဆိုတာ ငါတို့မှမသိတာ"

"ငါစုံစမ်းပြီးသားပါ ပိုင်ရာ"

ဆိုပြီး ဆေးရုံနောက်ဖေးက ရေပိုက်လိုင်းတွေဘက် ငါတို့ကို ခေါ်သွားတယ်။ ပြီးတော့ ဆေးရုံအပေါ်ထပ်က အစွန်ဆုံးအခန်းတစ်ခုကို လက်ညှိုးထိုးပြပြီး . . .

"အဲဒါ ယဉ်ယဉ့်အခန်းပဲ"

"အင်း . . . ဒါနဲ့ငါတို့ အဲဒီအခန်းကို ဘယ်လိုသွားမှာလဲ"

မွေးနီက ဆေးရုံနံရံနဲ့ကပ်ပြီး အပေါ်ကို ထောင်သွယ်ထားတဲ့ ရေပိုက်လုံးကြီးကို ညွှန်ပြပြန်တယ်။ အဲဒီပိုက်လုံးကြီးကို တွယ်တက်ပြီး သွားကြမယ်ဆိုတဲ့ သဘောပေါ့။

"ကဲ . . . လွင်မင်း မင်းဒီကစောင့်နေ။ လူအရိပ်အခြည်ကြည့် နေ"

"ဟာ . . . ငါလည်း လိုက်ခဲ့မှာပေါ့ကွ"

"နေခဲ့စမ်းပါကွာ။ ကင်းစောင့်နေရင်းနေခဲ့ ငါတို့မကြာပါဘူး"

မွေးနီက လွင်မင်းကို တတွတ်တွတ်နဲ့ နေခဲ့ဖို့ပြောတယ်။ လွင်မင်း ကလည်း လိုက်ချင်နေတယ်။ မတတ်သာတဲ့အဆုံး နေခဲ့ရှာပါတယ်။ ဒါပေမဲ့ ဆူပုတ်ပုတ်နဲ့ ပြောသေးတယ်။

"မြန်မြန်ပြန်လာကြ၊ ငါ သရဲကြောက်တယ်" တဲ့။

အဲဒီနောက် ငါတို့ရေပိုက်လုံးအတိုင်း တွယ်တက်ခဲ့ကြတယ်။ လွင်မင်းကတော့ ပုပ်သိုးသိုးနဲ့ အောက်မှာကျန်ခဲ့ရှာပေါ့။

အပေါ်လည်းရောက်ရော . . .

"ဟော့ကောင် . . . ပြတင်းပေါက်က ဂျက်ထိုးထားတယ်"

ငါတို့ နင့်လူနာခန်းရဲ့နောက်ဖေးရောက်တော့ တစ်ခုတည်းသော



www.burmeseclassic.com

www.burmeseclassic.com

ဝင်ပေါက်ဖြစ်တဲ့ ပြတင်းပေါက်က ပိတ်ထားတယ်လေ။ ရုတ်တရက် ငါ အကြံအိုက်သွားပေမဲ့ မွေးနီကတော့ အာပြဲကြီးနဲ့တစ်ချက်သမ်းလိုက်ပြီး–

"ဒါလေးများကွာ"

ဆိုပြီး သူ့ဘောင်းဘီအိတ်ကပ်ထဲက သံပြားအချောင်းလေး တစ်ခုကိုထုတ်ပြီး ပြတင်းပေါက်ရဲ့ ဟနေတဲ့ကြားကို ထည့်လိုက်တယ်။ နောက်တော့ ဘယ်လိုကနေ ဘယ်လိုလုပ်လိုက်လဲ မသိပါဘူး။ ပြတင်းပေါက် အထဲက ဂျက်ပြုတ်သွားတယ်။

ငါမျက်နှာပြူးသွားတော့မှ မွေးနီက သူ့စတိုင်လ်အတိုင်း လက်ပိုင်ရင်ကော့ပြီး မာန်ဝင့်ပြတယ်။ ပြီးတော့ ပြတင်းပေါက်ကို အသာဟပြီး အထဲကို လှမ်းအကဲခတ်ရတယ်။ အန္တရာယ်ကင်းလောက်မှ ပြတင်းပေါက်ကို ဖြည်းဖြည်းချင်းဖွင့်ပြီး အခန်းထဲဝင်ခဲ့ကြတယ်။

ဆေးရုံကုတင်မှာ ပုံ့ပုံ့ကလေးအိပ်နေတဲ့ နင့်ကိုမြင်တော့ ငါ စိတ်မကောင်းဘူး။ ဒါပေမဲ့ ချစ်စရာလေးရယ်။ နင် အိပ်နေပုံက သိုးဖြူဝဝလေးတစ်ကောင်လိုပဲ။ ခြေထောက်မှာလည်း ပတ်တီးတွေနဲ့ . . .။ ငါ နင့်ခုတင်ဘေးနားမှာ ထိုင်ပြီး နင့်ကို တစိမ့်စိမ့်ကြည့်နေလိုက်တယ်။ မတို့ရက်၊ မထိရက်စရာ မျက်နှာလေးက လွင်မင်းပြောသလို ကြွေရုပ်လွှာလေးပါ။

အခန်းထောင့်စားပွဲပေါ်က ပန်းသီးတစ်လုံးကို ကောက်ဝါးရင်း မွေးနီက . . .

"အချိန်မရှိဘူး . . . ပိုင်၊ ပေးစရာရှိတာပေးပြီး လစ်ကြစို့"

ငါ့လက်ထဲက ကချေသည်အရုပ်ကလေးကို ကြည့်ပြီးမှ ပြောလိုက်တဲ့စကားပါ။

"အင်း . . . "

ငါ ကချေသည်အရုပ်လေးကို နင့်ခေါင်းအုံးဘေးမှာ ထားပေးခဲ့တယ်။ အဲဒီအချိန်မှာပဲ . . .

"အဟင်း . . . အင်း . . . ဟင်း"



ညည်းညူသံလေးတွေနဲ့ နင်လူးလိမ့်လာတယ်။

"လာ . . . ပိုင် လစ်စို့၊ နိုးလာတော့မယ်"

ငါတို့ အလျင်အမြန် ပြတင်းတံခါးကို ခုန်ကျော်ပြီး ရေပိုက်လုံးပေါ် ပြန်ရပ်လိုက်တယ်။ ပြီးတော့ ပြတင်းတံခါးကိုစေ့ပြီး အဲ့ဒီစေ့ကြောင်းကနေ နင့်ကို ခဏချောင်းကြည့်ခဲ့သေးတယ်။

ဟိုဒီ လွန်းထိုးလူးလိမ့်ပြီး အိပ်မှုန်စုံမွှားနဲ့ နင်နိုးထလာတယ်။ ယဉ်ရေ . . . နင့်အတွက်တော့ ဒီတစ်ခါ နိုးထလာတဲ့ သန်းခေါင်ယံဟာ သိပ်ကို ဆန်းကြယ်နေလိမ့်မယ်လို့ ငါမျှော်လင့်မိပါရဲ့။ ဘာလို့လဲဆိုတော့ မျက်လုံးစုံဖွင့်ပြီး မကြာခင်မှာပဲ ကချေသည် အရုပ်ကလေးတစ်ရုပ်ကို နင်တွေ့ရမှာမို့လို့လေ။

တကယ်လည်း အဲ့ဒီအရုပ်ကလေးကို နင်တွေ့သွားပါတယ်။ လှဲနေရာကနေ ကိုယ်ကို နည်းနည်းကြွပြီး အရုပ်ကလေးကို နင်ကိုင်ကြည့်တယ်။ ဒီအရုပ်ကလေး ဘယ်ကရောက်လာတာလဲ နင် သိချင်နေတယ်။ ဒီအရုပ်ကလေးကို ဘယ်သူကပေးတာလဲ နင်သိချင်နေတယ်။ အခန်းလေးအနှံ့ကို မျက်လုံးကစားပြီး ကြည့်လိုက်သေးတယ်။

အရုပ်ကလေးမှာ လိပ်ပြာပုံစံချည်နှောင်ထားတဲ့ စက္ကူကြိုးလေးကိုလည်း နင်ကြည့်တယ်လေ။ အဲ့ဒီလို ချည်နှောင်ထားတဲ့ ပုံစံလေးကို နင် မှတ်မိသလို ဖြစ်နေတယ်မို့လား။ အဲ့ဒီဖဲကြိုးပေါ်က စာလုံးလေးကိုလည်း နင်ဖတ်မိပြီလေ။

Gniap ဆိုတဲ့ အသံထွက်လေးကို နှုတ်ခမ်းပါးလေး ဖွဖွလှုပ်သွားရုံနဲ့ ရေရွတ်ကြည့်တယ်။ ပြီးတော့ အခန်းထဲဝေ့ကြည့်ပြန်တယ်။ နောက် အရုပ်ကလေးကို နင် ပြန်ကြည့်တယ်။ ပြုံးလာတယ်။ တမြည့်မြည့် ပြုံးလာတယ်။

အဲဒီအပြုံးကို ငါသိတယ်။ ဟိုတစ်ခါ နင့်ခုံထဲမှာ ရောက်နေတဲ့ ပန်းပွင့်ကလေးကို တွေ့လို့ပြုံးတဲ့ အပြုံးမျိုးပဲလေ။

မွေးနီက ငါ့ကိုယ်ကို လက်တို့ပြီး ပြန်ကြဖို့ပြောတယ်။ ငါသွား



www.burmeseclassic.com

www.burmeseclassic.com

တော့မယ် ယဉ်ရေ . . .။

ရေပိုက်လုံးကြီးကိုဖက်ပြီး လျှောဆင်းခဲ့ကြတယ်။

အောက်ရောက်တော့ လွင်မင်းက သိုးလို့။ ကင်းစောင့်ပါဆို အိပ်နေတဲ့ကောင်ဆိုပြီး မွေးနီက ခြေထောက်ကန်ပြီး နှိုးလိုက်တယ်။ အဲ့ဒီတော့မှ လွင်မင်းလည်း မျက်လုံးတွေဘာတွေ ပွတ်သပ်ပြီး ပြုံးပြုံးပြဲပြဲ နိုးလာတယ်။

ငါတို့ကိုတွေ့မှ ရယ်ဟဟနဲ့ ပြောသေးတယ်။

"ငါက မင်းတို့ကို စချင်လို့ အိပ်ချင်ယောင်ဆောင်နေတာပါကွ"

ဟွန်း . . . သူအိပ်ချင်ယောင်ဆောင်တာကလည်း ပါးမှာတောင် သွားရည်တွေရွှဲလို့။

လမပြည့်တပြည့်ညမှာ ငါတို့သူငယ်ချင်းသုံးယောက် လမ်းလျှောက်ပြန်ခဲ့ကြတယ်။ လွင်မင်းနဲ့မွေးနီက ခန္ဓာကိုယ်လေးကို လှုပ်လှုပ်ပြီး လျှောက်ကြတယ်။ ဒီဇင်ဘာမို့ အချမ်းဓာတ်ကဲနေတာကြောင့်ပေါ့။ အင်း . . . ငါ့ရင်မှာတော့ အလွမ်းဓာတ်က ပိုကဲနေခဲ့ပါတယ် ယဉ်ရယ်။

⁂ ⁂ ⁂



# (၇)

အဲ့ဒီလိုနဲ့ပဲ နေ့ရက်တွေက သူတို့ကိုယ်သူတို့ ဘာမှမသိဘဲ ကုန်ဆုံးပစ်ပစ်ခဲ့ကြတယ်။ ပြက္ခဒိန်တစ်ရွက်ဆိုတာလည်း ခဏလေးပဲ။ သစ်ရွက်တွေ ကြွေကျသွားတာမှ မြင်ရဦးမယ်။ တဟွတ်ဟွတ်ချောင်းဆိုးနေတဲ့ ကမ္ဘာကြီးပေါ်မှာ သူ့သဘောအတိုင်း သူဆောင်ရင်း ကောင်းကင်ရဲ့ မူလအရောင်ကိုလည်း မေ့လျော့ခဲ့ကြပြီ။

ဒီလိုနဲ့ပဲ ကျောင်းတက်ကျောင်းဆင်း ခေါင်းလောင်းသံကို ခံတွင်းမြှက်ရင်းနဲ့ ကုန်ဆုံးသွားပေါ့။ တရွေ့ရွေ့ ပွဲကြွေပြီးဆုံးသွားပေါ့။

နွေမဟုတ် မိုးမဟုတ်နဲ့ နည်းနည်းကြိုးရှုပ်တဲ့ ရာသီဥတုထဲက တစ်နေ့မှာ ငါတို့အောင်စာရင်းထွက်တယ်။

ငါရိုးရိုးရှင်းရှင်းပဲအောင်တယ်။ မွေးနီကလည်း ရိုးရိုးရှင်းရှင်းပဲ အောင်တယ်။ လွင်မင်းကတော့ . . .

"ဟဲ . . . ဟဲ . . . ငါ့ဘေးက ကောင်မလေးက သင်္ချာတော်တော် တော်တာပဲကွ"

ဆိုပြီး အားရပါးရ ပြောလာတယ်။ ဒီကောင် သင်္ချာဂုဏ်ထူးရ တယ်လေ။



www.burmeseclassic.com

www.burmeseclassic.com

မွေးနီကျလို့တော့ ငါတို့ စိတ်မကောင်းဘူး။ သူကျမယ်မှန်း ကြိုသိပေမဲ့ ဒီလိုလက်တွေ့ ရင်ရင်ဆိုင်ဆိုင်သိလာရတော့ သူလည်း မခံစားနိုင်ရှာပါဘူး။ သူငယ်ချင်းတွေအောင်တော့ သူလည်း အောင်ချင်နေရှာမှာပဲ။

"တောက် . . . ဟိုကောင်တွေ ငါ့အတင်းပြောနေသလိုပဲ"

ခပ်လှမ်းလှမ်းက သူ့ဘာသာသူ စကားပြောနေကြတဲ့ ရွယ်တူလူငယ်တစ်သိုက်ကို ကြည့်ပြီး မွေးနီပြောလိုက်တဲ့စကားပါ။

"ဟာ . . . မဟုတ်ပါဘူး။ သူတို့ဘာသာ ပြောနေတာပါ"

"ဟုတ်လို့လားကွာ။ ဟော . . . ဟော . . . ငါ့ကို ဂျိုရှိုင်းပြန်ပြီ။ ဂျိုကြည့် . . . ကြည့်ပြန်ပြီ"

"ဟာ . . . သူတို့ဘာသာ ဟိုကောင်မလေးတွေဘက် ကြည့်တာပါကွာ"

လွင်မင်းကပဲ ဝင်ဖြေရှင်းရပြန်တယ်လေ။ မွေးနီက သူကျတော့ အောင်တဲ့သူတွေကို လိုက်ဆဲပင်မွေးဆူးနေတာပါ။

"ကျွတ် . . . ဒီကောင်တွေကွာ ငါ လက်ယားလာပြီ"

ကြိတ်မနိုင်ခဲမရနဲ့ မွေးနီ သူ့ဘာသာသူပဲ မျက်နှာလွှဲနေလိုက်တော့တယ်။

ယဉ်လား . . . ။ အင်း . . . ယဉ်ကတော့ နှစ်ဘာသာပဲ ဂုဏ်ထူးပါတော့တယ်။ အစကတော့ ဘာသာစုံထွက်မှာလို့ နာမည်ကြီးခဲ့ပေမဲ့ ဆေးရုံလည်းတက်လိုက်ရ၊ လမ်းပြန်လျှောက်နိုင်ဖို့လည်း အချိန်တော်တော် ပြန်ပေးလိုက်ရနဲ့ ဒီလိုပဲ ဂုဏ်ထူးနည်းသွားတာပေါ့။

ဟူး . . . ခနဲချလိုက်တဲ့ မွေးနီ့သက်ပြင်းတွေက ငါနဲ့လွင်မင်းကို ဖြတ်တိုက်လာတယ်။ ကြေကွဲနေတဲ့ မွေးနီကို ငါတို့ မနှစ်သိမ့်မိဘူး။ နှစ်သိမ့်လိုက်မှ အားမဖြစ်ဘဲ ပိုခံစားရတာမျိုး ဖြစ်နေမှာကို ငါတို့စိုးရိမ်နေတာကြောင့်ပေါ့။

ဒါကြောင့် ငါတို့ စကားလုံးတွေကို ဘေးဖယ်ပြီး မွေးနီရဲ့ပခုံး



လေးကိုသာ နွေးနွေးထွေးထွေး ပုတ်ပေးနေလိုက်တယ်။

ခဏကြာတော့မှ မွေးနီက . . .

"ငါ အိမ်ပြန်ပြီး အိပ်တော့မယ်ကွာ"

ညိုးညိုးငယ်ငယ်နဲ့ နှုတ်ဆက်လို့ပြန်သွားရှာတယ်။ လွင်မင်းနဲ့ ငါလည်း လေးလေးပင်ပင် နှုတ်ဆက်လို့ ကျောင်းပေါက်ဝအထွက်မှာပဲ လမ်းခွဲခဲ့ကြတယ်။

လူသူသွားလာမှု နည်းပါးတဲ့ လမ်းဟောင်းကလေးတစ်ခုကနေ ရွေးပြန်ခဲ့တယ်။ ဖေဖေနဲ့မေမေကို သတိရရင်း ငါလျှောက်လာခဲ့တယ်။ မေမေရေ . . . ဒီတေလေကလေး ဆယ်တန်းအောင်ခဲ့ပြီလေ။ ဒါပေမဲ့ ရှေ့ဆက်အနာဂတ်ကတော့ အခိုးအမြူတွေနဲ့ ဝါးဝေတုံမှိုင်းနေဆဲပေါ့။

ဒီလိုလမ်းဟောင်းလေးမှာ ငါလိုလူတစ်ယောက်ပဲ လျှောက်ချင်နေမှာလို့ထင်ခဲ့တာ။ ဒါပေမဲ့ . . .

"ဟင် . . ."

မထင်မှတ်ဘဲ နင့်ကို တွေ့လိုက်ရတယ်လေ။ နင်က စက်ဘီးလေးနဲ့ပါ။ ဝေးဝေးက နင်က ငါ့ကိုလည်းမြင်သွားတယ်။ ဒါကြောင့် စက်ဘီးလေးကို အပြေးနင်းလာတယ်။

"အဟွတ် . . . အဟွတ် . . . အဟင်း . . . ဟင်း . . ."

ယားနေတဲ့ လည်ချောင်းကြောင့် ချောင်းတွေအဆက်ပြတ် ဆိုးလာသေးတယ်။ ဒါပေမဲ့ နင် ငါ့ရှေ့အရောက်မှာပဲ ချောင်းဆိုးရပ်သွားလို့ တော်သေးတယ်။

အနားရောက်လာတဲ့ နင့်ကို သေချာကြည့်မိတယ်။ အောင်စာရင်းမှာ ဂုဏ်ထူးနည်းခဲ့လို့ နင်ဘယ်လိုခံစားနေရမလဲဆိုပြီးတော့ပေါ့။ ဒါပေမဲ့ နင်က ဘာမှမဖြစ်သလို ပုံလေးနဲ့ပါ။ ခါတိုင်းလို လေစကြာလေးလည်း ကိုင်ထားလို့။

"လာ . . . ငါလိုက်ပို့နိုင်သလောက် လိုက်ပို့မယ်။ တက်"

စက်ဘီးကယ်ရီယာခုံလေးကို ပုတ်ပြရင်း နင်ပြောတယ်။



www.burmeseclassic.com

www.burmeseclassic.com

နင်က လွတ်လွတ်လပ်လပ် ပြောပေမဲ့ ငါက ပတ်ဝန်းကျင်ကို ကြည့်မိသေးတယ်။ တခြားလူတွေ မြင်သွားရင်မကောင်းဘူးလေ။ နင့်အတွက် မကောင်းတာပါ။ နင်နဲ့ငါ စက်ဘီးတစ်စီးတည်း အတူတူစီးတာကို လူများများ မမြင်သင့်ဘူးလေ။

ကံကောင်းစွာနဲ့ပဲ ဒီလမ်းကလေးက လူရှင်းနေခဲ့တယ်။

စက်ဘီးကလေးကို ပုံမှန်အတိုင်း နင်းခဲ့တယ်။ ငါကတော့ နောက်ကနေ ရို့ရို့ကလေးထိုင်ပြီး လိုက်ပါလာခဲ့တာပေါ့။

"ပြော တက္ကသိုလ် ဆက်တက်မှာမို့လား"

ငါလည်း အောင်တယ်ဆိုတာ နင်သိပြီးသားပေါ့လေ။ အင်းဒါကြောင့်လည်း ငါ့အနာဂတ်ကို မေးမြန်းလာတာပေါ့။

"ဟင့်အင်း . . . ဘုရားကျောင်းမှာပဲ ဂီတပညာကို သေချာလေ့လာသင်ကြားမလို့"

ငြိမ်သွားသေးတယ်။ တော်တော်ကြာကြာပေါ့။ ပြီးမှ . . .

"ကောင်းပါတယ်" တဲ့။ ဆက်ပြီးလည်း ပြောတယ်။

"ငါကတော့ အမှတ်ကလည်း သိပ်ကောင်းမှာမဟုတ်တော့ဘူးဆိုတော့ ရိုးရိုးတက္ကသိုလ်ပဲ ဆက်တက်ရတော့မှာပေါ့ဟာ။ အင်း . . . ငါ့ခြေထောက်လေး လုံးဝပြန်ကောင်းလာရင် ငါပြန်ကမှာ"

"အင်း . . . ကောင်းတယ်။ ငါ အားပေးတယ်"

နောက်တော့ ဆက်ပြောစရာစကားတွေ ရှားနေခဲ့ကြတယ်။ အတော်လေးကြာမှ တခြားသောစကားတွေပြောဖြစ်လာခဲ့ကြတယ်။

"ဗီသိုဗင်က သူ့အသက်ရှိစဉ်တုန်းက ပန်းချီကားတစ်ချပ်တည်း ရောင်းခဲ့ရတာနော်။ သနားပါတယ်"

"ဟုတ်လား"

ငါလည်း အံ့သြနေလိုက်တယ်။ ဗီသိုဗင်က ပန်းချီဆွဲလား၊ ငါ မသိဘူးလေ။

"နောက်ပြီးတော့ သူက သူ့နားရွက်တစ်ဖက်ကိုလည်း ဖြတ်ပစ်



ခဲ့တာနော်"

ကျွတ် . . . ငါသိလိုက်ပြီ။ နင် တလွဲတွေပြောနေတာပဲ။

"ဟာ . . . နင်ပြောနေတာ ဗီသိုဗင်အကြောင်းမှ မဟုတ်ဘဲ။ ဗင်းဆင့်ဗန်ဂိုးအကြောင်းပဲ"

"အမ်"

နင် ငြိမ်ပြီး ပြန်စဉ်းစားတယ်လေ။ ပြီးတော့ ဆူပုတ်ပုတ်ဖြစ်သွားပြီး

"ဟာ . . . နင်ကလည်း ဗီသိုဗင်နဲ့ ဗင်းဆင့်ဗန်ဂိုး ဗထက်ချိုင့်တွေကရှုပ်နေတော့ ငါက ရောသွားတာပေါ့ဟဲ့"

ဟွန်း . . . သူလည်းမှားသေး၊ ငါ့လည်း ပြန်ဟောက်သေး။ ကော်တော်လည်း အကြောင်းပြချက်ပေးတတ်သေးတယ်။

နှစ်ယောက်သား မကျေမနပ်နဲ့ ခဏငြိမ်သက်သွားသေးတယ်။ ခဏကြာတော့ နင်ကပဲ စကားစလာပြန်တယ်လေ။

"ဟို . . . ဂရိကဗျာဆရာကြီးကလည်း တော်တော်တင်းတိမ် ခံနိုင်ရဲနိုင်တာပဲနော်"

". . . . ."

"ဘာတဲ့ ဝိုင်တစ်ခွက်ရယ်၊ ပေါင်မုန့်တစ်ချပ်ရယ်၊ ကဗျာစာအုပ်ရယ်၊ သစ်ပင်ရိပ်ကလေးရယ်၊ ချစ်သူရယ်ရှိရင် ဘာမှမလိုတော့ဘူးဆိုတာပဲလေ"

တွေ့လား တွေ့လား။ သူကောင်းကောင်းလည်း မသိဘဲ တလွဲတွေ ပြောနေပြန်ပြီ။

"ဟွန်း . . . နင်ပြောနေတာ 'အိုမာခေယမ်'ရဲ့ ကဗျာကြီးပါ။ အိုမာခေယမ်က ဂရိမဟုတ်ပါဘူး။ ပါရှန်း လူမျိုးပါ"

"ဟင် . . . ဟုတ်လို့လား"

"ဟုတ်တယ်၊ ဟုတ်တယ်"

ငါက ပြုံးငြင်းတော့ ခုနကလိုပဲ ဆူပုတ်ပုတ်ဖြစ်သွားရောလေ။

www.burmeseclassic.com

နင် ချက်ချင်းပဲ စက်ဘီးကို ရပ်ခိုင်းပြီး . . .

"ဆင်းတော့ . . . သွား . . . နင်ဆင်းတော့"

ငါ့ကို စက်ဘီးပေါ်က ဆင်းခိုင်းတယ်။ ပြီးတော့လည်း ပါးစပ်က တတွတ်တွတ်နဲ့ အရှည်ကြီး ပြောနေသေးတယ်။

"ဘာမှန်းလဲမသိဘူး။ သူများကပြောရင် မှားမှားမှန်မှန် ငြိမ်နားထောင်ပေးရမှာပေါ့။ လူမှုရေးလည်း နားမလည်ဘူး။ ယောကျ်ားလေးဖြစ်ပြီး အပြစ်လိုက်ရှာနေတာ စိတ်ကိုတိုတယ်။ အရမ်းပဲ . . . တလောက်"

အဟား . . . တောက်လည်း မခေါက်တတ်ဘူး။ တောက်ခေါက်တဲ့ အသံကလည်း တလောက်တဲ့။

"သွား . . . သွား . . . ကိုယ့်ဘာသာကိုယ် လမ်းလျှောက်တော့"

ဆိုပြီး စက်ဘီးလေးနင်းလို့ နင်ထွက်သွားပါရောလား။

တကယ်တော့ ဟိုရှေ့ကလမ်းဆိုရင် လူသူဖြတ်သွားဖြတ်လာတွေ များပြီလေ။ ဒါကြောင့်မို့ စိတ်ဆိုးချင်ယောင်ဆောင်ပြီး နင် ငါ့ကို စက်ဘီးပေါ်က ဆင်းခိုင်းခဲ့တာပေါ့။ ငါ နားလည်ပြီးသားပါ ယဉ်ရဲ့။

ခပ်လှမ်းလှမ်းရောက်တော့ နင်က လှည့်ပြန်လှည့်ကြည့်သွားတယ်။ ပြီးတော့ ကြည်လင်ဖြူဖွေးတဲ့ အပြုံးနဲ့ လက်လှမ်းပြခဲ့သေးတယ်။

အဲ့ဒီအမူအရာလေးကိုမြင်တော့ ငါ့ရင်ထဲမှာ ဘာဖြစ်သွားလဲသိလား။ ရိုးရိုးရှင်းရှင်းပဲ ပြောမယ်။ ငါပျော်သွားတယ်။

အဲ့ဒီ နံနက်ခင်းပေါ့
အိုမာခေါ်ယမ်ကို လောဘအိုးလို
ငါ ဝံ့ဝံ့ကြွားကြွား ယိုးစွပ်ခဲ့တာလေ။
ယဉ်ရေ . . .
ငါ့ဘဝကတော့ နင်တစ်ယောက်တည်းနဲ့ ပြည့်စုံခဲ့ပေါ့။



(၈)

ငါ့ဂစ်တာသံကို ဦးလေးပေါလ်က မျက်စိမှိတ်ပြီး နားထောင်နေခဲ့တယ်။ နောက်တော့ မျက်စိဖွင့်ပြီး ခြေထောက်ကိုလည်း ဖိဖော့လိုက် ...လို့ ခပ်တိုးတိုး စည်းချက်ဖြည့်ပြီး နားထောင်တယ်။ ပြေးလွှားနေတဲ့ ဂစ်တာသံကို ခံစားချက်ရှိရှိနဲ့ ဖမ်းယူနားထောင်နေတယ်။

ဂစ်တာသံဆုံးတော့ ဦးလေးပေါလ်က ရေနွေးတစ်ခွက်ငှဲ့သောက်တယ်။

ငါက ဂီတနုတ်စာရွက်လေးကို ဘုတ်ပြားကနေဖြုတ်ပြီး အိတ်ထဲထည့်သိမ်းလိုက်တယ်။

"လက်သံကတော့ နားထောင်ရတာ ကျေနပ်အားရစရာပါ။ ...ရှိတတ်ခံကတော့ ကောင်းတဲ့အထဲကပဲ"

ဦးလေးပေါလ်က ငါ့ကိုချီးကျူးသလို ပြောတယ်။ ဒါပေမဲ့ ...ဆက်ထပ်ပြောစရာလည်း ကျန်သေးတဲ့ပုံပဲ။

"ဒါပေမဲ့ မင်းလက်ကွက်ဖိတာက တစ်မျိုးပဲ။ ပုံစံက စနစ်ကျပုံ ...ချင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်ကဲ့၊ ကျွန်တော့်ဘယ်ဘက်လက်ညှိုးက လှုပ်ရှားရ နည်းနည်းခက်နေလို့ပါ"

"ဘယ်လို"

"ကျွန်တော် ငယ်ငယ်က ဒီလက်ညှိုးကို ဒဏ်ရာရဖူးလို့ပါ။ မြင်းခွာနဲ့ပေါက်တာ ခံရဖူးတယ်"

"မြင်းခွာ"

သံယောင်လိုက်သေးတယ်။ ဒါပေမဲ့ ဘာမှတော့ ဆက်မမေးတော့ဘူး။ ယဉ်ရေ . . . နင်ကတော့ မှတ်မိမှာ မဟုတ်ဘူး။ ငယ်ငယ်တုန်းက နင် ကျောင်းရှေ့က မြင်းလှည်းမှာ မြင်းကြီးကို အစာကျွေးနေတုန်း မြင်းကြီးက လန့်ပြီးခုန်တော့ ငါဝင်ကယ်လိုက်ရတယ်လေ။ အဲဒီမှာ လက်ထိသွားတာပေါ့။

ဦးလေးပေါလ်က ပုလွေတစ်ချောင်းကို ပွတ်သပ်ရင်း ပြောလာပြန်တယ်။

"ဂရိတွေက ယူဆခဲ့ကြတယ်ကွ။ တူရိယာတစ်မျိုးကို ကျွမ်းကျွမ်းကျင်ကျင် တီးမှုတ်နိုင်ရင် အပျင်းပြေရုံသာမကဘဲ အကျင့်စာရိတ္တကိုလည်း ကောင်းမွန်လာနိုင်တယ်တဲ့"

"ဟုတ်ကဲ့"

"နောက်တစ်ခါကျတော့ ငါမင်းကို ဂီတပိုင်းတစ်ခုနဲ့ မိတ်ဆက်ပေးမယ်။ အဲဒီတီးဝိုင်းမှာ အကူလိုက်တီးကြည့်ပေါ့ကွာ။ နောက်ပိုင်းတော့ နေရာရလာမှာပါ"

"ဟုတ်ကဲ့"

"ကဲ . . . ကဲ . . . ဖြည်းဖြည်းပြန်ကွာ"

ဂစ်တာလေးကို အိတ်ထဲပြန်ထည့်၊ ပခုံးမှာလွယ်ပြီး ဘုရားကျောင်းထဲက ငါထွက်ခဲ့တယ်။

အပြင်ရောက်တော့ ဆပ်ပြာပူဖောင်းမှုတ်နေတဲ့ ကလေးငယ်လေးတစ်ယောက်ကို အမှတ်တမဲ့ တွေ့မိတယ်။



ပူဖောင်းလေးတွေ မပေါက်ခင်ဘဲ နင့်ကို သတိရတဲ့စိတ်တွေက ငါ့ကိုစိုက်ကန်ပြီး ပေါက်ထွက်သွားတယ်။ အိမ်နားရောက်တော့လည်း ဥယျာဉ်ဟောင်းလေးထဲ လှမ်းကြည့်ဖြစ်သေးတယ်။ နင်စိတ်ညစ်ရင် ဥယျာဉ်လေးထဲ လာထိုင်တတ်တယ်လေ။ တစ်ခါတလေ နင်နဲ့တွေ့ဖြစ်ပေမဲ့ အဲဒီတစ်ခါတလေထက်ပိုတဲ့ တွေ့ဆုံခြင်းမျိုး ငါလိုချင်မိတယ်။

ဘယ်ဘုရားထံ ဆုတောင်းရမလဲလေ . . .။

အင်း . . . ဒီအချိန် နင်ကတော့ တက္ကသိုလ်နယ်မြေက လမ်းမပေါ်မှာ လျှောက်နေရောပေါ့ . . .။



www.burmeseclassic.com

www.burmeseclassic.com

(၉)

## နှလုံးသားနှင့် တွေ့ဆုံခြင်း

အဲ့ဒီလို အမည်ပေးထားတဲ့ အနုပညာပြပွဲတစ်ခုကို ငါနဲ့မွှေး[illegible] ရောက်ခဲ့တယ်။ လွင်မင်းကတော့ သူ့အမေ နေမကောင်းလို့ဆိုပြီး လို[illegible] မလာခဲ့ဘူး။

ဒီပြပွဲဟာ ငါတို့မြို့ကလေးအတွက်ဆိုရင်တော့ ကြုံတောင့်ကြ[illegible] ခဲ ပြပွဲလို့ဆိုရမှာပဲ။

အနုပညာပြပွဲဆိုတဲ့အတိုင်း ပန်းချီ၊ ပန်းပုတွေအပြင် တခြား[illegible] အနုပညာပစ္စည်းတွေလည်း ပါဝင်ပြသထားတယ်။ ထူးထူးခြားခြား တူ[illegible] ယာပစ္စည်းတွေလည်း ပြသထားပါတယ်။ တရုတ်ဖျပ်စောင်းတွေ၊ ကိုက[illegible] လို့ခေါ်တဲ့ ကြိုးသုံးချောင်းတပ်ပါတဲ့ ဂျပန်တယောတွေကအစပေါ့ပဲ။

"ဟော့ကောင် . . . အဲ့ဒါဘာလုပ်နေတာလဲ"



ငါက မွှေးနီကို ခပ်ဆတ်ဆတ်မေးလိုက်တာလေ။ မွှေးနီက ငုတ်[illegible]တုတ်ကြီးထိုင်ပြီး မရိုးမသားမျက်လုံးတွေနဲ့ ပန်းချီကားကို ပင့်ကြည့်နေ[illegible]သို့ပါ။ ကန်တော့ ကန်တော့ ပြောရမှာတော့ သိပ်မကောင်းဘူး။ ပန်းချီ[illegible]ကားထဲမှာ စကတ်တိုတိုဝတ်ထားတဲ့ ကောင်မလေးတစ်ယောက် ပါနေ[illegible]တယ်လေ။

"အဟဲ . . . ငါ မင်းထင်သလို မဟုတ်ဘူးကွ" တဲ့။

ငါ ဘာထင်မလဲတော့ ဒီကောင်သိသားပဲ။ ပန်းချီကားပါဆို [illegible]င့်ကြည့်လည်း ဘာထူးမှာလဲ။ အာဃပဲ။

ဒီပြခန်းထဲမှာတော့ လူတစ်ယောက်ခေါင်းမော့ပြီး နင့်နင့်ကျူး[illegible]ကျူးအော်ဟစ်နေတာကို Eye-bird အနေအထားနဲ့ဆွဲထားတဲ့ ပန်းချီကား[illegible] ငါအကြိုက်ဆုံးပဲ။ ပန်းချီကားနာမည်ကလည်း သပ်ရပ်တယ်။ 'မီး[illegible]ကောင်' တဲ့။

ခန်းမထဲမှာ ထူးခြားတာတစ်ခုရှိသေးတယ်။

'မည်သူမဆို အခမဲ့ ဝင်ရောက်တီးခတ်နိုင်ပါသည်' ဆိုပြီး ဆိုင်း[illegible]ဘုတ်တင်ထားတယ်။ အဲ့ဒီဆိုင်းဘုတ်အောက်မှာမှ တူရိယာပစ္စည်းမျိုးစုံ[illegible] ခင်းကျင်းနေရာချထားတာပဲ။ မည်သူမဆို တီးခတ်လို့ရတယ်ဆိုပေ[illegible] ဘယ်သူမှတီးခတ်တာ မတွေ့ရသေးဘူး။

"ပိုင် . . . စန္ဒယားကြီးက လှလိုက်တာ"

မွှေးနီပြောသလိုပဲ စန္ဒယားကြီးက ခန့်ညားနေတယ်။ ဂီတသမား[illegible]တဲ့ ငါ့ကိုလည်း ညို့စားနေတယ်။

"ပိုင် . . . မင်းဝင်တီးစမ်းကွာ"

မွှေးနီက တိုက်တွန်းပေမဲ့ ဒါမျိုးတော်ရုံလူ ဘယ်ဝင်တီးရဲမလဲ။ [illegible]နုပညာသမားတွေ အများကြီးကြားမှာ ကိုယ့်လက်သံကို ဖြည်ပြဖို့ရာ [illegible]ဆွေဝေ ဝန်လေးစရာပဲ။ ဒါပေမဲ့ ငါကမျက်ကန်းလေ။ တစ္ဆေကို ဘာ[illegible] [illegible]ကြောက်မလဲ။



www.burmeseclassic.com

www.burmeseclassic.com

ချက်ချင်းပဲ စန္ဒယားရှေ့ နေရာဝင်ယူလိုက်တယ်။

ပြီးတော့ ခလုတ်တွေပေါ် လက်ချောင်းတွေတင်ပြီး ကျင်လည်စွာ လူးလွန့်တော့တယ်။ တေးသွားအလျင်အတိုင်း ငါစိတ်ဟာ ခိုတွယ်ပါသွား . . .၊ တီးကွက်တွေစိပ်လာတော့ ငါ့အာရုံတွေ ရှန်းရင်းဆန်ခတ်၊ ဖေဖေ၊ မေမေ၊ ယဉ်ယဉ်၊ မီးတစ်ခြမ်းလောင်ထားတဲ့ အိမ်ကြီးထဲမှာ ငို နေတဲ့ ကလေးလေးတစ်ယောက်။

လက်ချောင်းတွေကို ရပ်လိုက်ပေမဲ့ ဂီတသံက လှိုင်ကျန်နေခဲ့ဆဲ။

ငါခေါင်းငုံ့ထားရာကနေ ခေါင်းမော့လိုက်တော့ . . .

"ဟင်"

လူတွေ ဝိုင်းလို့ပါလား။ ပြခန်းတစ်ခုလုံးကလူတွေ ငါ့ကို ဝိုင်းကြည့်နေကြတာ။ ပိုထူးခြားတာက ဝိုင်းကြည့်နေတဲ့အထဲမှာ ယဉ်လည်း ပါနေတာပဲ။ ငါ့ကို မျက်လုံးဝိုင်းလေးနဲ့ တအံ့တသြကြည့်နေရှာတာ။

တေးသွားသံလုံးဝ အဆုံးသတ်သွားသော ဝိုင်းကြည့်နေကြတဲ့ လူတွေဆီက လက်ခုပ်သံတွေ တဖြောင်းဖြောင်းအိုင်ထွက်လာတယ်။

လက်ခုပ်သံနဲ့ နေသားမကျတဲ့ ငါတော်တော်တော့ နေရခက်သွားတယ်။ ငါ အားလုံးကို ခေါင်းညိတ်ပြပြီးမှ စန္ဒယားရှေ့က ထွက်ခဲ့လိုက်တယ်။

နင်က ငါ့ကို ဆီးကြိုလမ်း ပိတ်ထားတယ်။

"ဝိုင် . . . နင့်လက်သံက သိပ်ကောင်းပါလား။ နင် တော်တော်ခရီးရောက်နေပြီပဲ"

"အင်း . . . အဟဲ"

နင့်ဘေးမှာ သက်သက်ရယ်၊ ငါမသိတဲ့ သူငယ်ချင်းအသစ်တစ်ယောက်ရယ် ပါလာတယ်လေ။ အဲ့ဒီသူငယ်ချင်းအသစ်နဲ့ နင်က ငါ့ကို မိတ်ဆက်ပေးတယ်။

"ဒါချောစုတဲ့။ ငါတို့ E-မေဂျာကပဲလေ။ ချောစု ဒါက ငါပြော



ပြဖူးတဲ့ ဝိုင်ဆိုတာ"

ချောစုက ဖော်ရွေပုံရပါတယ်။

"ဟုတ်ကဲ့ . . . ကိုဝိုင့်အကြောင်း ကြားဖူးပါတယ်။ မျက်ရည်တွေကို ကြိုက်တဲ့သူဆိုပြီး ယဉ်ပြောပြလို့ ကြားဖူးနေတာ ကြာပါပြီ"

"သြော် . . . ဟုတ် . . . အင်း . . . "

ယဉ်ကလည်းကွာ၊ ဘာတွေလျှောက်ပြောထားမှန်းမသိ။ သက်သက်ကတော့ ထုံးစံအတိုင်း နှာခေါင်းရှုံ့ပြီး လှည့်ထွက်သွားတယ်။

အဲ့ဒီနောက် ငါနဲ့နင်အတူ ပန်းချီကားတွေကို လိုက်ကြည့်ဖြစ်ကြတယ်လေ။

ဝိုင်ခွက်လေးတွေကို ဆွဲထားတဲ့ ပန်းချီကားကိုတွေ့တော့ . . .

"ဖောင်ဖောင် . . . ဖောင်ဖောင်"

လို့ နင်က ရေရွတ်တယ်။

"ဘာလဲဟ . . . ဖောင်ဖောင်"

"ဘာမှမဟုတ်ပါဘူး။ စိတ်ထဲက ဒီပန်းချီကားကိုကြည့်ပြီး အဲ့ဒီ လိုပြောချင်တာနဲ့ ပြောလိုက်တာ"

"နင် ငယ်ငယ်ကအတိုင်းပဲ"

"ဟင် . . . ဘာဖြစ်လို့"

ငါ့ကို ထူးထူးဆန်းဆန်း ကြည့်လာတယ်လေ။ ဒါပေမဲ့ ငါဘာမှ ဖြေရှင်းချက်မပေးဘဲ ပြုံးနေလိုက်တယ်။ နင်ငယ်ငယ်ကလည်း လေကြာလေးကို ကိုင်ပြီး 'တူဖိုး . . . တူဖိုး' လို့ ဘာအဓိပ္ပာယ်မှမရှိတဲ့ စကားလုံးတွေကို အော်ပြီး ပြေးဖူးတယ်လေ။

နောက်ထပ် ပန်းချီကားတစ်ချပ်လည်း ရောက်ရော . . .

"ဟင် . . . ဒါ အီဆာဒိုရာဒန်ကန် ကချေသည်ပဲ"

"ဒါလည်း စိတ်ထဲရှိတာ ပြောတာလား"

"မဟုတ်ပါဘူး။ ဒီကချေသည်က သူရဲ့ခြုံပဝါလေးနဲ့ ရစ်ပတ်ပြီး သတ်ခံခဲ့ရတာ"



www.burmeseclassic.com

www.burmeseclassic.com

"သြော်"

ကချေသည်နဲ့ ပတ်သက်တာကိုတော့ နင်သိမှာပေါ့လေ။

အဲ့ဒီအချိန်ပဲ ငါတို့အနားကို အမျိုးသမီးကြီးတစ်ယောက် ရောက်လာခဲ့တယ်။ အမျိုးသမီးကြီးဆိုပေမဲ့ သုံးဆယ်ကျော်လောက်ပါ။ အဲဒီအမျိုးသမီးကြီးကိုမြင်တော့ ယဉ်က စနှုတ်ဆက်တယ်။

"ဟာ . . . ဆရာမ"

"အို: . . . ယဉ်ယဉ်"

နင် ဆရာမလို့ခေါ်တဲ့ အမျိုးသမီးက နင့်ကို ခြေဆုံးခေါင်းဆုံး ကြည့်ပြီး . . .

"ခြေထောက်ကော ကလို့ရအောင် ကောင်းသွားပြီလား"

"သိပ်တော့ မရဲသေးဘူး။ သတိထားပြီး လေ့ကျင့်ကနေရတယ် ဆရာမ"

နင်က အဲ့ဒီအမျိုးသမီးက ငါနဲ့လည်း မိတ်ဆက်ပေးသေးတယ်။

"ပိုင် . . . ဒါက ငါ့အကဆရာမလေ။ ငါ ဆယ်တန်းခြေ မကျိုးခင်အထိ အိမ်မှာလာသင်ပေးခဲ့တာ။ ဆရာမ ဒါ ပိုင်တဲ့"

နင်က မိတ်ဆက်ပေးတော့ ငါက ခေါင်းညိတ်ပြရတာပေါ့။ အမျိုးသမီးကြီးက ငါ့ကို သေချာကြည့်ပြီး . . .

"ခုန စန္ဒယားတီးတဲ့ လူငယ်ပဲ"

"သြော် . . . ဟုတ်ကဲ့ခင်ဗျ"

"လက်သံကတော့ ပါရမီရှင်ပဲ။ ဒီဘက်က ယဉ်ကလည်း အက ပါရမီ ကောင်းတယ်"

ယဉ်က ပြုံးတယ်။ အမျိုးသမီးက ဆက်ပြောတယ်။

"ပိုင်ရဲ့တေးသွားနဲ့ ယဉ်သာကမယ်ဆို သိပ်လိုက်ဖက်လှပသွားမှာပဲ။ အဟင်း . . . ဟင်း . . . "

ဟင် . . .။ သူက စစနောက်နောက်ပြောတာပါ။ ဒါပေမဲ့ ဖျပ်ခနဲ ငါ့ရင်က မျှော်လင့်ချက်တစ်ခုကို ရှာတွေ့သွားတယ်။ ငါ့တေးသွားနဲ့



များ ယဉ်ကခဲ့ရင် . . .၊ ငါ့တေးသွားနဲ့များ ယဉ်ကခဲ့ရင် . . .၊ ငါ့စိတ်ထဲ မျှော်လင့်တဲ့အသိတစ်ခုက ဝင်သွားပြီ။ ငါ့တေးသွားနဲ့များ ယဉ်ကခဲ့ရင်–

"အမယ်လေး"

ရုတ်တရက် အော်သံကြားလို့ စကားတွေ၊ အတွေးတွေ ပြတ်သွားတယ်။ ပြခန်းတစ်ခုလုံးက အသံလာရာကို လှည့်ကြည့်ကြတယ်။

အသံပိုင်ရှင်က သက်သက်ပါ။ သူ့ကြောင့် ပန်းပုရုပ်ကြီးတစ်ချပ်လဲသွားလို့ အော်လိုက်တာပါ။ ပန်းပုရုပ်ကြီးက လဲရုံတင်မကဘူး။ လက်တစ်ဖက်လည်း ပြုတ်သွားတယ်။

ပန်းပုရုပ်ကြီးမှာ ကပ်ထားတဲ့ဈေးနှုန်းက သုံးသိန်းခွဲတဲ့ဗျာ။ ဒါကိုမြင်တဲ့ သက်သက်လည်း မူးမေ့မတတ် မျက်လုံးပြူးသွားရတော့တာပေါ့။ ပြပွဲတာဝန်ခံက သက်သက်ကို ခေါ်သွားတော့တယ်လေ။

အပြန်လမ်းမှာ မွေးနီက . . .

"ပိုင် . . . ယဉ်ယဉ်က ငါ့ကို မကြည့်သလိုပဲ"

ငါ ပြန်ပြောဖို့ ခက်ခဲ့တယ်။ တကယ်လည်း နင်က မွေးနီကို ကြည့်မရဘဲ . . .

"ငါ့ကို သူခိုးဆိုပြီး ရွံ့နေတာထင်တယ်"

"အဲ့ဒီလိုမဟုတ် . . ."

"ဟား . . . ဟား . . . ဟား . . . ဟား . . . "

မွေးနီက ငါ့စကားကို ဆက်မကြားနိုင်အောင် အကျယ်ကြီး ကြွေကြွေကွဲကွဲ အော်ရယ်လိုက်တယ်။

ပြီးမှ အဲ့ဒီကိစ္စကို လျှော့လိုက်ပြီး တခြားကိစ္စပြောတယ်။

"ဒီအချိန် သက်သက်တော့ ကောင်းကောင်းဒုက္ခရောက်နေလောက်ပြီနော်"

ဒီတော့မှ ငါ ဒီကောင့်မျက်နှာကို ကောင်းကောင်းကြည့်မိတယ်။ ဒီကောင့်မျက်နှာက လျှို့ဝှက်ချက်ပါးပါးတစ်ခုနဲ့ ပြုံးလို့။

"ပန်းပုရုပ်ကြီး ပြုတ်ကျအောင်လုပ်လိုက်တာ မင်းမို့လား"



www.burmeseclassic.com

www.burmeseclassic.com

"ဒါပေါ့ ဘယ်သူရှိရမှာလဲ"

သက်သက်ကို ချောက်တွန်းခဲ့တာ မွေးနီကိုး။ မွေးနီက ထုံးစံအတိုင်း လက်ပိုက်ပြီး ရင်ကော့ပြတယ်လေ။

ဒီအတိုင်းပဲ ဆက်လျှောက်လာရင်း ငါဖြေရအခက်ဆုံး မေးခွန်းတစ်ခုကိုလည်း မွေးနီက မေးလာတယ်။

"ပိုင် . . . မင်း ယဉ်ယဉ့်ကိုပိုင်ဆိုင်ဖို့ မကြိုးစားတော့ဘူးလား"

အိုး . . . ငါ့မှာ တလွင့်လွင့် ဝေးသွားပေါ့။ ဘယ်လိုမေးလိုက်တာလဲ သူငယ်ချင်းရယ်။ ချစ်သူကို ဘယ်သူကများ စွန့်လွှတ်ဖို့ ချစ်ခဲ့မှာလဲ။ ငါ့ရင်ကိုခွဲ၊ ငါ့ရင်ကွဲထဲပဲ ခေါင်းနှစ်အော်လိုက်ချင်တယ်။

"မွေးနီ . . . ဟိုးမှာကြည့်စမ်း"

ငါ ကောင်းကင်ကိုညွှန်ပြတော့ မွေးနီကမော့ကြည့်တယ်။

"အဲ့ဒါ . . . ယဉ်ပဲ"

နောက်တော့ ငါဟာ မြေကြီးကို လက်ညှိုးနဲ့ ထပ်ညွှန်ပြလိုက်တယ်။

"ဒါကတော့ ငါပေါ့ကွာ"

" . . . . . "

'အင်း' လို့ မွေးနီက တိုးသက်သက်ညည်းတယ်။ ငါ့စိတ်ရဲ့အစအဆုံးကို မွေးနီမြင်လိုက်ပြီလေ။

မိုးနဲ့မြေဆိုတာ . . . အင်း . . . မိုးနဲ့မြေဆိုတာ . . . ဆုံမှတ်မဲ့နေတဲ့။



# (၁၀)

တက္ကသိုလ်ဆိုတာ ငါနဲ့တော့ ဘာမှမဆိုင်ပါဘူး။ ဒါပေမဲ့ အဲဒီနေ့က တက္ကသိုလ်ခန်းမတစ်ခုထဲကို ရောက်ခဲ့တယ်။

မောင်မယ်သစ်လွင်ကြိုဆိုပွဲတစ်ခုမို့ လူတွေ ရှုပ်ထွေးစည်ကားနေပါတယ်။ (နောက်မှသိတာ အဲ့ဒါယဉ်တို့ အင်္ဂလိပ်စာမေဂျာ မောင်မယ်သစ်လွင်ကြိုဆိုပွဲပဲ) ခန်းမထဲ မဝံ့မရဲနဲ့ဝင်ခဲ့ရင်း ငါတစ်ယောက်တည်း ယောင်တောင်တောင် ဖြစ်နေခဲ့တယ်။ ကံကြိုက်ချင်တော့ အခန်းထောင့်နားမှာ ခြေဖျားထောက်ရင်း စတိတ်စင်ဘက်ကို လှမ်းငေးနေတဲ့ လွင်မင်းကို တွေ့လိုက်ရတယ်။ လွင်မင်းကလည်း တက္ကသိုလ်မှာ သချာမေဂျာရတယ်လေ။

"ဟေ့ကောင် . . . "

"ဟ . . . အာ . . . ပိုင် . . . မင်းပါလား"

ရုတ်တရက် ငါ့ကိုမြင်လိုက်လို့ လွင်မင်းကြောင်သွားတယ်ထင်တယ်။



www.burmeseclassic.com

www.burmeseclassic.com

"လန့်သွားလား"

"မလန့်ပါဘူးကွ။ အံ့သြသွားတာပါ။ ဒါနဲ့ မင်း ဘယ်လိုလုပ် ဒီကိုရောက်လာတာလဲ"

"သြော် . . . ဒီပွဲမှာ ငါနဲ့သိတဲ့ တီးဝိုင်းတစ်ဖွဲ့လာတီးမယ်ဆိုလို့ လာစောင့်ကြည့်တာပါ"

"သိပါဘူး။ ငါက ယဉ်ယဉ်ဖိတ်လို့ လာတာလားလို့"

"ဟင် . . . "

ငါကြောင်သွားတော့ လွင်မင်းက စင်ပေါ်ကို လက်ညှိုးနဲ့ လှမ်းထိုးပြလိုက်တယ်။

"ဟိုမှာလေ . . . စင်ပေါ်မှာ ယဉ်ယဉ်ကနေတာ"

"ဟင်"

ငါလည်း အမြန် ခြေဖျားထောက်ပြီး စင်ပေါ်ကိုလှမ်းကြည့်လိုက်တယ်။ တကယ် ယဉ်ပဲ။ ကြည့်စမ်း။ ငါ အခုမှ သတိထားမိတယ်။ ခန်းမထဲမှာ ပျံ့လွင့်နေတာ (dancing) စတိုင်လ် တေးသွားပဲ။ ဒါကို သတိမထားမိလို့ ငါစင်ပေါ်ကို မော့မကြည့်မိခဲ့တာပေါ့။ အခုမှ ကြည့်မိတော့ အသိနောက်ကျရပြီ။

"သူ . . . သူကနေတာ ကြာပြီလား"

ငါ ထစ်ထစ်ငေါ့ငေါ့ မေးမိတယ်။

"အေး . . . ကြာပြီကွ။ ပြီးတောင် ပြီးတော့မှာ။ ဒါနဲ့ပိုင် မင်း ဒီမှာ ခဏစောင့်ဦး။ ငါ (Toilet) သွားလိုက်ဦးမယ်"

"အေး . . . အေး . . . သွား"

ငါ စင်ပေါ်သို့ ဆက်ကြည့်နေလိုက်တယ်။ ယဉ်က ဖေဒါရောင် ဂါဝန်ကလေးနဲ့ပါလား။ ကနေတယ် . . . ကနေတယ်၊ ပေါ့ပါးဖြည်းညင်းစွာ အနုပညာလှိုင်းခတ်စွာ နှင်ရွေ့လျားနေတာလေ။ ဒါပေမဲ့ နှင်ခြေထောက်တွေကိုတော့ ထိန်းထိန်းချုပ်ချုပ် လှုပ်ရှားနေရတယ်။

ဒီလိုကြည့်နေရုံနဲ့ မရောင့်ရဲနိုင်တဲ့ငါက ခန်းမထဲကို ဝေ့ကြည့်



လိုက်တယ်။ ခန်းမထောင့်တစ်နေရာမှာ ပန်းစည်းဆိုင်သေးသေးလေး တစ်ခု ခင်းကျင်းထားတာ ငါတွေ့လိုက်ရတယ်။ OK . . .။

အဝါရောင် ပန်းစည်းလေးတစ်စီးကို ငါသွားဝယ်လိုက်တယ်။ ပလတ်စတစ်ပန်းစည်းလေးမို့ အဲဒီပန်းကလေးတွေရဲ့ အမည်ကို ငါမသိပါဘူး။ အဲဒီပန်းစည်းကလေးကို ငါ့အကျႌအိတ်ကပ်ထဲမှာ အသင့်ပါတဲ့ ဆွဲကြိုးလေးနဲ့ ချည်နှောင်တယ်။ လိပ်ပြာပုံစံလေးလေ။ ပြီးတော့ အဲဒီကြိုးလေးပေါ်မှာ ခါတိုင်းလိုပဲ ရေးလိုက်တယ်။ Gniap လို့လေ။

နှင့်ကိုပေးဖို့ ပန်းစည်းလေးကို စီစဉ်သင့်တာ စီစဉ်ပြီးပေမဲ့ ဘယ်လိုပေးရမလဲ ဆိုတာကိုတော့ ငါစဉ်းစားရခက်နေခဲ့ပြန်တယ်။ အဲဒီအချိန်မှာပဲ။

"အစ်ကိုကြီးရယ် . . . ထမင်းဖိုးလေးပေးပါလား။ ဗိုက်ဆာလို့ပါ"

သူတောင်းစားကလေးလေးတစ်ယောက် ငါ့အနားရောက်လာပြီး တွတ်တီးတွတ်တာ တောင်းခံနေတယ်။

"အစ်ကိုကြီးရယ် . . . မနက်ကတည်းက ဘာမှမစားရသေးလို့"

"ညီလေး . . . "

ငါကဖြတ်ခေါ်လိုက်တော့ သူတောင်းစားလေးက မော့ကြည့်တယ်။

"အစ်ကို့ကို တစ်ခုလောက် ကူညီနိုင်ဦးမလား"

ငွေတစ်ရွက်ထုတ်ပြပြီး ငါ တိုးတိုးပြောပြလိုက်တယ်။ သူတောင်းစားလေးကလည်း ခေါင်းတညိတ်ညိတ်နဲ့ နားထောင်တယ်။ ငါ့စကားဆုံးတော့ ဘာကိုဆိုလိုတာလဲဆိုတာ နားလည်တဲ့သူတောင်းစားလေးက

"ရပါတယ်၊ ကျွန်တော် ကူညီနိုင်ပါတယ် အစ်ကို"

ငါပေးတဲ့ငွေနဲ့ ပန်းစည်းလေးကိုယူပြီး သူတောင်းစားလေးက ကောက်ကြွတဲ့ ခြေလှမ်းတွေနဲ့ ထွက်သွားပါတော့တယ်။



www.burmeseclassic.com

www.burmeseclassic.com

အဲ့ဒီအချိန်မှာပဲ နင်ကနေတဲ့ တေးသွားကလည်း တုံ့ခနဲ ရပ်သွားတယ်လေ။ ကကွက်ဆုံးသွားတာမို့ လက်ခုပ်သံတွေ တဖြောင်းဖြောင်း ညံသွားတယ်။ ချီးကျူးသံတွေလည်း ဟိုတစ်စ သည်တစ်စ ငါကြားရသေးတယ်။ ဟင်း . . . ငါ ကောင်းကောင်း မကြည့်ရသေးခင်ပဲ ကကွက်က ဆုံးသွားပြီလား။

စတိတ်စင်ပေါ်ကဆင်း၊ လူတွေကြားက တိုးဝှေ့ပြီး နင်ထွက်လာတယ်လေ။ ငါကတော့ နင်မမြင်အောင်ရှောင်နေရမလား။ နင်မြင်သာအောင် လူလုံးထွက်ပြရမလား။ ဝေခွဲမရသေးခင်မှာပဲ နင်ကငါ့ကို လှမ်းတွေ့သွားတယ်လေ။

"ပိုင်"

ဝမ်းသာအားရခေါ်ပြီး ငါ့ဆီ တည့်တည့်လျှောက်လာတယ်။

နင့် နံဘေးမှာ ဟိုတစ်ခါ ငါ့ကို မိတ်ဆက်ပေးတဲ့ ချောစုဆိုတဲ့ သူငယ်ချင်းလည်း ပါလာသေးတယ်။

"ပိုင် . . . နင် ဘယ်လိုလုပ်ရောက်နေတာလဲ။ ငါကတာ ကြည့်လိုက်ရလား"

"အင်း . . . နည်းနည်းပဲ ကြည့်လိုက်ရတယ်။ ဒါနဲ့ တစ်နေ့က ဥယျာဉ်ထဲမှာ ငါ့ကိုပြောတော့ နင့်အဖေက မကစိုင်းဘူးဆို"

ဟိုတစ်နေ့က ယဉ်နဲ့ငါ ဥယျာဉ်ထဲမှာ တွေ့သေးတယ်လေ။

"အဟင်း . . . ငါ့အဖေက ဒီလိုပါပဲဟာ။ ငါကမယ်လုပ်တိုင်း တားနေကျ။ ငါကလည်း ရအောင်ကနေကျပဲ။ ခြေထောက်လည်း ကလို့ တော်တော်ပြန်ကောင်းလာပါပြီ"

အဲ့ဒီအချိန်မှာပဲ (ခုနက ငါစီစဉ်ထားသလို)အနားကို သူတောင်းစားလေးရောက်လာတယ်။

"မမ . . . ဒီမှာပန်းစည်း"

သူတောင်းစားကလေးလေးက နင့်ကို ပန်းစည်းပေးနေတာလေ။



"ဟင် . . . မမကိုပေးတာလား"

"ဟုတ်ကဲ့ . . . အစ်ကိုကြီးတစ်ယောက်က မမကို ပေးပေးပါလို့ အားကို ခိုင်းလိုက်တာ"

သူတောင်းစားလေးက တော်သားပဲ။ ငါခိုင်းတဲ့အတိုင်း ကွက်တိ ။ နင်က ပန်းစည်းလေးကို တွေးတွေးဆဆနဲ့ပဲ ယူကြည့်တယ်။ ပန်းစည်းကလေးကို ချည်နှောင်ထားတဲ့ စက္ကူကြိုးလေးကိုမြင်တော့ နင့်မျက်နှာတွေ ချက်ချင်းတောက်ပသွားတယ်လေ။ စက္ကူကြိုးလေးပေါ်မှာ ရေးထားတဲ့ စာလေးကိုလည်းနင်မြင်လိုက်ပြီလေ။

"(Gnaip) ဂနိုက် . . . ဟင် . . . ဒ . . . သူပဲ . . . သူ . . . . . ."

နင်ဘေးဘီကို ကျီးကန်းတောင်းမှောက် ဝေ့ကြည့်တော့တယ်။ သူတောင်းစားလေးကို ပြန်ကြည့်တယ်။

"မောင်လေး . . . အဲဒီပန်းစည်းပေးတဲ့ လူကောဟင်။ ဘယ်ဘက်ကို ထွက်သွားလဲ"

"ဩော် . . . အဲ့ဒါ . . . အင်း . . ."

သူတောင်းစားကလေးလေးက ငါ့ကို မသိမသာကြည့်လာတယ်။ တော့ မီးစင်ကြည့်ကဆိုတဲ့သဘောနဲ့ ခေါင်းတစ်ချက်ဆတ်ပြလိုက် တခြားဘက် ငေးနေလိုက်တယ်။

"ဟိုဘက်ထွက်သွားတာ မမ"

နင်ချက်ချင်းပဲ ငါ့ဘက်လှည့်လာပြီး . . .

"ပိုင် . . . အားတော့နာတယ်ဟာ။ ချောစုနဲ့ ခဏလေးစကားနင့်ဦး။ ငါ ဟိုဘက်ခဏသွားဦးမယ်"

သူတောင်းစားလေး ညွှန်ပြတဲ့ဘက်ကို နင်အပြေးလိုက်သွားတယ်။

နင်ထွက်သွားတော့ ငါကျန်ခဲ့ရတာပေါ့။ တစ်ယောက်တည်း ကျန်ခဲ့ရင် တော်သေး။ အခု နင့်သူငယ်ချင်း ချောစုဆိုတာကြီးနဲ့ ချန်ခဲ့



www.burmeseclassic.com

www.burmeseclassic.com

တော့ ငါနေရခက်တာပေါ့။ သူစိမ်းတွေနဲ့ မဆက်ဆံတာကြာပြီမို့ စကား စမြည်လည်း ငါမပြောတတ်တော့ဘူးလေ။

ချောစုကပဲ စကားစပြောလို့ တော်သေးတာပေါ့။

"ယဉ်က ကိုပိုင့်အကြောင်းတွေ ပြောတယ်"

"ဟုတ်လား . . . ဘာတွေပြောလဲ"

"သြော် . . . ကိုပိုင်က ရိုးတယ်၊ အေးတယ် ဆိုတဲ့အကြောင်း ပေါ့။ ပြီးတော့ အတွေးအမြင်လည်း ကောင်းမယ့်ပုံရှိတယ်တဲ့"

ယဉ်ကပဲ ပြောတာလား။ သူ့ဘာသာသူပဲ ပြောတာလားမသိ ပါဘူး။ ငါက မဲ့ပြုံးပြုံးတော့ ချောစုကဆက်ပြောတယ်။

"သြော် . . . ပြောသေးတယ်။ ကိုပိုင်က ကျန်တာကောင်းပြီး အငြင်းတော့သန်တယ်တဲ့"

"ဟောဗျာ . . . "

ဟွန်း . . . ငါကပဲ အငြင်းသန်ရတယ်ရှိသေး။

"မဟုတ်ဘူးလား"

"မဟုတ်ရပါဘူးဗျာ။ သူကမှ ကက်ကက်လန်အောင် အငြင်း သန်တာပါ"

"အဟင်း . . . ဟင်း . . . ဟုတ်တယ်နော်။ ချောစုကလည်း အငြင်းသန်တာတော့ နင်ပဲဖြစ်မှာပါလို့ ပြောလိုက်တယ်။ ဒီတော့ ယဉ်က ဘာပြန်ပြောတယ်မှတ်လဲ"

"ဘာပြောလဲ"

"ငြင်းခုန်ရခြင်းကြောင့်ရတဲ့ အကျိုးသုံးပါးကို ရွတ်ပြတယ်။ (၁) ရန်သူ (သို့) မိတ်ဆွေတိုးမည်။ (၂) အချေအတင် ဆွေးနွေးနိုင်တဲ့ နှုတ် ရေးဗျုဟာ ကျွမ်းကျင်မည်။ (၃) အမြင်ကပ်တဲ့သူနှင့်တွေ့လျှင်လည်း ဘုတောနိုင်တဲ့ စွမ်းရည်တိုးတက်လာမည်တဲ့လေ"

"အဟား . . . ယဉ်ကတော့လေ"

ငါ ခေါင်းခါပြီးသာ တသောသော ရယ်မိတော့တယ်။ ချောစုက



စကားပြောကောင်းတော့ ငါမပျင်းပါဘူး။ ဒါပေမဲ့ လူတွေက ရှုပ်ရှုပ်ထွေး ထွေးနဲ့ ဟိုတိုက်ဒီတိုက် ဝင်တိုက်သွားလာနေတော့ စကားပြောလို့မကောင်း ပါဘူး။ ဒါပေမဲ့ ဒီလိုပဲ ရောက်တတ်ရာရာပြောရင်း နာရီဝက်ကျော်တဲ့ အထိ နင်ပြန်ရောက်မလာဘူးလေ။ စကားပြောရင်း ငါမျှော်မျှော်နေမိ တယ်လေ။

အဲ့ဒီအချိန် ခန်းမအတွင်း လူအုပ်ရဲ့အလယ်က ရုတ်ရုတ်ရုတ် ရုတ် ဖြစ်လာတယ်။ ပြဿနာတစ်ခုခုဖြစ်တဲ့ပုံပဲ။ ခန်းမရဲ့ လုံခြုံရေးတာ ဝန်ရှိပုံရတဲ့ လူတစ်ယောက်က . . .

"ခန်းမတံခါးတွေ ပိတ်လိုက်ကွာ။ ပြတင်းပေါက်တွေပါ အကုန် ပိတ်"

အဲ့ဒီအသံကြားတော့ လူတွေ လှုပ်လှုပ်ရွရွဖြစ်လာတယ်။ စတိတ် စင်ပေါ်ကိုလည်း ကျောင်းသားတစ်ယောက်က ပြေးတက်သွားပြီ . . .

"အားလုံး အားလုံးစိတ်တော့မရှိပါနဲ့။ နေမြဲအတိုင်း နေပေးကြ ပါ။ ခုနက ကျောင်းသူတစ်ဦးရဲ့ဆွဲကြိုး အဖြတ်ခံလိုက်ရလို့ပါ။ ဒီအခန်း ထဲမှာ သူခိုးရှိနေပါပြီ"

"ဟင် . . . "

" . . . ရှစ် . . . "

"အို . . . "

"ကျွတ် . . . "

လူတွေ အမူအရာမျိုးစုံနဲ့ စိတ်ရှုပ်ထွေးကုန်ကြတယ်။ ဆရာ တစ်ဦးက တာဝန်ပေးတယ်လို့ ထင်ပါတယ်။ ကျောင်းသားတချို့က ခန်းမ ထဲက လူတွေကို တစ်ယောက်ချင်းစီ ရှာဖွေစစ်ဆေးပါတော့တယ်။

အဲဒီမှာ ငါတွေ့လိုက်ရတယ်။ ခန့်ဇော်ကို . . .

စတိတ်ကျောင်းတုန်းက အတန်းထဲမှာ ငါ့ကိုလိုက် ပြဿနာ ရှာနေတဲ့ကောင်။ ခန့်ဇော်ကပဲ ငါ့ကိုတွေ့သွားတယ်။ သူ့မျက်လုံး စူးခနဲ ဖြစ်သွားတယ်။



www.burmeseclassic.com

www.burmeseclassic.com

"ဟော့ကောင်တွေ . . . ဟိုကောင့်ဆီမှာရှာစမ်း"

ခန့်ဇော်က ငါ့ကို လက်ညှိုးထိုးပြီး သူ့ကောင်တွေကို လှမ်းအော် ပြောတာပါ။

"အဲဒီကောင်ဆီ . . . ရှာစမ်း၊ ဒီကောင် ကျောင်းသားမဟုတ် ဘူး။ ဘယ်လိုလုပ် ဒီခန်းမထဲရောက်နေတာလဲ။ ရှာစမ်းကွာ . . ."

ခန့်ဇော်ရဲ့ကောင်တွေ ငါ့ဆီပြေးလာတယ်။ လူတွေကလည်း ငါ့ကို ဝိုင်းကြည့်လာကြပေါ့။ အုတ်အုတ်ကျက်ကျက်ပဲ ငါ့အနားဝိုင်းလာ ကြတယ်။

ခန့်ဇော်က ငါ့မျက်လုံးတည့်တည့်ကို ကြည့်လာတယ်။ ငါငြိမ် နေလိုက်တယ်။ ငါမဟုတ်တာ ဘာမှမလုပ်ထားဘူး။ ဒါကြောင့် ငါ တည် တည်ငြိမ်ငြိမ်ပဲ။

ငါ ဘယ်လိုတည်ငြိမ်ပေမဲ့ ကံတရားဟာ ငါ့အတွက် တိမ်းစောင်း နေတယ်မို့လား။

ခန့်ဇော်က ငါ့ဘောင်းဘီအိတ်ကပ်တွေထဲလည်း နှိုက်ရှာတယ်

"ဟင် . . . "

"ဟာ . . . "

"အို . . . "

မိုးကြိုးတွေ အပြင်းထန်ဆုံး ငါ့ဆီပေါက်ကွဲ ဝင်ရောက်လာကြ ငါ သိပ်တုန်လှုပ်သွားတယ်။ ငါ့အိတ်ကပ်ထဲမှာ ဆွဲကြိုးလေးတစ်ကုံး

"ဟော့ကောင် . . . ငါ . . . ငါမဟုတ်ဘူး။ ငါ . . . "

ငါသွေးပြတ်စွာ အော်မိတယ်။ ခန့်ဇော်ရဲ့ကောင်တွေကလည်း ငါ့ကို ဆွဲချုပ်ထားကြပြီ။

ခန့်ဇော်က ငါ့မျက်စိရှေ့မှာ ဆွဲကြိုးလေးကို အလျားလိုက်ရော လောင်းဆွဲချပြတယ်။ ပြီးတော့ ခန်းမထဲကလူတွေ အကုန်မြင်သာအောင် အဲဒီဆွဲကြိုးလေးကို မြှောက်ပြပြန်တယ်။

"ဟော့ကောင် . . . ဒီဆွဲကြိုးက မင်းအိတ်ကပ်ထဲက ထွက်လာ



တာနော်"

"ငါမဟုတ်ဘူး။ ဟော့ကောင် . . . ငါ လုံးဝမဟုတ်ဘူး"

ကျောင်းသားတချို့ကလည်း တငိုငိုတရယ်ရယ်ဖြစ်နေတဲ့ ဆွဲကြိုး ပျောက်သွားတယ်ဆိုတဲ့ ကျောင်းသူကို ခေါ်လာတယ်။

"ဒါ ခင်ဗျားဆွဲကြိုးလား"

ငိုကြီးချက်မနဲ့ ကျောင်းသူက . . .

"ရှင် . . . ဟုတ်တယ်။ ဒါ . . . ဒါ . . . ကျွန်မဆွဲကြိုးပဲ။ ကျွန်မဆွဲကြိုး"

ကျောင်းသူက သူ့ဆွဲကြိုးကို အတင်းယူကြည့်ပြီး ငိုရှာတယ်။ ခန့်ဇော်က ငါ့ဘက်လှည့်လာပြီး . . .

"ဟော့ကောင် . . . ပိုင် . . . မင်း အရှက်မရှိ၊ ဘူးခံပြီး ငြင်းနေဦးမလား"

"မဟုတ်ဘူး . . . ငါမဟုတ်ဘူး။ ဟော့ကောင် . . . ငါမလုပ် ဘူး"

ငါ နာနာကြည်းကြည်း အော်မိတယ်။ ဘယ်သူလဲ။ ငါ့ကို ဘယ်သူကောက်ကျစ်စွာ ချောက်ချခဲ့တာပဲ။

"ဟာ . . . ဒီလောက်မှပဲ ဖြစ်လုတဲ့ကောင်"

ခန့်ဇော်ရဲ့လက်သီးတစ်ချက်က ငါ့မျက်နှာဆီ ပြေးဝင်လာ တယ်။ ဒါပေမဲ့ ဘယ်အချိန်ကမှန်းမသိ၊ ငါ့အနားပြန်ရောက်နေတဲ့ လွင် မင်းက ပြေးကာလိုက်တယ်။ ဒါကြောင့် ခန့်ဇော်ရဲ့လက်သီးချက် လွဲသွား တယ်။

လွင်မင်းက ငါ့ကို ခြေကာလက်ကာနဲ့ ကာကွယ်ပေးရင်း . . .

"မဟုတ်ဘူး။ ပိုင်လုပ်တာ မဟုတ်ဘူး။ မင်းတို့သေချာ မစစ် ဆေးဘဲနဲ့"

လူတွေက ကြိတ်ကြိတ်တိုး ဝိုင်းကြည့်လို့ပေါ့။ ငါ့ကို အကြည့် ဆိုးတွေနဲ့ ဝိုင်းကြည့်လို့။



www.burmeseclassic.com

www.burmeseclassic.com

“ဟော့ကောင် . . . ဒီမှာဆွဲကြိုးတစ်ကုံးလုံး ဒီကောင့်ထဲကတွေ့တာကို ငါတို့က ဘာထပ်စစ်ဆေးရဦးမှာလဲ”

လွင်မင်း နှုတ်အ,သွားတယ်။ နဂိုကမှ ခပ်ထုံထုံရှိတဲ့ လွင်မင်း ပြန်ပြောဖို့ စကားမရှိဖြစ်သွားတယ်။ ငါ့ဘက်ကို မဝံ့မရဲလှည့်လာပြီး . . .

“ပိုင် . . . မင်းလုပ်တာ မဟုတ်ဘူးမို့လား”

“ဟာ . . . ငါ ဘယ်လိုလုပ်လုပ်မှာလဲ လွင်မင်းရာ။ မင်း ငါ့အကြောင်းသိရဲ့သားနဲ့”

အဲ့ဒီလို ပြန်ပြောရင်းနဲ့ပဲ ငါတွေ့လိုက်ရပြန်တယ်။ ငါ့ကို မယုံသင်္ကာကြီးစွာ ကြည့်နေတဲ့ မျက်ဝန်းတစ်စုံ၊ အဝါရောင်ပန်းစည်းလေး ကိုင်ထားတဲ့ ကောင်မလေးတစ်ယောက်ရဲ့ မျက်ဝန်းတစ်စုံ။

“မဟုတ်ဘူး . . . ယဉ် . . . ငါဒီလိုမဟုတ်ဘူး”

ယဉ် ငါ့ကို အဲ့ဒီလိုမကြည့်ပါနဲ့။ ငါမခံနိုင်ဘူး။ တခြားလူတွေ ကြည့်တောင် နင်မကြည့်ပါနဲ့။ နင် မကြည့်ရဘူး။

ယဉ်က ငါ့ကို စိတ်ပျက်သလို မျက်လုံးမှိတ်ထားလိုက်ပြီလေ။

အဲ့ဒီအချိန် တစ်ချိန်လုံးငြိမ်နေတဲ့ ချောစုက ဝင်ပြောလာတယ်။ ဆွဲကြိုးဖြတ်ခံရတဲ့ ကျောင်းသူကို မေးမြန်းကြည့်တာပါ။

“ဒီမှာ ရှင့်ဆွဲကြိုးက ဘယ်တုန်းကဖြတ်ခံရတာလဲ”

“လွန်ခဲ့တဲ့ မိနစ်(၂၀) လောက်ကပါ။ ကျွန်မစင်ပေါ်ကို ကြည့်ပြီး သီချင်းနားထောင်နေတုန်း နောက်ကနေ ဆွဲဖြတ်သွားတာ”

“ဒါဆိုရင်တော့ လွဲနေပြီ။ ကိုပိုင်က ကျွန်မနဲ့အတူရှိနေတာ နာရီဝက်ကျော်ပြီ။ ရှင့်ဆွဲကြိုးပျောက်တာ မိနစ် (၂၀) လောက်ပဲရှိသေးတာဆိုတော့ မဖြစ်နိုင်ဘူး။ သူ ‘ခိုး’ တာ မဖြစ်နိုင်ဘူး။ ကျွန်မအာမခံတယ်”

မထင်မှတ်တဲ့ချောစုက ငါ့ဘက်က ဝင်ရပ်လာတယ်။ ဒီတော့မှ . . .

“ကျွန်မလည်း အာမခံပါတယ်”

ယဉ်က ဒုတိယတစ်ယောက်အနေနဲ့ ဝင်အာမခံလာတယ်။ ငါ



ကြည့်မိတော့ ယဉ်က ငါ့အေးကပ်ရပ်လာတယ်။ ငါ့ကိုချုပ်ထားတဲ့ ခန့်ဇော်ကောင်တွေရဲ့ လက်ကလည်း ခပ်လျော့လျော့ဖြစ်သွားပြီ . . .

လွင်မင်းကလည်း သူ့ပုံစံအတိုင်း ကြောင်အအအနေအထားနဲ့–

“ဟုတ်တယ်။ ကျွန်တော်လည်း အာမခံနိုင်တယ်”

ငါ့ဘက်က ထောက်ခံတဲ့သူတွေ ရှိလာတော့ ခန့်ဇော်တို့အဖွဲ့ နည်းနည်းငြိမ်သွားတယ်။ ဆွဲကြိုးဖြတ်ခံရတဲ့ ကျောင်းသူကတော့ ဘာမှ မပြောတော့ဘူး။ သူ့ဆွဲကြိုး သူပြန်ရတာကိုပဲ ကျေနပ်သွားပုံရတယ်။

“ဒီကောင်ကိုယ်တိုင် ဆွဲကြိုးကို မဖြတ်ဘူးဆိုရင်တောင် ဒီကောင့် အပေါင်းအပါ တစ်ယောက်ယောက်ကဖြတ်ပြီး ဒီကောင့်ကို ပေးခဲ့တာ ဖြစ်နိုင်တာပဲ”

“ဟုတ်တယ်။ ဒီကောင့်မှာ သူခိုးအပေါင်းအသင်းရှိတာပဲ။ ဒီကောင်တွေ အဖွဲ့လိုက်လှုပ်ရှားတာ ဖြစ်လိမ့်မယ်”

ရတဲ့ထောင့်က စွပ်စွဲလာကြပြန်တယ်။

“ဒါကတော့ နင်တို့အထင်နဲ့ ပြောတာပဲ။ ဒီလိုပြောချင်တိုင်း ပြောလို့ ဘယ်ရမလဲ”

နင်က ရဲရဲဝံ့ဝံ့ ဝင်ငြင်းလာပြီလေ။

ဟိုကောင်တွေ အသံတိတ်သွားတယ်။ ဒါပေမဲ့ ခန့်ဇော်ရဲ့နှုတ်က တိုးတိုးထွက်ကျလာတဲ့ စကားကိုတော့ ငါကောင်းကောင်း ကြားလိုက်ရတယ်။

“ပြောလို့ရမလား၊ ဒီကောင်က သန္ဓေကောင်းတာမဟုတ်ဘူး”

သန္ဓေကောင်းတာမဟုတ်ဘူး၊ သန္ဓေကောင်းတာ မ ဟုတ်ဘူး။ ငါ့နားထဲ ခါးသီးပဲ့တင်လာ။

“ဟော့ကောင် . . . ”

ချုပ်ထားတဲ့လက်တွေကို အားကုန်သုံးဖြည်လိုက်ပြီး ဒီကောင့်ကိုပြေးဝင်ဆောင့်ပစ်ဖို့ ငါ ကြိုးစားလိုက်တယ်။ ဝရန်းသုန်းကားဆန်ကုန်တယ်။ သွေးရူးသွေးတန်းဖြစ်သွားတဲ့ငါ့ကို ဝိုင်းထိန်းကြတယ်။



www.burmeseclassic.com

www.burmeseclassic.com

"ကိုပိုင် . . . ကိုပိုင် . . . "

"ပိုင် . . . ပိုင် . . . မင်းစိတ်ထိန်းကွာ"

"ခန့်ဇော် . . . နင် အဆင့်မရှိတဲ့ စကားမျိုးမပြောနဲ့"

အခြေအနေတွေ သိပ်ရှုပ်ထွေးကုန်တယ်။ ဒီအချိန်ပဲ စည်းကမ်း ထိန်းသိမ်းရေးဆရာတွေ အပြေးရောက်လာကြတယ်။

"ငြိမ်စမ်း . . . အားလုံးငြိမ်ကြစမ်း"

ပြဿနာအခြေအနေကို သူတို့ သိပြီးပုံရတယ်။ ဒါကြောင့် လိုရင်းပဲ ပြောလာတယ်။

"အားလုံး ရုံးခန်းလိုက်ခဲ့။ အဲ့ဒီကျမှ ရှင်းတာပေါ့"

⁂ ⁂ ⁂



## (၁၁)

"တောက်"

မွေးနီက တောက်ခေါက်ပြီး ပြတင်းပေါက်ပေါင်ကို လက်သီးနဲ့ထိုးတယ်။

"ဒါ သက်သက်မဲ့ချိုးတာပဲကွ။ အဲ့ဒီဆွဲကြိုးကို မင်းအိတ်ကပ်ထဲရောက်အောင်လည်း အဲဒီကောင်တွေ လုပ်တာပဲနေမှာ။ မင်းကောဘယ်လိုထင်လဲ"

"ဟင် . . . အင်း . . . ဟုတ်တယ်၊ ဟုတ်တယ်၊ ခန့်ဇော်တို့ပဲဖြစ်မှာပဲ။ တခြားသူရှိမှာ မဟုတ်ဘူး"

ဟိုတစ်နေ့ကအကြောင်းကို အခုမှသိတဲ့မွေးနီကြောင့် ပြန်ပြောဖြစ်နေတာပါ။ အဲ့ဒီနေ့ ရုံးခန်းရောက်တော့ ငါလက်မှတ်ထိုးခဲ့ရတယ်။ ပြီးမှ အာမခံနဲ့ လွှတ်ပေးခဲ့တယ်။

အခုတော့လည်း ပြီးတာတွေပြီးပါစေတော့ဆိုတဲ့ ဥပေက္ခာတရားနဲ့ပဲ ငါ ငြိမ်နေနိုင်ပါပြီ။ စိတ်ဆင်းရဲစရာတွေကိုမေ့ပြီး ကြည်နူးစရာလေးတွေပဲ ပြန်ရှာတွေးနေလိုက်တယ်။ နင့်မျက်နှာလေးကိုမြင်တော့ ရင်ခုန်တာ အေးချမ်းလာတယ်။



www.burmeseclassic.com

www.burmeseclassic.com

"အဲဒီနေ့က ယဉ်က,နေတာလေးကိုကြည့်ပြီး ငါအရမ်းကြည်နူးခဲ့ရတယ်ကွ"

"....."

"ဒီလိုနာကျင်စရာ ဒုက္ခတွေကြုံခဲ့ရပေမယ့် သူကနေတာလေးကို ကြည့်ခွင့်ရခဲ့လို့ ငါ ကျေနပ်မိပါတယ်"

ခံစားချက်ရှိရှိနဲ့ ပြောနေတဲ့ ငါ့အသံကြားတော့ လွင်မင်းနဲ့မွေးနီက သက်ပြင်းကိုယ်စီချတယ်။ ပိုင်ရာ . . . ဆိုပြီး လွင်မင်းက ငါ့ပခုံးကို ပုတ်လာတယ်။ ပြီးတော့ ငါမဝံ့မရဲနေရတဲ့ အိပ်မက်ကလေးကို မွေးနီက စဉ်းစားမိပြီး ပြောလာတယ်။

"ပိုင် . . . မင်းကလည်း ဂီတသမားပဲ။ ယဉ်ယဉ်ကလည်း ကချေသည်လေးဆိုတော့ တကယ်လို့များ တစ်နေ့မှာ မင်းရေးဖွဲ့တဲ့ တေးသွားလေးနဲ့ ယဉ်ယဉ်ဟာ ကခွင့်ရမယ်ဆိုရင် . . . မင်း ဘယ်လို ခံစားရမလဲ"

"ဟင်"

ငါ့အာရုံထဲ နောက်ကျိသွားတယ်။ ဒါပေမဲ့ တဖြည်းဖြည်း ပြန်ကြည်လင်လာတယ်။ ဟုတ်တယ်။ ငါ့တေးသွားလေးဟာ ယဉ်ရဲ့ကကြိုးနဲ့ပေါင်းစပ်ခွင့်ရခဲ့ရင် . . .ငါ့တေးသွားလေးနဲ့ ယဉ်ကခဲ့ရင် . . . မျှော်လင့်ချက်နဲ့ အသက်ရှင်တယ်ဆိုတဲ့စကားက ငါအကြိုက်ဆုံးစကား မဟုတ်ဘူး။ ဒါပေမဲ့ ငါမျှော်လင့်နေမိပြီး . . .

မဖြစ်နိုင်ဘူးဆိုတာတွေ ရှိပေမဲ့ ဒါ ဖြစ်နိုင်တဲ့အရာထဲက တစ်ခုပဲ။ ငါမျှော်လင့်ခွင့် ရှိတာပေါ့။

"ဟင် . . . ဟော့ကောင် မေးနေတာ ဖြေဦးလေ။ မင်းရဲ့တေးသွားလေးနဲ့များ ယဉ်ယဉ်ကနေတာကို မြင်ခွင့်ရရင် မင်းဘယ်လိုနေမလဲ"

"ငါလား . . . ငါ . . . "

"....."

"ငါ သေပျော်ပြီပေါ့ကွာ"



"....."

"....."

မွေးနီက သူငယ်ချင်းရာဆိုပြီး ငါ့ပခုံးကို ထွေးဖက်ပေးတယ်။ လွင်မင်းက ချက်ချင်းပဲ အခန်းထောင့်က ဂစ်တာလေးကို သွားယူပေးပြီး . . .

"ရော့ . . . ဒီနေ့ကစပြီး မင်း ယဉ်ယဉ့်အတွက် အကောင်းဆုံး တေးသွားတွေ ဖန်တီးတော့"

ဂစ်တာကို ဆုပ်ကိုင်မိတော့ ငါ့လက်ဖျံမှာ ပန်းပွင့်တွေ ပြောင်းပြန် စီးဆင်းကုန်ကြတယ်။ မျှော်လင့်ခြင်းအားအင်ရဲ့ရနံ့တွေကိုရတယ်။

ဒီနေ့ကစလို့ နင့်အတွက် တေးသွားတွေ မျက်ရည်နဲ့ရင်းလို့ ငါရေးစပ်မယ်။



www.burmeseclassic.com

www.burmeseclassic.com

## (၁၂)

အဲ့ဒီနေ့က ငါတို့မြို့မှာ ဆိတ်ဖလူးပန်းတွေ ခရီးခရိုင်ပွင့်ခဲ့ကြတယ်။ ဘုရားကျောင်းထဲက ထွက်လာတဲ့ငါနဲ့ ဘာကြောင့်မှန်းမသိ ဘုရားကျောင်းထဲဝင်လာတဲ့ နင်နဲ့ အဲ့ဒီညနေမှာ ဆုံခဲ့ရတယ်လေ။

ငါ့နံဘေးမှာတော့ ဂစ်တာတစ်လက်၊ နင့်နံဘေးမှာတော့ သက်သက်က အပိုပါလာခဲ့တယ်။

ထုံးစံအတိုင်း ငါ့ကိုတွေ့တော့ သက်သက်က နှာခေါင်းရှုံ့ပြီး မျက်နှာလွှဲတယ်။ ဒါပေမဲ့ နင်ကတော့

"သက်သက် . . . နင်သွားနှင့်လိုက်ဟာ။ ငါ ပိုင်နဲ့ ခဏပြောစရာရှိလို့"

ဆောင့်ဆောင့်အောင့်အောင့်နဲ့ သက်သက်ထွက်သွားတယ်။

"စကားပြောလို့ကောင်းတဲ့နေရာ ရှိလား"

လမ်းလျှောက်ရင်း စကားပြောရင်ကောင်းမလားလို့ အရင်တွေးမိပေမဲ့ ဒုတိယတွေးမိတဲ့နေရာက ပိုကောင်းနေတယ်။



အဲ့ဒီနောက် ငါတို့ရောက်ဖြစ်ခဲ့ကြတယ်။

ဘုရားကျောင်းထဲက ခေါင်းလောင်းစင်ကြီးပေါ်လေ။ ခြေ ထောက်လေးတွေ တွဲလျားစင်းချပြီး ငါတို့ အတူထိုင်ဖြစ်ခဲ့ကြတယ်လေ။

ငါ့ကို အပြစ်တင်တဲ့စကားနဲ့ နင်က စကားစတယ်။

"နင့်ကို အဲ့ဒါကြောင့် ပြောတာပေါ့။ ဟို မွေးနီဆိုတဲ့ကောင်နဲ့ မပေါင်းပါနဲ့လို့။ နင် ဟိုတစ်နေ့က သူ့ခိုးညှိုးခံရတာ အဲ့ဒီလို အပေါင်းအသင်းပဲ။ ငါ နင့်ကို အရမ်းစိတ်ပျက်တယ်ဟာ၊ အားကိုမရဘူး"

ငါလည်း ငါ့ဘဝကို စိတ်ပျက်တာပဲ။ ကြာတော့လည်း စိတ်ပျက်ရတာကိုတောင် စိတ်ပျက်လာခဲ့ပြီလေ။

"စိတ်ချပါဟာ၊ နောက်တစ်ခါ နင်စိတ်မပျက်စေရပါဘူး"

ကတိစကားဆန်ဆန် ငါပြောမိသေး။

"ဩော် . . . ချောစုကိုလည်း ပြောပေးပါဦး။ ငါ အရမ်းကျေးဇူး တင်ပါတယ်လို့"

"အင်း . . . ဟုတ်တယ်နော်။ ချောစုကို ကျေးဇူးတင်ရမယ်".

ဟိုတစ်နေ့ကကိစ္စမှာ ငါ့ဘက်က စတင်ရပ်တည်ခဲ့တာ မဟုတ် လား။ နောက်တော့ ဟိုး . . . အဝေးက စပါးခင်းအဝါတွေ၊ ဂျုံခင်းညို ဝါဝါတွေကို လှမ်းငေးနေမိကြတယ်။ လယ်ခင်းတွေပေါ်က ဖြတ်ပျံသွား တဲ့ ငှက်တွေဟာ ပုံသဏ္ဍာန်အမျိုးမျိုးနဲ့ပေါ့။

"ဟိုးအရင်တုန်းကဆို အဲ့ဒီစပါးခင်းတွေဘက် မေမေနဲ့အတူ ငါ လမ်းလျှောက်နေကျပေါ့။ စပါးနှံပင်တွေကိုကြည့်ပြီး လောကနီတိပုံ ပြင်တွေကို မေမေက ပြောပြခဲ့တယ်"

". . . . ."

"မေမေက ငါ့ကိုအမြဲတမ်း ဆူနေရတယ်။ အကျီကြယ်သီးကို အပြည့်အစုံမတတ်လို့တဲ့။ အပြင်ထွက်ရင် ဦးထုပ်မဆောင်းလို့တဲ့။ ငါက အပျင်းကြီးတယ်လေ။ စည်းကမ်းလည်း မရှိဘူး။ ဝယ်ပေးတဲ့ ဦးထုပ်တွေ လည်း ခဏခဏပျောက်ပျက်သွားတတ်တယ်လေ"



www.burmeseclassic.com

www.burmeseclassic.com

"မင်းကိုတော့ အနက်ရောင်ဦးထုပ်လေးတစ်လုံး ဝယ်ပေးဦးမှ ဖြစ်မယ်လို့ မေမေက ပြောသေးတယ်။ အနက်ရောင်ဆိုတော့ ငါလိုညစ်ပတ်တဲ့ ကောင်လေးတစ်ယောက်အတွက် အပေအတေခံနိုင်တာပေါ့။ ဒါပေမဲ့ မေမေက အဲ့ဒီဦးထုပ်အနက်ကလေးကို ဝယ်မပေးနိုင်ခဲ့ဘူး။ အဲ့ဒီနေ့မှာပဲ မေမေဆုံးသွားလို့ပေါ့"

"အို . . ."

ညှို့ဝန်းနေတဲ့ ယဉ်ရဲ့အကြည့်တွေက ငါ့ဆီပြေးလာတယ်။

"မေမေမဆုံးခင် ငါ့ကိုပြောတဲ့စကားလေးကို ငါမှတ်မိသေးတယ်။ အကျီကြယ်သီးတွေကို သေသေချာချာတပ်ရမယ်နော် သားတဲ့"

နင်က ငါ့ကိုအကြာကြီး မှိုင်မှိုင်တွေတွေ စိုက်ကြည့်နေခဲ့တယ်။ ငါ့ရင်ထဲက ဒဏ်ရာတွေကို ဝင်တိုင်းတာကြည့်နေပုံပဲ။ တိုင်းတာမနေပါနဲ့ ယဉ်ရယ်။ နင်မောသွားလိမ့်မယ်။ ငါ့ဒဏ်ရာတွေက ဟိုးအဝေးက စပါးခင်တွေအထိ ရှည်လျားနေတယ်။

ရုတ်တရက်ထပျံသွားတဲ့ ငှက်တွေဟာ ဗင်းဆင့်ဗန်ဂိုးရဲ့ ပြောင်းခင်းနဲ့ ငှက်အုပ်ဆိုတဲ့ ပန်းချီကားကို မြင်ယောင်မိစေတယ်။

ငါနဲ့အတူလိုက်ပြီး ငြိမ်သက်နေတဲ့ နင်က နံဘေးက ခေါင်းလောင်းကြီးကိုလည်း ငေးနေတယ်။

"နင်က ဟိုးငယ်ငယ်တုန်းကလိုပဲနော်"

"ဘာဖြစ်လို့လဲ"

"ဪ . . . ခေါင်းလောင်းတွေကို နှစ်သက်တုန်းပဲလို့ ပြောတာပါ"

"ဟင် . . . "

ဖျတ်ခနဲ နင်ငါ့ကို ထူးထူးဆန်းဆန်း ကြည့်လာတယ်။

"နင် . . . နင် . . . ငါငယ်ငယ်တုန်းက အကြောင်းတွေလည်း သိနေတာလား"

ငါ နှုတ်ဆိတ်နေတယ်။ သိတာပေါ့ ယဉ်ရဲ့။ ငါက ဟိုးငယ်



ငယ်လေးကတည်းက နင့်ကို သတိထားနေမိတဲ့ ကောင်လေးတစ်ယောက်ပဲ၊ နင်ငယ်ငယ်က ခေါင်းလောင်းကြီးကို လက်ဆွဲနှုတ်ဆက်ဖို့ ကြိုးစားခဲ့တာလေ။ နင်ကတော့ ငါ့ကို ထူးထူးဆန်းဆန်းကြည့်နေဆဲ။

"လာပါဟ . . . နင် ခေါင်းလောင်းကြီးကို ထိုးကြည့်ချင်နေတာမို့လား"

"အင်း . . . ဟုတ်တယ်"

တိုင်ရာက ထလိုက်ကြတယ်။ ပြီးတော့ နင်က ခေါင်းလောင်းကြိုးကို အားနဲ့ဆွဲလှုပ်လိုက်တယ်လေ။

"ဒေါင် . . . ဒေါင် . . . ဒေါင် . . ."

ဝေ . . . ထွက်သွားတဲ့ ခေါင်းလောင်းသံကြောင့် ဘုရားကျောင်းဆီက ကျမ်းစာရွတ်နေတဲ့ သီလရှင်မလေးတွေ အပြေးထွက်ကြည့်လာပါရော။

လုစ်ခနဲ ငါတို့လည်း တိုင်းလုံးတစ်ခုနဲ့ကွယ်နေတဲ့ နံရံဆီမှာ ပြေးကပ်လိုက်ရတယ်။

အဲ့ဒီလို အလျင်စလိုပုန်းမိတော့ နင့်ခန္ဓာကိုယ်လေးနဲ့ ငါ့ခန္ဓာကိုယ်နဲ့ သိပ်နီးကပ်သွားရတယ်လေ။ သီလရှင်မလေးတွေက ကြည့်နေရှိနေသေးတော့ ချက်ချင်းလည်း ပြန်ခွာနေဖို့ မဖြစ်ဘူးလေ။ နင့်ခန္ဓာကိုယ်က နွေးထွေးထွေးခံစာတ်လေးတွေက ငါ့ရင်ကို အတတ်ပညာတစ်မျိုးနဲ့ ပြုစားနေသလိုပဲ။

နင်လည်း ရှက်တုံ့တုံ့မျက်နှာရဲလေးနဲ့ ခေါင်းငုံ့သွားပေါ့။ ငါဆိုမလဲ တောင်းပန်မိရော။

"ဆောရီးပဲ . . . ယဉ်"

"ရပါတယ်ဟာ . . . ။ တကယ်တော့ ငါက တောင်းပန်ရမှာပါ"

"ဘာဖြစ်လို့"

"ဟိုတစ်နေ့က နင့်ကို သူခိုးလို့ဝိုင်းစွပ်စွဲကြတော့ ငါကပါ မယုံ



www.burmeseclassic.com

www.burmeseclassic.com

သလို ကြည့်မိလို့။ ပြီးတော့ အားလုံးထက်အရင် နင့်ကို မကာကွယ်နိုင်ခဲ့လို့ပေါ့"

အဲ့ဒီစကားကြောင့် ဒီညနေဟာ သိပ်သာယာသွားပါပြီ။

"နောက်တစ်ခါကျရင် ငါနင့်ကို အရင်ဆုံးကာကွယ်နိုင်အောင် လုပ်မယ်"

"အင်း . . ."

"ဒါကြောင့် နင်အရင်ဆုံး ကျေးဇူးတင်တဲ့သူကလည်း ငါပဲဖြစ်ရမယ်နော်"

"အင်း . . . အင်း . . . အေးပါ"

ခုနက ချောစုကို ကျေးဇူးတင်တယ်လို့ အရင်ပြောမိတာကို နင်စိတ်ခုနေတာပေါ့လေ။

နံရံအကွယ်ကနေ ချောင်းကြည့်တော့ သီလရှင်မလေးတွေ မရှိတော့ဘူး။ ဒီလိုနဲ့ခေါင်းလောင်းစင်ပေါ်က ငါတို့ ပြန်ဆင်းခဲ့ကြတယ်။

ဘုရားကျောင်းအပြင်မှာတော့ ညနေဟာ ဝင်းပစင်ကြယ်လို့။



## (၁၃)

စကြာပန်းကလေးကို လှမ်းတွေ့ရတယ်။ ရှေ့လလောက်ဆိုရင် စကြာပန်းလေးတွေ ပွင့်ကြလိမ့်မယ်ထင်တယ်။ ပုလွေလေးကိုင်လို့ ကလို့ကောင်းမယ့် တေးသွားပုံစံလေးကို လိုက်ရှာရင်း အိမ်အပေါ်ထပ်ဝရန်တာကနေ ဥယျာဉ်ကလေးထဲ လှမ်းငေးနေမိတာပါ။

အဲဒီအချိန်မှာပဲ တစ်စုံတစ်ယောက် ငါ့ဆီပြေးလာတဲ့အသံကို ငါကြားမိတယ်။ ချက်ချင်းလှည့်ကြည့်လိုက်တော့ လွှင်မင်း။

"ပိုင် . . . ပိုင် . . . ပိုင် . . . "

ငါ့နာမည်ကို ဆက်တိုက်ခေါ်ရင်း လှေကားထစ်တွေကနေ လွှင်မင်း အပြေးတက်လာခဲ့တယ်။ ငါ့ရှေ့ရောက်တော့ တဟောဟောနဲ့ ဝင်သက်ထွက်သက်တွေ ကြမ်းနေတယ်။ ခပ်ဝေးဝေးက ပြေးလာခဲ့တဲ့ပုံပဲ။

"ပိုင် . . . အခြေအနေ ဆိုးနေပြီ"

ဟင် . . .ယဉ် . . . ယဉ် . . . နင်ဘာဖြစ်လို့လဲ . . .။

"မွေးနီ ဖဲပိုင်းမှာ ပိတ်မိနေပြီ။ ဖဲခိုးရိုက်တာ မိသွားလို့တဲ့"

"ဘာ . . . "

ကိစ္စက ယဉ့်ကိစ္စမဟုတ်ဘဲ မွေးနီကိစ္စဖြစ်နေတယ်။ ဒါပေမဲ့ ငါ့စိုးရိမ်စိတ်က လျော့မသွားဘူး။ ချက်ချင်းပြေးခဲ့တယ်။



www.burmeseclassic.com

www.burmeseclassic.com

ဂျလွမ်း . . . ဝွမ်း

သွပ်တံခါးအဟောင်းကြီးကို ငါပိတ်ကန်ပြီးဖွင့်လိုက်တော့ အဲ့လို အသံကြမ်းကြီး ထွက်သွားတယ်။

အခန်းထဲကမျက်လုံးတွေက ငါ့ဆီပြေးလာတယ်။ ငါနဲ့ လွင်မင်း ဖဲဝိုင်းတည်တဲ့ ဂိုဒေါင်အဟောင်းကြီးထဲ ရောက်လာခဲ့တာလေ။

စားပွဲရဲ့ အနောက်ဘက်မှာ ဒဏ်ရာတွေနဲ့ မွေးနီ။ ပိတ်လုမတတ် ယောင်ကိုင်းဒဏ်ရာရထားတဲ့ မျက်လုံးနဲ့ ငါ့ကိုကြည့်လာတယ်။ အဲ့ဒီ အကြည့်ထဲမှာ အားကိုးမှုထက် စိုးရိမ်မှုက ပိုများနေတယ်။

"ပိုင် . . . မင်း ဘာလာလုပ်တာလဲ။ သွား . . . သွား"

ငါမသွားပါဘူး။

အခန်းထဲကလူတွေကို မျက်လုံးနဲ့ပဲ ပတ်ကြည့်လိုက်တယ်။

အခန်းထဲမှာ လေးထောင့်စားပွဲရှည်ကြီးရှိတယ်။ စားပွဲထိပ်မှာ Cowboyဦးထုပ်ဆောင်းထားတဲ့ နှုတ်ခမ်းမွေးစနဲ့ လူတစ်ယောက်။ အဲ့ဒီ လူက ဖဲဝိုင်းခေါင်းဆောင်ဖြစ်မယ်ထင်တယ်။

ထင်တဲ့အတိုင်းပဲ လွင်မင်းက တိုးတိုးကပ်ပြောလာတယ်။



"အဲဒါ ဖဲဘုရင်ဆိုပြီး နာမည်ကြီးနေတဲ့ကောင်ပေါ့"

စားပွဲရဲ့နေရာအသီးသီးမှာ တခြားလူခြောက်ယောက်လောက် ရှိနေကြတယ်။ ဆိုဒ်အမျိုးမျိုး၊ ဂိုက်အမျိုးမျိုးနဲ့ပဲ။ အဲ့ဒါတွေကတော့ ဖဲဘုရင်ရဲ့ တပည့်တွေနေမှာပေါ့။ ဖဲဘုရင် ဖဲဘုရင်။ ဖဲဘုရင်ဆိုတော့ ဖင်ဘုရဲပေါ့။ အဲ့ဒီလိုပဲ စိတ်ထဲက လှောင်လိုက်ပြီး ငါမဲ့ပြုံးပြုံးလိုက်တယ်။

ဒါကိုမြင်တဲ့ ဖဲဘုရင်ဆိုတဲ့သူက . . .

"ညီလေး . . . တံခါးလေးပြန်စေ့ပြီး ကိုယ့်လမ်းကိုယ်သွားကွာ။ ကိုယ်နဲ့မဆိုင်ဘဲ နေလို့ရတဲ့ကိစ္စတွေမှာ ခပ်လျှော့လျှော့နေတတ်စမ်းပါ"

ဟင်း . . . ဟင်း . . . ။ ငါ ရယ်နေလိုက်တယ်။ ဥပေက္ခာတရားအကြောင်းကို ငါနည်းနည်းပဲသိပါတယ်။ ဒါပေမဲ့ မွေးနီကိုတော့ ငါကယ်မယ်။

ငါက ပေရပ်နေတော့ စားပွဲထောင့်က ခေါင်းတုံးတစ်ကောင်က ထလာတယ်။ ခေါင်းတုံးက အကျီမပါပါဘူး။ ကြွက်သားတွေ၊ ကျောကုန်းတွေ၊ ရင်ဘတ်တွေမှာလည်း လုမယ်ထင်ပြီးလား၊ လူရှိန်အောင်လား မသိပါဘူး။ ဆေးမင်ကြောင်တွေ ထိုးထားတယ်။

အဲ့ဒီခေါင်းတုံးက ငါ့ရှေ့ရောက်တော့ ခါးကြားက ဓားမြှောင်ကို ဆွဲထုတ်တယ်။ ငါ့မျက်လုံးရှေ့မှာ ဓားကို ကစားပြတယ်။ ပြီးတော့ ဓားအပြားကို လျှာကြီးနဲ့ထုတ်ပြီး လျက်ပြတယ်။

ကြည့်မကောင်းပေမဲ့ ငါကြည့်နေပေးလိုက်ပါသေးတယ်။ သူ လျက်လို့ပြီးမှ . . .

"ဘာအရသာရှိလဲ"

"ဟမ် . . ."

"ခင်ဗျား ဓားကြီးကိုလျက်တာ ဘာအရသာရှိလဲလို့မေးနေတာလေ"

"အမ် . . ."

ခေါင်းတုံးကြောင်သွားတယ်။ သူကြောင်သွားတာကို ကြည့်ပြီး



www.burmeseclassic.com

www.burmeseclassic.com

ဖဲဘုရင်ကလည်း လုစ်ခနဲ ပြုံးမိသွားတယ်။ စားပွဲဝိုင်းက ခေါင်းတုံးတဲ့
အခေါင်းအပေါ်တွေကလည်း ရယ်ချင်သွားတယ်။ ဒါပေမဲ့ ရုပ်ကြီးတည်
ပြီး ရယ်ချင်တာကို အောင့်ထားကြတယ်။ ကြားထဲက ခွီခနဲ ဘယ်သူ့
အသံမှန်းမသိ ထွက်သွားသေးတယ်။

ခေါင်းတုံးက ကြောင်တာအပြင် ရှက်တာက ပိုသွားတယ်။ ရှ
ရှက်နဲ့ လက်ပါပါလာရော။ နီးရာတုတ်ကို ဆွဲမြှောက်ကိုင်ပြီး ငါ့ကိုရို
ဖို့လုပ်တော့ . . .

"ဟေ့ကောင် . . . ချီးဘူး ကိုယ့်နေရာကိုယ်နေစမ်း"

ဖဲဘုရင်က ငါ့ကို ခပ်စူးစူးအနေအထားနဲ့ ကြည့်လာတယ်။ ပြီး
မှ အကြည့်ကိုပြန်လျှော့ပြီး မွေးနီနဲ့ဖြစ်တဲ့ပြဿနာကို ရှင်းပြလာတယ်

"ကောင်လေးရေ . . . မင်းဘော်ဒါက ဖဲခိုးရိုက်တယ်ကွ။ အဲဒီ
ကြောင့် ငါက ဆုံးမနေတာပါ"

"ငါကခိုးရိုက်သလို မင်းတို့လည်း ညစ်ရိုက်တာပဲကွ"

မွေးနီက အနောက်ကနေ လှမ်းခေါ်တယ်။

ငါကတော့ ဖဲဘုရင်ရဲ့ မျက်နှာတည့်တည့်ကိုပဲ ကြည့်လိုက်
ပြီး . . .

"ကျွန်တော့်သူငယ်ချင်းကို လွှတ်ပေးလိုက်ပါ"

ခနဲ့သလိုလိုအသံနဲ့ ဖဲဘုရင်က ရယ်တယ်။ ငါကပဲ ဆက်ပြော
လိုက်တယ်။

"ခင်ဗျား ဖဲဘုရင်နော်"

"အင်း . . . ငါ့ကိုယ်ငါတော့ မသမုတ်ထားပါဘူး။ ဒါပေ
တခြားသူတွေကတော့ ခေါ်ကြတယ်။ ဖဲဘုရင်ဆိုပြီးတော့ပေါ့လေ"

ဒီအတိုင်းတိုက်လို့ နိုင်မဲ့ပွဲမဟုတ်မှန်း ငါသိတယ်။ ဒါကြောင့်
ဉာဏ်နဲ့လှည့်ပြီး ရုန်းရတော့မယ်။

"ကျွန်တော် ခင်ဗျားနဲ့ ဖဲတစ်ပွဲ ကစားချင်တယ်"

ဖဲဘုရင်က စိတ်ဝင်စားမှုရှိသလို ခန္ဓာကိုယ်ကို ပြင်ထိုင်တယ်။



"ကျွန်တော်နိုင်ရင် မွေးနီကို လွှတ်ပေးရမယ်။ ပြီးတော့ ဟိုစား
ဆောင့်မှာ ပုံထားတဲ့ငွေတွေကိုလည်း အကုန်ပေးရမယ်။ ခင်ဗျားနိုင်
ရင်တော့ ကျွန်တော် ခင်ဗျားတပည့်လုပ်မယ်။ ခင်ဗျားသတ်လိုသတ်၊ စေ
ချင်ရာစေ ကြိုက်သလိုလုပ်နိုင်တယ်"

လောင်းကြေးကြမ်းကြမ်းနဲ့ ငါကမ်းလှမ်းလိုက်တော့ . . .

"ကြိုက်တယ်၊ သိပ်ကြိုက်တယ်"

ဆိုပြီး ဖဲဘုရင်က ကျေနပ်သလို ထရယ်တယ်။ မွေးနီက စိုးရိမ်
တဲ့အကြည့်နဲ့ ငါ့ကိုလှမ်းကြည့်သလို လွင်မင်းကလည်း ငါ့အင်္ကျီစကို
ဆွဲပြီး တိုးတိုးပြောလာတယ်။

"ဟေ့ကောင်ပိုင် . . . မင်းလည်း ဖဲမရိုက်တတ်ဘဲနဲ့။ ဟိုကောင်
က ဖဲဘုရင်ပါဆို"

ငါက အကြံရှိသလို အသာပြုံးပြလိုက်တယ်။

" . . . ဘုန်း . . . "

ဖဲထုပ်အသစ်ကျပ်ချွတ်တစ်ထုပ်ကို ဖဲဘုရင်က စားပွဲပေါ်လှမ်း
ပစ်တင်လိုက်တယ်။

"ကဲ . . . ဘာကစားမှာလဲ။ ဘူကြီးလား၊ ကိုးမီးလား၊ ပိုကာ
လား၊ တွမ်တီဝမ်းလား၊ ရှိုးလား"

"အဲဒါတွေ တစ်ခုမှ မကစားချင်ဘူး"

သေချာစဉ်းစားပြီး ငါပြောချလိုက်တယ်။

"ကျွန်တော်ကစားချင်တာ 'ခုန်ကျော်တွဲ'"

"ဟမ်"

ဖဲဘုရင် အမ်းသွားတယ်။

"ငါ မကြားဖူးဘူး"

"အဟင်း . . . "

ဘယ်ကြားဖူးမှာလဲ ငတုံးကြီးရဲ့။ အဲ့ဒါဖဲကစားနည်းမှ မဟုတ်
တာဘဲ။



www.burmeseclassic.com

www.burmeseclassic.com

စားပွဲပေါ်က ဖဲထုပ်ကိုယူလိုက်တယ်။ ပြီးတော့ ဖဲချပ် (၁၀)ချပ်ကို ထုတ်လိုက်တယ်။ ပြီးတော့ စားပွဲပေါ်မှာ အဲဒီဖဲချပ် (၁၀) ချပ်ကို မှောက်လျက် ဒီလိုစီလိုက်တယ်။



"ဟော့ကောင် . . . မင်းဖဲတွေကို မှောက်လျက်ကြီးစီပြီး ဘာလုပ်နေ တာလဲ"

"ပြောမယ်လေ။ အခု ဒီလို ဖဲချပ် (၁၀)ချပ်ကို အတန်းလိုက် စီထားတဲ့ ဖဲချပ်တွေကို နှစ်ချပ်တွဲပုံစံဖြစ်အောင် ပြောင်းစီရမယ်။ ဆက်ကြည့်ထား။ ပြောင်းစီရမဲ့ပုံစံကို ကျွန်တော် ဆက်စီပြမယ်"



ငါစီပြလိုက်တော့ ဖဲဘုရင်က ရယ်တယ်။

"ဟား . . . ဟား . . . မင်းကလည်း ကလေးကလားကွာ။ အတန်းလိုက်စီထားတာကို နှစ်ချပ်တွဲဖြစ်အောင် ပြောင်းစီရတာများ ဘာခက် . . ."

"သာမန်ရွှေ့ချင်သလို ကောက်ရွှေ့ပြီးစီရင်တော့ လွယ်မှာပေါ့။ ဒါပေမဲ့ ဒီကစားနည်းမှာ စည်းကမ်းတစ်ခုခံထားသေးတယ်လေ။ အဲ့ဒါကတော့ နှစ်ချပ်ကျော်ပြီးမှ ရွှေ့ရမှာပဲ။ နောက်ဆုံး ခုနက စီပြထားသလို နှစ်ချပ်တွဲစုံတွဲ ငါးတွဲရအောင် ရွှေ့ရမှာ"

ဖဲဘုရင်က သိပ်နားမရှင်းသလို ဖြစ်နေတဲ့ပုံပဲ။ ဒါကြောင့် ငါ သေချာ ထပ်ရှင်းပြလိုက်ရတယ်။




(ကစားနည်းကို သေချာထပ်ရှင်းပြရရင် ပထမဆုံးအနေနဲ့ ဖဲချပ်တွေကို ဒီလိုစီလျက်ပေးထားပါတယ်။



ဒီလိုပေးထားတဲ့ ဖဲချပ်တွေကို ကိုယ်ကြိုက်တဲ့ ဖဲချပ်ကနေကိုင်ပြီး ဘယ်ဘက်ကိုပဲဖြစ်ဖြစ်၊ ညာဘက်ကိုပဲဖြစ်ဖြစ် ကြိုက်သလို နှစ်ချပ်ကျော်ပြီး ဆွဲရွှေ့တွဲနိုင်ပါတယ်။ နှစ်ချပ်ကျော်ပြီး ရွှေ့တွဲရပါမယ်။

နောက်ဆုံး . . .



ဒီလို နှစ်ချပ်တွဲစုံတွဲ ငါးတွဲအထိဖြစ်အောင် ရွှေ့ရမှာဖြစ်ပါတယ်)

"အဲဒီလို ခုန်ကျော်ပြီးတွဲရမှာမို့ ခုန်ကျော်တွဲလို့ အမည်ပေးထားတာပဲ"

နှစ်ခါရှင်းပြလိုက်လို့ ဖဲဘုရင်နားတော့ နားလည်သွားပါတယ်။ ဒါပေမဲ့ မျက်မှောင်ကြုတ်နေသေးတယ်။ ကိုယ့်ကိုယ်ကိုယ် ဖဲဘုရင်လို့ အမှတ်မထားဘူးဆိုတဲ့ ဖဲဘုရင်နည်းနည်းတော့ ဖြုံနေပုံရတယ်။

"ဟိုး ရှေးနှစ်ပေါင်းများစွာကတည်းက ဖဲချပ်တွေကို တရုတ်လူမျိုးတွေနဲ့ အင်ဒီးယန်းတွေက စတွင်ခဲ့တယ်လို့ဆိုတယ်။ ဖဲချပ်တွေကို ကစားနည်းတစ်ခုအဖြစ် တီထွင်ခဲ့ပေမဲ့ နောက်ပိုင်းမှာ သင်္ချာသဘောတွေ နက္ခတ်တာရာသဘောတွေကိုပါ မြုပ်နှံရာအဖြစ် ဖဲချပ်တွေကို အသုံးပြုလာကြတယ်။ ဖဲချပ်ကနေ ဆင်းသက်လာတဲ့ တားရော့တွေမှာဆိုရင်



www.burmeseclassic.com

www.burmeseclassic.com

ဂမ္ဘီရသဘော၊ မော်ဆန်တဲ့သဘောတွေတောင် ပါလာခဲ့တယ်။ ဒီခုန်ကျော်တွဲကစားနည်းမှာလည်း ရှုထောင့်အမြင်နဲ့ သင်္ချာပရိယာယ်လေးတွေ စိမ့်ဝင်နေတယ်နော်"

". . . . ."

"ဆယ်မိနစ်အချိန်ပေးမယ်။ အဲ့ဒီအချိန်အတွင်း လုပ်နိုင်ရင်တော့ ပြောထားတဲ့ လောင်းကြေးအတိုင်း ကျွန်တော် ခင်ဗျားရဲ့တပည့်လုပ်မယ်။ ကျွန်တော် ခင်ဗျားရဲ့တပည့်လုပ်မယ်။ ဆယ်မိနစ်လွန်သွားရင်တော့ ကျွန်တော့်သူငယ်ချင်းရယ် ဟိုစားပွဲထောင့်က ငွေပုံလေးရယ်တာ့ ကျွန်တော့်လက်ထဲ ရောက်မှာပေါ့ဗျာ။ ဘယ်လိုလဲ . . . သွေးရဲသေးလား"

ငါက ဆွလိုက်တော့ ဖဲဘုရင် ထောင်းခနဲဖြစ်သွားတယ်။ လက်ကနာရီကို ချက်ချင်းချွတ်ပြီး စားပွဲပေါ် ပစ်တင်လိုက်တယ်။

"အချိန်စမှတ်လိုက်တော့" တဲ့။

စိန်ခေါ်တာကို လက်ခံတယ်ဆိုတဲ့ သဘောပေါ့။ ကိုယ်မကျွမ်းကျင်တာကို လက်ခံလိုက်တဲ့ လူမိုက်တစ်ယောက်တော့ ငါ့ရှေ့ရောက်လာပြီလေ။

"ကဲ . . . ကောင်းပြီ။ အချိန်စမှတ်မယ်နော်။ ရယ်ဒီ . . . ဝမ်းတူး သရီ . . . ဂိုး . . . "

ပွဲစပါပြီ။ ဒါပေမဲ့ . . .

ဖဲဘုရင် ငြိမ်နေတယ်။

ဘယ်ဖဲချပ်က စရွှေ့ရမလဲ။ သူ စဉ်းစားနေပုံရတယ်။ သူတပည့်တွေကိုလည်း ခပ်ခွာခွာနောက်ဆုတ်ခိုင်းပြီး သူတစ်ယောက်တည်း စဉ်းစားတယ်။ မရင်းနှီးသူအတွက် သိပ်တော့မလွယ်တဲ့ ကစားနည်းမှန်း သူသိတော့ သိလာပြီ။

ဖဲဘုရင် ဖဲချပ်တစ်ချပ်ကို နှစ်ချပ်ကျော်ပြီး စရွှေ့ကြည့်လိုက်တယ်။ နောက်တစ်ချပ် ဆွဲရွှေ့ကြည့်တယ်။ ပြန်ဖျက်တယ်။ အစက ပြန်ရွှေ့ကြည့်တယ်။ ရွှေ့ရင်းနဲ့ ငါ့ကိုမော့ကြည့်သေးတယ်။ ငါများ ဘာပြောမလဲဆိုပြီတော့ပေါ့။



ငါက မွေးနီဆီကိုကြည့်ပြီး အားတင်းထားဆိုတဲ့သဘောနဲ့ ပြုံးပြလိုက်တယ်။ မွေးနီက ဒဏ်ရာတွေနဲ့ ခေါင်းပြန်ညိတ်တယ်။

"ငါးမိနစ်ရှိပြီ"

လွင်မင်းက နာရီကိုကြည့်ပြီး မရဲတရဲအော်တယ်။

ဖဲဘုရင်က ချွေးတွေပြန်လာပြီ။ ခေါင်းပေါ်က Cowboy ဦးထုပ်ကိုလည်း ချွတ်ထားလိုက်ပြီ။ ဒီတော့မှ သူ ထိပ်ပြောင်နေမှန်း သိတော့တယ်။

မိနစ်တွေကလည်း တရွေ့ရွေ့။ ဖဲဘုရင် ဖဲချပ်တွေကို ရွှေ့လိုက်ပြင်လိုက်၊ ခေါင်းကုတ်လိုက်၊ သက်ပြင်းမှုတ်လိုက်။

လွင်မင်းက စက္ကန့်လက်တံတွေအတိုင်း ထက်ကြပ်မကွာ လိုက်ရေတွက်နေရာက . . .

"ပြည့်ပြီ"

ထအော်လိုက်တယ်။

"ဆယ်မိနစ် အချိန်ပြည့်ပြီ"

ငါ ဖဲဘုရင်ရှေ့မှာ ဝင်ထိုင်လိုက်တယ်။

လှောင်ပြုံးပြုံးပြမလို့ပြင်ပြီးမှ မပြုံးပြဖြစ်လိုက်ပါဘူး။

"ကဲ . . . ခင်ဗျားမရွှေ့တတ်တာကို ကျွန်တော်ရွှေ့ပြမယ်"

စက္ကန့်ပိုင်းလေးအတွင်းပဲ ငါရွှေ့ပြလိုက်တယ်။ ထင်သလောက်သိပ်မခက်သလို ခံစားရတော့ သူတို့ ဒေါသထွက်ကြတော့တယ်။

ငါရွှေ့ပြပြီးပြီးချင်းပဲ မွေးနီကို ပြေးထူလိုက်တယ်။ လွင်မင်းကလည်း စားပွဲထောင့်ကငွေတွေကို ပြေးသိမ်းတယ်။

ဖဲဘုရင်က စားပွဲခုံကို ဒုံးခနဲ လက်သီးနဲ့ထုတယ်။ သူ့တပည့်တွေက တုတ်တွေဓားတွေဆွဲကိုင်ပြီး ငါတို့ကို ဝိုင်းလာတော့တယ်။

လွင်မင်းရဲ့ ငွေသိမ်းနေတဲ့လက်ကလေး တုံ့ခနဲရပ်သွားတယ်။



www.burmeseclassic.com

www.burmeseclassic.com

ငါကတော့ မွေးနီကိုထူလျက်နဲ့ပဲ ဖဲဘုရင်ကို စိုက်ကြည့်လိုက်တယ်။ ဖဲဘုရင်ကလည်း ပြန်စိုက်ကြည့်တယ်။

အကြည့်က တော်တော်ကြာသွားတယ်။

ပြီးမှဖဲဘုရင်က ယောက်ျားသိက္ခာကို အဆင့်ရှိရှိနဲ့ ထိန်းလိုက်တယ်။

"လွှတ်ပေးလိုက်"

သူ့တပည့်တွေလည်း အမိန့်ကိုမလွန်ဆန်နိုင်သလို တုတ်တွေ၊ ဓားတွေ လွှတ်ချလိုက်တယ်။

လွင်မင်းက ငွေတွေကို အကုန်သိမ်းထည့်လိုက်တယ်။

ပြီးတော့မှ ငါတို့အတူတူ ဖဲဘုရင်ရှေ့က အောင်မြင်တဲ့ခြေလှမ်းတွေနဲ့ ထွက်ခဲ့ကြတယ်လေ။

အပြင်ရောက်တော့ အချိန်က မှောင်ရီစပ်ခါးဖြစ်နေပြီ။

လမ်းမပေါ်လျှောက်ရင်း ဘာရယ်မဟုတ်ဘဲ ငါတို့ တဟားဟားထရယ်ကြတယ်။ လွင်မင်းက ငွေထုပ်လေးကို ကျောမှာပိုးပြီး ပုံပြင်ထဲက သူဌေးမင်းလို လျှောက်ကြတယ်။ မွေးနီက သူ့ဒဏ်ရာတွေကို လက်နဲ့ဖိပြီး ပြုံးလာတယ်။

အဲဒီအချိန် ငါတွေ့လိုက်ရတယ်။

"ဟာ . . . ဟိုမှာ . . . ယဉ်ယဉ်ပဲ"

လွင်မင်းကလည်း ထရေရွတ်လာတယ်။

ဟုတ်တယ်။ နင်ရယ် နင့်အဖေရယ်လေ။ လမ်းလျှောက်ထွက်လာကြတာ ထင်တယ်။ နင့်အဖေက မျက်မှန်ကြီး တပ်ထားတယ်။ ဆံပင်တွေလည်း ကျဲကျဲဖြူနေတယ်။

ငါတို့မသိမသာ နင်တို့အနောက်က ကပ်လျှောက်ခဲ့ကြတယ်။

တစ်နေရာကျတော့ နင်တို့ လျှောက်နေရာက ရပ်သွားတယ်လေ။

"ဖေဖေ ဟိုသီးမွှေးထည်လေးတွေ သွားဝယ်ရအောင်"



နင်က နင့်အဖေကို ပြောနေတဲ့အသံကို ငါကြားရတာလေ။ ဟုတ်တယ်။ ဆောင်းနားကပ်နေပြီမို့ လမ်းပေါ်မှာ သိုးမွှေးထည်လေးတွေကိုရောင်းတဲ့ တွန်းလှည်းသည်လေးတွေကို တွေ့နေရပြီလေ။ အဲ့ဒီသိုးမွှေးတွန်းလှည်းလေးတစ်ခုကို လက်ညှိုးညွှန်ပြီး နင်ပြောပေးမယ့် နင့်အဖေက . . .

"သမီးရယ် . . . လမ်းဘေးကဟာတွေ ဝယ်မနေပါနဲ့။ နောက်နေ့ကျမှ မြို့ထဲက အကောင်းစား . . ."

နင့်အဖေက ဘဝင်ကြီးတဲ့ပုံပဲ။ လမ်းဘေးဆိုတဲ့ စကားလုံးကို နှိမ့်နှိမ့်ချချ သုံးနေတယ်။ နောက်ပြီး နင်ဝယ်ချင်နေတဲ့ သိုးမွှေးထည်လေးတွေကိုလည်း ဝယ်မပေးဘဲ ဆက်လျှောက်သွားရောမို့လား။

အဲဒီအဖြစ်အပျက်ကို ငါတို့ ကောင်းကောင်းကြီး တွေ့လိုက်ရတယ်လေ။ မွေးနီက ငါ့ကို စေ့စေ့ကြည့်လာပြီး . . .

"ဘယ်လိုလဲ ပိုင်၊ ယဉ်ယဉ်ကို သိုးမွှေးထည်လေးတွေ ဝယ်ပေးချင်နေပြီမို့လား"

ငါ ပြုံးမိပေါ့။

* * *



www.burmeseclassic.com

www.burmeseclassic.com

"ဘုန်း . . ."

ခနဲ ငွေတစ်အုပ် ပစ်ချပေးလိုက်တယ်။ (ငွေနဲ့ပေါက်ဝယ်တယ် ဆိုတာမျိုးပေါ့လေ)

"ဒီသိုးမွှေးလှည်းလေးကို ငါတို့ယူမယ်။ ရလား"

"ဟုတ်ကဲ့ . . . ရ . . . ရပါတယ်"

ငါတို့ သိုးမွှေးထည်လေးတွေ ချိတ်ဆွဲခင်းကျင်းထားတဲ့တွန်းလှည်းလေးကို တွန်းလာကြတော့တယ်။ ငွေရှိတော့လည်း အရောင်းအဝယ် က သိပ်လွယ်ပါလား။ တန်တဲ့ဈေးထက် နှစ်ဆမက ငါတို့ပေးခဲ့တာလေ။

သိပ်မကြာခင်ပဲ ယဉ်ရဲ့အိမ်ရှေ့ကို ရောက်ခဲ့တယ်။ ခြံဝန်းတံခါး အတွင်းက သော့ခလောက်ကြီးကို တွေ့ရပေမယ့် ငါစိတ်မပျက်မိဘူး။ အနားမှာ မွှေးနီရှိနေတာပဲမဟုတ်လား။

မွှေးနီက ထုံးစံအတိုင်း သူ့ဘောင်းဘီအိတ်ကပ်ထဲက သံချောင်းလေးတစ်ချောင်းကို ထုတ်ပြီး သော့ခလောက်ကို ဖွင့်လိုက်တယ်။

"ကဲ . . . သတိထားပြီး အထဲကိုဝင်။ ငါနဲ့လွင်မင်း ဟိုနားက စောင့်နေမယ်"



ခပ်လှမ်းလှမ်းက သစ်ပင်တစ်ပင်ကို ညွှန်ပြပြီး မွှေးနီက ပြောတာပါ။

ဒီလိုနဲ့ ငါလည်းခြံဝန်းတံခါးကို အသံမထွက်အောင် ဖြည်းဖြည်းချင်း တွန်းဖွင့်လိုက်ရတယ်။ ပြီးမှ သိုးမွှေးတွန်းလှည်းလေးကို ထားခဲ့ပြီး ပြန်ထွက်ဖို့လုပ်တော့ . . .

"ဟင် . . ."

လူရိပ်တစ်ခုကို တွေ့လိုက်ရတယ်။ နင့်အိမ်ထဲက ထွက်လာတဲ့ လူရိပ်တစ်ခု။

ငါ အမြန်ဆုံး အမှောင်ထဲက သစ်ပင်တစ်ပင်အနောက်ကို ပြေးကွယ်လိုက်ရတယ်။ ဒါပေမဲ့ ကံဆိုးပါတယ်။ လူရိပ်က ငါ့လှုပ်ရှားမှုကို မြင်သွားတယ်။

ဒါပေမဲ့ လူရိပ်က ငါ့ဆီအရင်မလာဘဲ သိုးမွှေးတွန်းလှည်းလေးဆီ အရင်ထွက်သွားတယ်။ သိုးမွှေးလှည်းကလေးအနားက ခြံဝန်းမီးလုံးတွေရဲ့ အရောင်ဟပ်မှုကြောင့် အလင်းရောင်ပျပျ ဖြာနေတယ်။ ဒါကြောင့် လူရိပ်ရှင်ကို ဘယ်သူဘယ်ဝါဆိုတာ ငါသိလိုက်ရတယ်။ လူရိပ်ရှင်ကတော့ ငါ့ရဲ့ယဉ် . . .

သွားပြီ။ နင့်ကိုတွေ့တိုင်း သိပ်ပျော်ခဲ့ရတယ်။ ဒီတစ်ခါမပျော်နိုင်ဘူး။ နင့်ကို သိုးမွှေးတွန်းလှည်းလေးပေးတာ ငါမှန်းနင်သိရင် . . . အိုး . . . ဘယ်လိုရလဒ်တွေ ရှုပ်ထွေးကုန်မလဲ။

အဲ့ဒီအချိန် သစ်ကိုင်းခြောက်တစ်ခု နင်းခြေခံလိုက်ရသံကို ငါကြားလိုက်ရတယ်။ နင် ငါပုန်းနေရာ သစ်ပင်အနားကို ကပ်လာတာပဲ။

"(Gniap) ဂနိုက် . . . ဂနိုက် . . . ရှင် . . . ဂနိုက်မို့လား"

အဲ့ဒီလို အသံပြုပြီး ငါ့အနားကပ်လာပြီ။ ငါ ဘာလုပ်ရမလဲ။ ဘာလုပ်ရမလဲ။

"မလာနဲ့ . . . မင်း ရှေ့မတိုးနဲ့"

ကြံရာမရတဲ့အဆုံး ငါပြန်ပြောလိုက်တော့တယ်။ အသံကို ခပ်



www.burmeseclassic.com

www.burmeseclassic.com

ညြညြဖြစ်အောင်လည်း လုပ်ပြောလိုက်တယ်။ နဂိုအသံနဲ့ မတူအောင်လို့လေ။

"ရှင် (Gniap)ဂနိုက်မို့လား။ ကျွန်မသိတယ်။ ရှင် ကျွန်မဆယ်တန်းတုန်းက စာသင်ခုံထဲမှာ ပန်းလေးတစ်ခက် လာထားသွားတယ်လေ။ ကျွန်မဆေးရုံတက်တုန်းက ကချေသည်အရုပ်ကလေး ပေးတာလေ။ ကျွန်မ တက္ကသိုလ်မေဂျာပွဲမှာ ကတော့လည်း ပန်းစည်းလေးထပ်ပေးခဲ့တာ။ အခုလည်း သိုးမွေးတွန်းလှည်းလေး လာပေးပြန်ပြီ။ ရှင်ပဲမို့လား၊ ရှင် ဂနိုက်မို့လား"

ငါ ဘာမှ ပြန်မပြောနိုင် ဖြစ်နေခဲ့တယ်။ အခုချိန်မှာ နင်သာ ငါ့ကိုမတွေ့ဖို့ အဓိကပဲ။

"ရှင် ဘာလို့ငြိမ်နေရတာလဲ။ ဘာဖြစ်လို့ပုန်းနေတာလဲ။ ကျွန်မ ရှင့်ကို တွေ့ချင်နေတာ"

"ငါကတော့ မင်းကို မတွေ့ချင်ဘူး။ မတွေ့ပါရစေနဲ့"

ခါးခါးသီးသီးငြင်းဆိုနေတဲ့ ငါ့ကို နင်က ထူးဆန်းသလို ကြည့်နေမှာပဲ။ ဒါပေမဲ့ ဘယ်လိုကြည့်ကြည့် နင် ငါ့ကို မြင်ရမှာ မဟုတ်ပါဘူးလေ။ အမှောင်တစ်ထပ်၊ သစ်ပင်တစ်ထပ် ငါတို့ကြားမှာ ခြားထားလို့ပေါ့။

"ဘာလို့လဲ ကျွန်မကို ဘာလို့ တွေ့ခွင့်မပေးချင်ရတာလဲ"

"ငါ့ . . . ငါ့ရဲ့မျက်နှာတစ်ခြမ်းက မီးလောင်ထားတာ။ ငါ့ရုပ်က အရမ်းဆိုးတာ။ မင်းမြင်တာနဲ့ လန့်သွားလိမ့်မယ်။ ဒါကြောင့် မင်းကို မတွေ့စေချင်တာ"

"ရုပ်ဆိုးပေမဲ့ ရှင်က စိတ်ထားကောင်းတာပဲ။ ကျွန်မ ရှင့်ကို တွေ့ချင်တယ်"

"မရဘူး။ မင်း ငါ့ကို မတွေ့ရဘူး"

နင် တစ်ချက်ငြိမ်သွားတယ်။ ပြီးမှ . . .

"ကောင်းပါပြီရှင် မတွေ့တော့ပါဘူး။ ဒါနဲ့ရှင့်နာမည်က 'ဂနိုက်' လို့ အသံထွက်တာကော ဟုတ်ရဲ့လား။ ပြီးတော့ အဓိပ္ပာယ်က ဘာလဲ။ ဒစ်ရှင်နရီလည်း စုံနေပြီ။ အဲဒီ 'Gniap' ဆိုတဲ့ စကားလုံးရဲ့ အဓိပ္ပာယ်ကို ရှာမတွေ့ဘူး"



ဒီတစ်ခါတော့ ငါငြိမ်နေလိုက်တယ်။

"ထားပါတော့ ရှင်မပြောချင်လည်း။ အစက ကျွန်မက ရှင့်ကို လူလို့တောင် မယုံချင်ဘူး။ နတ်သားတစ်ပါးလို့ ထင်နေတာ အဟင်း"

ရယ်ဟဟနဲ့ နင်ဆက်ပြောတယ်။

"ဘာဖြစ်လို့လဲဆိုတော့ ရှင်က ကျွန်မရဲ့ လိုအင်ဆန္ဒတွေကို သိနေသလိုပဲ။ ပြီးတော့ အဲ့ဒီဆန္ဒတွေကိုလည်း တိတ်တိတ်လေး လိုက်ဖြည့်ဆည်းပေးနိုင်လို့ပဲ။ ပြောစမ်းပါဦး . . . ရှင်က လူလား နတ်လား"

"ငါက လူပါ။ လူတောင်မှ လူပေလူလွင့်လေးတစ်ယောက် ဖြစ်နိုင်တယ်"

ငါ့အဖြေကြောင့် နင်ငြိမ်သွားပြန်တယ်။ အတော်လေးကြာမှ–

"ရှင်က ကျွန်မလိုအင်ဆန္ဒတွေကို ဘာလို့ လိုက်ဖြည့်ဆည်းပေးနေတာလဲ"

"မသိဘူး။ ငါ့စိတ်ကိုက မင်းကို စိတ်ချမ်းသာစေချင်နေတာ။ မင်းလိုချင်တာတွေကို ငါ အကုန်ဖြည့်ဆည်းပေးချင်နေတာ"

နင်ငြိမ်သွားပြန်တယ်။ နင့် စိတ်ထဲက ဘာတွေ ဘယ်လိုဖြစ်နေလဲ သိချင်လိုက်တာ။

"ကျွန်မလည်း ဂနိုက်ကို အရမ်းခင်ပါတယ်။ အရမ်းလည်း တွေ့ချင်ခဲ့တာ"

"ငါ့ကို မတွေ့ချင်ပါနဲ့ကွာ၊ ငါ တောင်းပန်ပါတယ်။ မင်းအိမ်ထဲကို မင်းပြန်သွားပါတော့။ ငါလည်း ဒီနေရာကနေ ထွက်သွားချင်ပြီ"

ငါ့အသံ နည်းနည်းပြင်းသွားတယ်။ ဆောရီးပဲ . . . ယခုမှာငါ ဒီနေရာမှာ မနေချင်တော့ဘူး။ နင် ငါ့ကိုတွေ့သွားမလားဆိုတဲ့စိတ်နဲ့



www.burmeseclassic.com

www.burmeseclassic.com

နေရခက်လွန်းလှပြီ။

"ကောင်းပါပြီ။ ရှင်မတွေ့ချင်မှတော့ ကျွန်မ ထွက်သွားပါတော့မယ်"

နင် အိမ်ထဲပြန်သွားမလို့ ပြင်တော့လည်း လှမ်းတားချင်မိပြန်တယ်။

"ဟော့ . . . ခဏ"

နင် ချက်ချင်းပြန်လှည့်လာတယ်။ ပြုံးနေတဲ့ အသံမျိုးလေးနဲ့–

"အဟား . . . သိသားပဲ။ ရှင် ကျွန်မကို မသွားစေချင်ဘူးမို့လား"

ကြည့်စမ်း။ လူလည်မလေး ငါ့စိတ်ကိုသိနေပါလား။

"ပြောလေ . . . ဘာပြောမလို့လဲ"

"ဟို . . . ဟို . . . မင်းလိုချင်တာ ဘာများရှိသေးလဲလို့ပါ"

နင် စဉ်းစားတယ်။ သစ်ရွက်တွေကြားက လေစိမ်းတွေ တိုးဝှေ့လာတယ်။ အမှောင်ထဲကနေ နင့်ဆံပင်လေးတွေ လွင့်မျောနေမလားလို့ ငါမမြင်ဘဲနဲ့ စိတ်ကူးနဲ့ငေးနေခဲ့တယ်။

"ဂနိုက်"

"ပြောပါ"

"နောက်တစ်လကျရင် ကျွန်မတို့ မြို့ကလေးရဲ့ နှစ်(၉၀)ပြည့် အထိမ်းအမှတ်ပွဲတော်ရှိတယ်လေ။ ပွဲတော်ရဲ့ ဖွင့်ပွဲမှာ အကပြိုင်ပွဲလည်း ကျင်းပမှာတဲ့"

ဟာ . . . ဟုတ်သားပဲ။ နောက်လက ငါတို့မြို့ကလေးရဲ့ မြို့တည်နှစ် (၉၀) ပြည့်မယ့်နှစ်ပဲ။

"အဲဒီပြိုင်ပွဲမှာ ကျွန်မဝင်ပြိုင်မှာ ဒါပေမဲ့ ဘယ်လိုတေးသွားလေးနဲ့ ကရမှာလဲ ကျွန်မ စဉ်းစားမရဘူး ဖြစ်နေတယ်။ အဲ့ဒီကပွဲက တစ်မြို့လုံးက အကဝါသနာရှင်တွေ၊ ပညာရှင်တွေနဲ့ ယှဉ်ပြိုင်ရမှာဆိုတော့ အရမ်းခက်ခဲမှာ၊ တေးသွားလေးက ဆန်းကြယ်ပြီး ကောင်းနေမှဖြစ်မှာ။ ဒါမှ



ကကွက်အသစ်တွေလည်း ရှာနိုင်မှာလေ"

"အင်း"

"အဲ့ဒီအတွက် တေးသွားလေးတစ်ပုဒ် ကျွန်မလိုချင်တယ်။ ရှင် ကူညီနိုင်မလား"

ငါ သိပ်ဝမ်းသာသွားတယ်လေ။ အချိန်အားတိုင်း အိမ်မှာ ငါ နင့်အတွက် တေးသွားလေးတွေ ရေးစပ်နေခဲ့တာပဲ။

"ငါ ကောင်းကောင်း ကူညီနိုင်မှာပါ"

"အို . . . ဝမ်းသာလိုက်တာရှင်"

နင့်လက်ကလေးနှစ်ဖက်ကို ထွေးဆုပ်ပြီး အရမ်းဝမ်းသာသွားတယ်မို့လား။ တကယ်တော့ ငါက နင့်ထက်ပိုပျော်သွားတဲ့သူပါ။

"အင်း . . . ဒါဆို ကျွန်မသွားတော့မယ်။ ရှင့်အတွက် ကောင်းသောညဖြစ်ပါစေ"

နင် လှည့်ကြည့် လှည့်ကြည့်နဲ့ အိမ်ထဲဝင်သွားတော့တယ်။ ညရိပ်လူခြည်စိတ်ချရမှ ငါလည်း ခြံဝန်းထဲက အမြန်ထွက်ခဲ့တယ်။

အပြင်မှာ လရိပ်သက်သက်နဲ့ပဲ လမ်းကလေးက စင်းစင်းဖြူနေပါတယ်။ ထိန်းမရတဲ့ဝမ်းသာမှုက ငါ့မျက်နှာမှာ အတိုင်းသားပေါ့။ မှိုင်းလို့ မှိုင်ရတဲ့မျက်နှာဆိုတာကို ငါ မသိပါဘူး။ ဒါပေမဲ့ မြူးထူးစွာ ပြန်လာတဲ့ငါ့ကို မွေးနီက . . .

"အံမယ် . . . အံမယ် . . . မျက်နှာက ရွှေတွင်းထဲကျတဲ့ မျက်နှာနဲ့" တဲ့။

လွင်မင်းကတော့ . . .

"ဒီကောင်ကတော့ ပျော်လို့။ ငါတို့ကတော့ ချမ်းလို့သေတော့မယ်"

ရာသီဥတုက ရေခဲမှတ်ဝင်နေပြီလေ။

"ကဲ . . . ဒါဆို အချမ်းပြေသွားလိုက်ကြရအောင်"

သောက်လို့ကောင်းတဲ့ ဆိုင်တစ်ခုကိုသွားတာ မဟုတ်ပါဘူး။



www.burmeseclassic.com

www.burmeseclassic.com

ငါတို့သုံးယောက်လုံးက သိပ်မသောက်တတ်တာမို့ အစားအစာကောင်းကောင်းရတဲ့ ဆိုင်ကိုပဲ သွားကြတာပါ။

ဆိုင်ရောက်တော့မှ နင်ဟာ ငါရဲ့တေးသွားလေးနဲ့ ကဖြစ်တော့မှာဆိုတဲ့ အကြောင်းကို သူငယ်ချင်းတွေကို ငါ အားရပါးရ ကြွားလိုက်တယ်။

"ဒါကြောင့် မင်းတစ်ခါမှမပျော်ဖူးတဲ့ မျက်နှာနဲ့ပ ပျော်နေတာကိုး"

လို့ မွေးနီက မုဒိတာ ပွားပေးတယ်။

ဖဲဝိုင်းကနေ လူလည်ကျပြီးရလာတဲ့ ငွေကလည်း အများကြီးမို့လား။



## (၁၄)

"လေအေးစက်ပါ တစ်ခါတည်းတပ်ထားတဲ့ အင်္ကျီတစ်ထည်ဆေးမှာ"

"အဲ့ . . . အဲ့ဒီလို အင်္ကျီမျိုး ရှိလို့လား"

"ဟာ . . . ဂျပန်မှာတောင် ရောင်းလို့ကုန်တော့မယ်ဗျ ကျွတ်"

မွေးနီက စိတ်တိုသလို စုတ်သပ်တယ်။

'ဖော်ရွေ'ဆိုတဲ့ စတိုးဆိုင်ရှေ့ကို ငါတို့ရောက်နေခဲ့တာလေ။ ဒီဆိုင်အပြင်မှာ 'လိုတာအကုန်ရနိုင်တယ်'ဆိုတဲ့ ဆိုင်းဘုတ်ကိုလည်း တွေ့ရတယ်။ ဟိုတစ်နေ့က နင်နဲ့ ဒီဆိုင်ရှင်နဲ့ ဈေးဝယ်ရင်း စကားများကြတယ်လို့ မွေးနီက ငါ့ကို အဲဒီလိုပြောတယ်။ နင့်ကို ရန်တွေ့တဲ့ဆိုင်ဆိုတော့ ငါတို့လည်း ပြန်ရစ်ရအောင် အခု ဒီဆိုင်ရှေ့ရောက်နေတာလေ။

"ကဲ . . . ဟို ပါကင်လှလှလေးထုပ်ထားတဲ့ ပေါင်မုန့်တွေက ဘယ်လောက်လဲ၊ စားလို့ကောင်းလား"

"အား . . . အဲ့ဒါပေါင်မုန့်မှ မဟုတ်တာ။ ကိုယ်တိုက်ဆပ်ပြာတွေဗျ"



www.burmeseclassic.com

www.burmeseclassic.com

ဆိုင်ရှင် ခေါင်းကုတ်သွားတယ်။ ကုတ်ရလွန်းလို့ ဦးရေပြား လည်း လန်တော့မယ်ထင်တယ်။ ငါ ရယ်ချင်နေတယ်။ မွေးနီက ဆက် ညစ်တယ်။

"အဲ့ဒါတော့ ကျုပ်သိတာပေါ့ဗျ။ အဲ့ဒီဆပ်ပြာဘူးတွေရဲ့ ဘေး ကဟာတွေကို ပြောတာ"

"အဲ့ဒါလည်း ပေါင်မုန့်မဟုတ်ပါဘူးဗျာ။ ခြင်ဆေးခွေတွေပါ"

"ဗျာ"

မွေးနီက ဆိုင်ရှင့်မျက်နှာနား တိုးကပ်လိုက်ပြီး . . .

"ခင်ဗျား ကျွန်တော့်ကို ရစ်နေတာလား"

ဟွန်း သူကလည်းရစ်သေးတယ်။

ဆိုင်ရှင်ကတော့ မျက်နှာကြီးရှုံ့မဲ့နေတယ်။ မွေးနီကလည်း ခါး ထောက်ပြီး တစ်ဆိုင်လုံးကို နှာခေါင်းတရှုံ့ရှုံ့နဲ့ လှည့်ပတ်ကြည့်တယ်။

"ဒါဆိုလည်း စဉ်းတီတုံး တစ်တုံးပေးဗျာ"

မွေးနီကလည်း စတိုးဆိုင်ပါဆို စဉ်းတီတုံးသွားဝယ်နေ။

"ဟာ . . . စဉ်းတီတုံးတော့ ဘယ်ရောင်းမလဲဗျ"

"ဘာ . . . တော်ပြီဗျာ။ ခင်ဗျားတို့ဆိုင်က လိုချင်တာရမယ်ဆို တဲ့ ဆိုင်းဘုတ်ကြီးထောင်ထားပြီး ဘာမှလည်းမရဘူး"

". . . . ."

ဆိုင်ရှင် ဘာမှပြန်မပြောနိုင်ဘူး။ ရေငုံနှုတ်ပိတ်ဆိုတာမျိုး နေနေရရှာတယ်။ မွေးနီကတော့ ဇွတ်ဟောက်တယ်။

"အလကားဆိုင်။ ခင်ဗျားတို့ဆိုင်က ဘာမှမဝယ်တော့ဘူး။ အသုံးမကျတဲ့ဆိုင်။ စဉ်းတီတုံးတောင် မရောင်းတဲ့ဆိုင်။ ဘာမှလည်း မရဘဲ အကုန်ရမယ်ဆိုပြီး ရှီးတဲ့ဆိုင်"

မွေးနီ အော်ကြီးဟစ်ကျယ်လုပ်တော့ တခြားဈေးဝယ်သူတွေ လည်း လှမ်းကြည့်ကုန်ကြတယ်။ တချို့လည်း မဝယ်ဘဲ ထွက်သွားကြ တော့တယ်။



ငါကပဲ ချော့မော့ပြီး မွေးနီကို ပြန်ဆွဲခေါ်ခဲ့တယ်။

ဆိုင်အပြင်ရောက်တော့ ခေါင်းတုံးတစ်ယောက်ကို ငါတို့တွေ့ ဆိုက်ရသေးတယ်။

ဟိုတစ်ခါ ဖဲဝိုင်းမှာ ငါ့ရှေ့ဓားလျှက်ပြတဲ့ ခေါင်းတုံးလေ။

မွေးနီက ခေါင်းတုံးကိုတွေ့တော့ လက်ညှိုးကြီးကို လျှက်ပြ တယ်။ 'ငန်တယ် . . . ငန်တယ်'လို့ ခေါင်းတုံးကြားအောင် အော်ပြော တယ်။ ပြီးတော့ 'ဓားကိုလျှက်ရင်တော့ ချိုလောက်တယ်နော် . . . ပိုင်' ဆိုပြီး ငါ့ကိုအော်ပြောတယ်။

ခေါင်းတုံးက တစ်ယောက်တည်းမို့ အံကြိတ်ပြီးသာ ကျန်ခဲ့ရ တာပေါ့။

ငါတို့ကတော့ တဟားဟား ရယ်တာပေါ့လေ။ ဒါပေမဲ့ အဲ့ဒီလို ရယ်ခြင်းဟာ ငါနဲ့မွေးနီအတွက် နောက်ဆုံးတစ်ကြိမ် ရယ်မောခြင်းဖြစ် မှန်း ငါ ယောင်လို့တောင်မှ မတွေးမိခဲ့ဘူး။

အဲ့ဒီနေ့က လွှင်မင်းနဲ့တော့ မဆုံဖြစ်ဘူး။ အမေနေမကောင်း လို့ဆိုပြီး လွှင်မင်းက အပြင်မထွက်ခဲ့ဖူးလေ။



www.burmeseclassic.com

www.burmeseclassic.com

အဲဒီနေ့ညက ငါ ဘုရားကျောင်းမှာပါ။

ငါဖွဲ့ထားတဲ့ တေးသွားနုတ် (Note)စာရွက်ကို ဦးလေးပေါလ် ဟာ မျက်မှောင်ကြုတ်နေတယ်။ ပြီးမှ တဖြည်းဖြည်းပွင့်လာတဲ့ပန်း သူ့မျက်နှာမှာ ကျေနပ်တဲ့အရောင်တွေ ပြေးလာတယ်။

"ကောင်းတယ်"

ပြီးတော့ စန္ဒယားခလုတ်ပေါ် လက်ချောင်းတွေတင်ပြီး ငါ့တေး သွားကိုတီးကြည့်ပြန်တယ်။ တေးသွားက ခုနစ်မိနစ်လောက်ကြာတယ် အကတေးသွား သက်သက်မို့ ရှည်တယ်လို့တော့ မပြောနိုင်ဘူး။

စန္ဒယားခလုတ်ပေါ်က လက်ချောင်းတွေကို ပြန်ရုပ်တော့ ဦးလေး ပေါလ်ရဲ့ မျက်နှာမှာ ခုနကထက် ပိုကျေနပ်တဲ့ အရိပ်အရောင်တွေ တဖြည်း ဖြည်းဝင်းပလာတယ်။ ပြီးတော့ သူ့ပုံစံအတိုင်း အသံသြသြကြီးနဲ့ စကား စလာတယ်။

"မင်းပြောပုံအရဆိုရင် ကောင်မလေးကတတ်တဲ့ အကအမျိုး အစားက Lyrical ပဲကွ"

ဦးလေးပေါလ်ကို နင့်အကြောင်းတွေ အထိုက်အလျောက် ပြော ပြထားပြီးသားလေ။



"နောက်ပြီး ကောင်မလေးက စိတ်ထဲကရှိတဲ့ စကားလုံးတွေ ဆို လျှောက်အော်၊ လျှောက်ပြောတတ်သေးတယ်ဟုတ်လား။ လေစကြာ လေးကိုကိုင်ပြီး 'တူဖိုး . . . တူဖိုး' လို့ အော်ပြေးတယ်။ ဝိုင်ခွက်တွေကို ဆွဲထားတဲ့ ပန်းချီကားလေးကိုကြည့်ပြီး 'ဖောင်ဖောင်' လို့ ပြောတယ်ဆို တာတွေက သာမန်ဖြစ်ရပ်မဟုတ်ဘူး။ စိတ်ကို လင်းလင်းပွင့်ပွင့် ဖွင့်ထား တတ်တယ်ဆိုတဲ့သဘောပဲ။ သူ (Lyrical) အကကောင်းတယ်ဆိုတာ လည်း အဲ့ဒီလို စိတ်ကို ဖွင့်ထားနိုင်လို့ပဲကွ။ ဒါကြောင့် သူ့မှာ စိတ် ဓါရမီလည်းပါတယ်လို့ ပြောလို့ရတယ်"

ဦးလေးပေါလ်ရဲ့ စကားက အတိုင်းအတာတစ်ခုအထိ အဆင့် မြင့်နေပါတယ်။

"Lyrical ဆိုတာကလည်း စိတ်ခံစားမှုအတိုင်း လှုပ်ရှားပြီး ကရ တဲ့ အကလေ။ သိပ်ခက်ခဲတဲ့ အကအဖြစ် အကပညာရှင်တွေက သတ်မှတ် ထားကြတယ်။ အနုပညာစိတ်လှိုင်း အားနည်းတဲ့သူတွေ ကလို့မလွယ် ဘူး။ အင်း . . . မင်းတေးသွားကလည်း စိတ်ခံစားမှုအတိုင်းသွားထား တာဆိုတော့ သူ့အတွက် ကရတာ ပိုခက်ခဲမယ်။ ဒါပေမဲ့ ပိုလည်းဆန်း သစ်အနုပညာ မြောက်လိမ့်မယ်လို့ ငါယုံတယ်"

ဦးလေးပေါလ်က တစ်ထစ်ချ အဆိုပြုလိုက်တော့ ငါ အားတက် သွားရတယ်။

"အကလေ့ကျင့်တဲ့အခါမှာကော ထူးထူးခြားခြား တိုးတက်လာ နိုင်တဲ့ နည်းလမ်းတွေ ဘာတွေရှိလား"

ဦးလေးပေါလ်က သူ့မုတ်ဆိတ်မွေးတွေကို ပွတ်သပ်ပြီး ငါ့အမေး ကို ရှည်ရှည်ဝေးဝေး စဉ်းစားသေးတယ်။

အတော်လေးကြာမှ . . .

"ရှိတယ်။ စမ်းသပ်ချက်တော့ မဟုတ်ဘူး၊ တွေ့ရှိချက်ပေါ့။ လူတွေ နံနက်စောစော ရေကန်တွေရှိရာဘက်ကိုသွားပြီး လေကောင်း လေသန့်ရတဲ့နေရာတွေမှာ လေ့ကျင့်ခန်းလုပ်ကြ။ ယောဂထိုင်ကြတာတွေ



www.burmeseclassic.com

www.burmeseclassic.com

နဲ့ သဘောချင်းတူလိမ့်မယ်။ ကချေသည်တွေက ကမ်းခြေတွေ ဒါမှမဟုတ် ရေများများရှိတဲ့ ရေကန်တွေရဲ့ အနီးအနားမှာ လေ့ကျင့်ရင် ပိုတိုးတက်နှုန်းတိုးတာ တွေ့ရတယ်။ အင်း . . . လေကောင်းလေသန့်ရတော့ စိတ်ကြည်လင်မယ်။ အဆုတ်အတွက်လည်း ကောင်းမယ်။ အမောခံနိုင်မှု သက်လုံအပြင် စိတ်မှာအကြည်ဓာတ်လေးရတော့ တီထွင်နိုင်တဲ့ စွမ်းအင်လည်း တိုးတက်လာတာပေါ့ကွာ။ အင်း . . . ရေနဲ့နီးတဲ့နေရာတွေမှာ လေ့ကျင့်ရမယ်။ လတ်ဆတ်တဲ့လေကို ရှူရှိုက်ရမယ်။ ဒါ အခြေခံအကျဆုံးနဲ့ အရေးကြီးဆုံးအချက်ပဲ”

“ဟုတ်”

ဦးလေးပေါလ်ရဲ့ အကြံပြုချက်တွေက ငါ့အတွက် အဖိုးတန်နေတယ်။ အင်း . . . နင့်အတွက်ကောပေါ့။

“မင်းရဲ့ တေးသွားထဲမှာ အထီးကျန်မှု၊ မျှော်လင့်မှုနဲ့ မျက်ရည်တွေကိုလည်းတွေ့ရတယ်။

ဟင်း . . . ဟင်း . . . ခံစားချက်ပြင်းတဲ့ တေးသွားထဲမှာ ကဖြရမယ့် ကချေသည်လေးကိုတော့ ငါကြိုတောင် မြင်ယောင်နေမိတယ်”

ဦးလေးပေါလ်ဟာ တေးသွားထဲမှာ စီးမျှောမြုပ်နှံထားတဲ့ ငါ့စိတ်တွေကို အတိုင်းသားမြင်နေရတာပဲ။ ငါ့ဆီရွှေ့လာ ငါ့ပခုံးကိုပုတ်ပြီးလည်း . . .

“မင်းမှာ ငါထင်တာထက် ဒဏ်ရာတွေ ပိုရှိနေခဲ့တာပဲ။ ဒါပေမဲ့ အဲ့ဒီဒဏ်ရာတွေကပဲ မင်းကိုကောင်းမွန်တဲ့ အနုပညာတွေဖြစ်စေဖို့ လှုံ့ဆော်ကူညီခဲ့ပြီပဲ။ ဒဏ်ရာတွေကိုမင်း အကောင်းဆုံး အသုံးချနိုင်ခဲ့ပါတယ်လေ”

ဒီတော့လည်း ငါ့မှာ ဆိုးရွားတဲ့ ကံကြမ္မာကိုတောင် ကျေးဇူးတင်ရမလို ဖြစ်နေပြီ။

ညနေ . . . မြူတွေမှုန်ဝေပြည့်နက်မှ ဘုရားကျောင်းလေးထဲက ငါ ထွက်ခဲ့တယ်။ တိုက်ဆိုင်စွာပေါ့။ နင်နဲ့ တွေ့မလားဆိုပြီး လမ်းမတွေ



ပေါ် မျက်လုံးကစားခဲ့သေး။

မြို့ကလေးရဲ့ မြို့တော်ခန်းမရှေ့ရောက်တော့ ကြီးမားထည်ဝါတဲ့ စင်ကြီးတစ်စင်ကို ဆောက်လုပ်နေကြတာတွေ့ရတယ်။ ဒါမြို့ကလေးရဲ့ နှစ် (၉၀) ပြည့်မွေးနေ့မှာ အကပြိုင်ပွဲကျင်းပမယ့် စင်ကြီးပဲ ဖြစ်လိမ့်မယ်။

အဲ့ဒီလမ်းတစ်လျှောက် ဆိုင်ခန်းတွေလည်း ယာယီအနေအထားနဲ့ ဆောက်နေကြတာ အများကြီးပဲ။ အလွယ်တကူ ရွှေ့ပြောင်းလို့ရတဲ့ မိုးပျံပူဖောင်းသည်၊ မျက်နှာဖုံးအရုပ် ရောင်းတဲ့အသည်၊ အခြား မုန့်သေးသေးလေးတွေရောင်းတဲ့ ဆိုင်ကလေးတွေကိုလည်း တွေ့နေရပါပြီ။ လူတချို့လည်း ဖြတ်သွားဖြတ်လာ လုပ်နေကြပြီ။

ယဉ်ရေ . . . ဒီလို တစ်မြို့လုံးရဲ့အလယ်မှာ နင်ကတာကို ငါကြည့်ချင်နေပါပြီ။ မနက်ဖြန်တွေ မြန်မြန်လာပါတော့ . . .။



www.burmeseclassic.com

www.burmeseclassic.com

## (၁၅)

ဒီလိုမှန်းသိရင် မနက်ဖြန်တွေ မြန်မြန်လာပါတော့လို့ ငါ ဆုတောင်းခဲ့မှာ မဟုတ်ပါဘူး။ မနေ့ရဲ့ မနက်ဖြန်က ဒီနေ့ဖြစ်တယ်။

ဒီနေ့ဟာ ငါ့ဆီသတင်းဆိုးတွေ တည့်တည့်လျှောက်လာတဲ့နေ့ ပေါ့။ ရဲတွေကလည်း ငါ့အိမ်ထဲကို ချဉ်းနင်းဝင်လာခဲ့တယ်။ ဘာမှမလုပ် ထားတဲ့ ငါ့ကို စစ်ဆေးမေးမြန်းကြတယ်။ မေးမြန်းရုံအပြင် ငါက ဘာမှ မဖြစ်ခဲ့ပေမဲ့ မွှေးနီကတော့ အချုပ်ထဲရောက်နေခဲ့ပြီလေ။

မနေ့က ငါတို့သွားရစ်တဲ့ 'ဖော်ရွေ' ဆိုတဲ့ စတိုးဆိုင်ကို ည ရောက်တော့ မွှေးနီတစ်ယောက် သွားဖောက်ထွင်းခဲ့တယ်။ အဲ့ဒီမှာ ဖမ်းမိ ပြီး ရဲလက်အပ်ခဲ့တယ်။ စတိုးဆိုင်ပိုင်ရှင်က 'နေ့လယ်က ဒီကောင်နဲ့ အတူပါလာတဲ့ကောင် ရှိသေးတယ်။ အဲ့ဒီကောင်ကလည်း မသင်္ကာဘူး' ဆိုပြီးပြောလို့ ရဲတွေက ငါ့ကို စစ်ဆေးကြတာပါ။

မွှေးနီ အချုပ်ထဲမှာ ဘယ်လိုနေမလဲ။ ငါနဲ့လွင်မင်း သွားတွေ့ ချင်ပေမဲ့ တွေ့ခွင့်မရခဲ့ဘူး။ ရက်သတ္တပတ်လောက်နေပြီး ရုံးချိန်းမှာ အမိန့် ချပြီးတော့မှ တွေ့ခွင့်ရမှာတဲ့။



ဒါပေမဲ့ ရဲစခန်းရှေ့မှာ တွေ့ရလို တွေ့ရငြား ငါတို့ ရစ်သီရစ်သီ လုပ်နေခဲ့သေးတယ်။ မိုက်လိုက်တာ . . . သူငယ်ချင်းရာ။ ဘာလို့ ဒီလို လုပ်ရတာလဲ။ ညနေစောင်းလောက်ကျမှ လွင်မင်းက . . .

"တွေ့ခွင့်မရမှတော့ ပြန်ကြရအောင်ပါ ပိုင်ရာ။ ငါ့အမေလည်း သိပ်နေမကောင်းလို့"

အဲ့ဒီလိုနဲ့ ငါတို့ပြန်ခဲ့ကြတယ်။

ညနေရဲ့ လောကဓာတ်တစ်ခုလုံးဟာ ပြာရိုင်းတွေနဲ့ မွန်းလောင် ပူမြိုက်လို့ပေါ့။



www.burmeseclassic.com

www.burmeseclassic.com

## (၁၆)

အဲ့ဒီရက်ပိုင်းက အဖြစ်အပျက်တွေကို ငါယုံကြည်ဖို့ သိပ်ခက်ခဲ့တယ်။ ငါသိပ်အားနာပြီး နာကျင်ခဲ့ရတယ်။ ငါချစ်ရတဲ့ သူငယ်ချင်းတွေရဲ့ အဆိုးဝါးဆုံးအချိုးအကွေ့တွေကို ငါ မျက်ဝါးထင်ထင် မြင်နေရတယ်။ ငိုနေတဲ့ လွင်မင်းကိုလည်း ဖြေသိမ့်ဖို့ခက်မှန်း သိပေမယ့် ငါ နှစ်သိမ့်ပေးခဲ့တယ်။

မွှေးနီကို ပထမဆုံးအကြိမ် တွေ့ခွင့်ရတဲ့အချိန်မှာ ငါလည်း ရှင်လန်းမှုမဲ့နေခဲ့တယ်။ မတွေ့ရတာ (၂) ပတ်လောက်ပဲ ရှိသေးပေမဲ့ မွှေးနီမျက်နှာက သိပ်ကို အိုမင်းသွားသလိုပဲ။ ညှိုးနွမ်းရှိနေတယ်။

သံတိုင်တွေကို ကိုင်ပြီး ငါ့ကို ညှိုးညှိုးငယ်ငယ်နဲ့ ကြည့်နေခဲ့တယ်။ ငါလည်း အားယူပြုံးပြနေမိတယ်။

"လွင်မင်းကော ဘာလို့ လိုက်မလာတာလဲ"

ငါ မပြောချင်ဘူး။ . . . လုံးဝကို မပြောချင်ခဲ့ဘူး။ ဒါပေမဲ့ –

"သူ . . . သူမအားဘူးကွ။ အသုဘအတွက် ပြင်ဆင်နေရတယ်"



"ဟင်"

မွှေးနီ နားမလည်စွာ အံ့ဩသွားတယ်။ ဒါပေမဲ့ ချက်ချင်း ပြန်နားလည်လိုက်မှာပါ။

"လွင်မင်းအမေ ဟိုတစ်နေ့ကပဲ ဆုံးသွားတယ်ကွာ"

တအုန်းအုန်းနဲ့ နံရံတွေကို မွှေးနီ ပစ်ထိုးလိုက်တော့တယ်။ ကြားထဲမှာ သံတိုင်တွေကာနေတော့ ငါ မတားနိုင်ခဲ့ဘူး။ ငါလည်း နာကျင်နေပါတယ် သူငယ်ချင်းရာ။

လက်တွေစုတ်ပြတ်သွားအောင် ထိုးပြီးမှ ငါ့ရှေ့မှာ ဒူးထောက်ပြန်ထိုင်၊ သံတိုင်တွေဆီ ခေါင်းစိုက်ပြီး ငိုတော့တယ်။

ငါတို့သူငယ်ချင်းတွေ ဘာလို ဒီလောက် ကံဆိုးနေရတာလဲ။

စိတ်ဓာတ်တွေ အပြတ်အသတ် ပျက်ကျနေတဲ့ သူငယ်ချင်း။

ငါ့စိတ်တွေကို ငြိမ်အောင်ပြန်ထိန်းပြီး မွှေးနီ အားရှိစေနိုင်မဲ့ စကားတွေကို ငါရွေးပြောနေမိတယ်။

"မင်းနဲ့ငါ သူငယ်ချင်းစဖြစ်ခဲ့တဲ့ ပုံစံကို မှတ်မိသေးလား။ မင်းငါ့ရဲ့ လေယာဉ်ပျံအရုပ်လေးကို လာခိုးတယ်လေ။ လွင်မင်းက မြင်သွားပြီး ငါ့ကို တိုင်ပြောလို့ မင်းခိုးနေတုန်း ငါဖမ်းမိသွားခဲ့တာလေ။ ဒါပေမဲ့ ငါက ခိုးနဲ့ လိုချင်ရင်တောင်းယူဆိုပြီး လေယာဉ်ပျံရုပ်လေးကို မင်းကို ပေးလိုက်တာမို့လား။ အဲ့ဒီလိုနဲ့ မင်းနဲ့ငါ သူငယ်ချင်းဖြစ်ခဲ့ရတာလေ။ အဲ့ဒီတုန်းက ငါ့မှာလည်း ဖေဖေကော၊ မေမေကော၊ ငွေတွေကော၊ ရွှေတွေကော ရှိနေသေးတဲ့ အချိန်ပေါ့"

". . . . ."

"မင်းနဲ့ငါ ရန်လည်းဖြစ်ဖူးသေးတယ်လေ မှတ်မိလား။ ငါက ထိုးတော့ မင်းကရှောင်လိုက်တာ လွင်မင်းကို သွားထိုးမိရောလေ။ မင်းက ထိုးတော့လည်း ကြားကဝင်ဆွဲတဲ့ လွင်မင်းကိုပဲ ထိုးမိပြန်ရောလေ။ ရန်ပွဲပြီးသွားတော့ ငါတို့နှစ်ယောက်က ဘာမှမဖြစ်ဘဲ လွင်မင်းပဲ မျက်နှာတစ်ခုလုံး ညိုမည်းသွားတာလေ"



www.burmeseclassic.com

www.burmeseclassic.com

"အဟင်း"

မျက်ရည်တွေနဲ့ ရယ်သေးတယ်။

"အဲ့ဒီတုန်းက ငါတို့ ဘယ်နှတန်းလဲ"

"အင်း . . . ခြောက်တန်း"

ဩော် . . . မင်းမှတ်မိနေတာပဲကိုး . . .။

ငါ သံတိုင်ကြားကပဲ လက်လျှိုသွင်းပြီး မွှေးနီရဲ့ပခုံးကို ပုတ်ပေးလိုက်တယ်။ အချိန်စေ့လို့ ငါပြန်ရတော့မှာကိုသိလို့ မွှေးနီမျက်ရည်တွေ ထွေတက်လာပြန်တယ်။ အိခနဲ ကြိတ်ငိုတယ်။ နာကျင်ပေမဲ့ ငါ လှည့်ထွက်ခဲ့ပါတယ်။

မွှေးနီဆီကပြန်တော့ လွင်မင်းဆီဝင်တယ်။ လွင်မင်းအိမ်မှာ လူစည်နေပါတယ်။ ဈာပနအတွက် ပြင်ဆင်နေကြတာလေ။ အိမ်ဘေးက သစ်ပင်ခြေရင်းမှာ ငူတွေတွေထိုင်နေတဲ့ လွင်မင်းကို တွေ့ရတယ်။

အနားရောက်လာတဲ့ငါ့ကိုလည်း ကြောင်သေသေကြည့်တယ်။ လွင်မင်းပုံကိုကြည့်ရတာ သိပ်ကို ပင်ပန်းပျော့ရိနေတဲ့ပုံပဲ။ အင်း . . . အမေတစ်ယောက် ဆုံးရှုံးတယ်ဆိုတာ နှိုင်းဆမရအောင်ကြီးမားတဲ့ ဆုံးရှုံးမှုပဲ။ ငါလည်း ဆုံးရှုံးဖူးလို့ ကိုယ်ချင်းစာနိုင်တယ်။

ဘာပဲဖြစ်ဖြစ် စိတ်ကိုငြိမ်အောင်ထားပါ သူငယ်ချင်းရာ။

လွင်မင်းတို့က သားအမိနှစ်ယောက်တည်း နေခဲ့ရတာလေ။ လွင်မင်းအဖေက အဝေးက တခြားမြို့တစ်မြို့မှာပေါ့။ သူ့အမေနဲ့ အဖေနဲ့က စိတ်သဘောချင်း ညှိမလွယ်လို့ အိမ်ထောင်ကွဲနေကြတာ ကြာလှပြီလေ။

"မွှေးနီ . . . ဘယ်လိုနေလဲ"

နွမ်းယဲ့ယဲ့ အသံလေးနဲ့မေးတယ်။

"အင်း . . . သူလည်း အရမ်းအားလျော့ပင်ပန်းနေပုံပဲ။ နောင်တလည်း ရနေလိမ့်မယ်။ မင်းကောသူငယ်ချင်း အဆင်ပြေရဲ့လား"



"ကိုယ့်အဖြစ်ကို သနားအားငယ်တာမျိုးတော့ ဖြစ်မိတယ် ဗိုင်ရာ။ အသုဘပြီးရင်တော့ ငါ့အဖေရှိတဲ့မြို့ကို သွားတော့မယ်"

ဩော် . . . မင်းလည်း ငါ့ကို ခွဲပြီးသွားတော့မှာပေါ့။ သွားပါလေ . . .။ လွမ်းစရာတွေ ကျန်ခဲ့ပေမဲ့ လုပ်သင့်တာတော့ လုပ်ရမှာပဲ မို့လား။ လွင်မင်းကိုလည်း ငါ ပခုံးပုတ်ပြီး အားပေးခဲ့တယ်။

အိမ်အပြန်မှာ ငါတစ်ယောက်တည်း။ ငါလေ . . . ကိုယ့်ကိုယ်ကိုယ်တော့ ပခုံးပုတ်ပြီး အားပေးဖို့ မေ့လျော့နေခဲ့ . . .။



www.burmeseclassic.com

www.burmeseclassic.com

## (၁၇)

အသုဘပြီးတဲ့တစ်နေ့မှာ ဥယျာဉ်လေးထဲကို ငါ ရောက်လာခဲ့တယ်လေ။

ငါသိတယ်။ ဒီရက်ပိုင်းအတွင်း ဒီဥယျာဉ်လေးဆီ နင်လည်း ရောက်လာတော့မှာကို ငါကြိုသိနေခဲ့တယ်။ ဘာလို့လဲဆိုတော့ ပွဲတော်ချိန်က နီးနေပြီ။ နင်ကရမယ့်တေးသွားလေးက နင့်ဆီရောက်မလာသေးဘူးလေ။ ဒါကြောင့် နင် စိတ်ညစ်နေမှာပေါ့။ နင် စိတ်ညစ်ရင်လာနေကျဖြစ်တဲ့ ဒီဥယျာဉ်လေးဆီ လာတော့မှာပေါ့။

ငါကြိုသိနေခဲ့ပါတယ်။ (ဒါ့ကြောင့်လည်း ကြိုစီစဉ်ထားခဲ့ပါတယ်)။

ဒီတစ်ခါ ဥယျာဉ်ထဲ နင်ရောက်လာတဲ့ပုံက နည်းနည်းတော့ထူးဆန်းတယ်။ လက်ထဲမှာ လေစကြာလေးကိုင်မထားပေမဲ့ ပခုံးမှာတော့ အိတ်ကလေးတစ်လုံး လွယ်လာတယ်။

နင်ကိုယ်တိုင် စိတ်ညစ်နေပေမဲ့ ငါ့ကို နှစ်သိမ့်တယ်။



"နင့်သူငယ်ချင်းတွေ ဒီလိုဖြစ်နေကြတော့လည်း ငါလည်း စိတ်ကောင်းပါဘူး။ ဒါပေမဲ့ သူငယ်ချင်းတွေမရှိတော့ရင်လည်း 'လေ'မသွားနဲ့နော်။ ပတ်ဝန်းကျင်က နဂိုကမှ နင့်ကို ပြောချင်နေကြတာ။ ဂျလေဘီချွမ်းပစီဆိုပြီး လက်ညှိုးထိုးချင်နေကြတာ။ နင် အဲ့ဒီလိုပြောခံရရင် ငါလည်း စိတ်ပျက်တယ်။ စိတ်ထဲလည်း မကောင်းဘူး"

တကယ့်ကို ရင်နာတဲ့အသံလေးနဲ့ ပြောလာတယ်။

"စိတ်ချပါ။ နင် စိတ်မပျက်စေရပါဘူး"

ငါက နင့်ကို အမြဲစိတ်ချမ်းသာစေချင်တဲ့ (Gniap)ဂနိုက်ပါ။

"ယဉ် . . . နင်လည်း စိတ်ညစ်မရာ တစ်ခုခုရှိနေသလိုပဲ"

"အင်းဟာ"

ဆက်ပြောမလိုလုပ်ပြီးမှ မပြောတော့ပြန်ဘူး။ မပြောလည်း နင်ဘာလို့စိတ်ညစ်နေတာလဲဆိုတာ ငါသိပြီးသားပဲ ယဉ်ရဲ့။

"အဟွတ် . . . ဟွတ် . . . ဟွတ် . . . "

ငါ ရုတ်တရက် ချောင်းတွေအရမ်းဆိုးတာလို့ ထိုင်ရာကနေထလိုက်တယ်။ ဒီတော့ ကျောက်ရုပ်ကြီးရဲ့ လက်တစ်ဖက်နဲ့ ခေါင်းနဲ့ဆောင့်မိရော။

"အ . . . "

ခေါင်းကိုလက်နဲ့ပွတ်ပြီး ချက်ချင်း ပြန်ထိုင်လိုက်ရရော။

"ပိုင်ရေ . . . နင်ကတော့"

ရယ်ဟဟနဲ့ ငါ့ခေါင်းလေးကို နင့်လက်ဖဝါးလေးနဲ့ ဖိပေးတယ်လေ။ အဲ့ဒီအချိန် 'ချွတ် . . . ခလွတ် . . . ချွတ်'ဆိုတဲ့ ရုပ်တိုက်သံလေးနဲ့ ကြေးရုပ်ကြီးပေါ်က တစ်စုံတစ်ရာကျလာတာကို တွေ့လိုက်ရတယ်။

အဲ့ဒီတစ်စုံတစ်ရာက စာရွက်အလိပ်ကလေးတစ်ခုပါ။ စာရွက်လိပ်ကလေးကို စက္ကူကြိုးလေးနဲ့ချည်ထားတယ်။

အဲ့ဒါလေးကိုတွေ့တော့ နင့်မျက်လုံးလေး ဖွားခနဲ ဝင်းသွားတယ်။ Gniapဂနိုက်'လို့ တိုးတိုးလေးရွတ်ပြီး စာရွက်လိပ်လေးကို ကောက်ယူလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com

စာရွက်လိပ်လေးက ငါ့ခေါင်းနဲ့ တိုက်မိလို့ ကြေးရုပ်ကြီး[...]
က ပြုတ်ကျလာတာပေါ့။

ချက်ချင်းပဲ စာရွက်လိပ်ကလေးကို နင် ဝမ်းသာအားရ ဖွင့်ကြ[...]
တယ်။ ဖွင့်ကြည့်ကြည့်ချင်းပဲ ဝမ်းသာမှုက လျော့သွားတယ်။ နားမလည်[...]
မှုက အစားထိုးဝင်လာတယ်။

စာရွက်ပေါ်မှာ နင် နားမလည်တာတွေကို တွေ့လိုက်ရလို့[...]

apple
ibis ― wheel
sonny

စာရွက်ပေါ်မှာ အဲ့ဒီစာလုံးတွေ တွေ့လိုက်ရတော့ နင်မျက်[...]
ကြုတ်သွားတယ်လေ။ နှုတ်ခမ်းလေးလည်း ထော်သွားသလိုပဲ။

“ဒါ ဘာအဓိပ္ပာယ်လဲဟ”

“ဟင့်အင်း . . . မသိဘူး။ ကလေးတွေလျှောက်ရေးပြီး ဒီ[...]
ရုပ်ကြီးပေါ် တင်ခဲ့တာနေမှာပေါ့ဟ”

ငါက ခပ်ပေါ့ပေါ့ပြောတော့ နင်က ခေါင်းရမ်းတယ်။

“နင် မသိပါဘူး။ ဒါငါ့ကို တစ်ယောက်ယောက်က [...]
တာ”

Gniap ဂနိုက်ကပေးတာမို့လား ။ငါသိသားပဲ။ နင်ကတော့ [...]
ချာကို စူးစိုက်ပြီး စဉ်းစားနေတော့တယ်။ စာလုံးတွေကို ဆက်စပ်ပြီး[...]
လေ။

“apple ဆိုတာ ပန်းသီးပဲ။ ibis ဆိုတာကျတော့ ခရုစုပ်ငှ[...]
ကို ခေါ်တာပဲ။ အင်း . . . sonny ကျတော့ လူကလေး၊ ချာတိတ်[...]
ကိုခေါ်တာ။ ဒီဘက်က wheel ကတော့ ဘီးလုံး . . . ဒီတော့ . . . အင်[...]
ကျွတ် . . .”



စိတ်ရှုပ်လာသလို နဖူးကို တဂျိဂျိကုတ်တယ်။ နင် စိတ်ရှုပ်ပုံက
လည်း တစ်မျိုးလေးရယ်။ သူများတွေက စိတ်ရှုပ်ရင် ခေါင်းကုတ်တာ။
နင်ကျတော့ နဖူးကုတ်တာလေ။

“ပန်းသီး၊ ခရုစုပ်ငှက်၊ လူကလေး၊ ဘီးလုံး . . . ဘာတွေလဲ။
လူကလေးရဲ့ ဘီးလုံးလား၊ ပန်းသီးစားတဲ့ ခရုစုပ်စားငှက်လား . . .”

တတွတ်တွတ် စဉ်းစားတယ်။ ငါကတော့ တစ်ချက်မှ ဝင်မပြော
ဘဲ နင့်စဉ်းစားပုံလေးတွေကိုပဲ ငြိမ်ကြည့်နေလိုက်တယ်။

ခဏလောက်အကြာမှာတော့ စာရွက်ကိုကြည့်နေရာက ဆတ်ခနဲ
ခေါင်းပြန်ထောင်လာပြီး . . .

“ဟုတ်ပြီ . . . ဒီလိုမျိုးလားမသိဘူး”

“ဘယ်လိုမျိုးလဲ”

စာရွက်လိပ်ကို ပြန်ကြည့်ပြီး ထင်တာကို နင်ပြောတယ်။

“ဒီလိုကွာ . . . ။ ဒီစာလုံးတွေရဲ့အဓိပ္ပာယ် ခရုစုပ်ငှက်တွေ၊
ပန်းသီးတွေ၊ လူကလေးတွေကို မစဉ်းစားဘဲ အဲ့ဒီ မီးနင်းစာလုံးတွေကို
လည်း သက်သက်စဉ်းစားကြည့်မယ်”

“. . . . .”

“သေချာကြည့်ကွာ။ နင် ဒီမီးနင်းစာလုံးတွေမှာ ထူးခြားတာမျိုး
ဘာတွေ့လဲ”

ငါသေချာကြည့်ပြီး ဖြေလိုက်ပါတယ်။

“သိဘူး” လို့။

“အင့်ကွာ . . . အားကိုးမရတဲ့ကောင်” ဆိုပြီး ငါ့နဖူးကို လက်သီး
သေးသေးလေးနဲ့ နင် လှမ်းထိုးသေးတယ်။

“နင် သေချာကြည့်လေဟာ။ ဒီမှာ apple ဆိုတဲ့ စာလုံးမှာ (p)
က နှစ်လုံးပါနေတယ်။ ibis ဆိုတဲ့ စာလုံးမှာကျတော့ (i) ကနှစ်လုံး ဖြစ်
နေတယ်။ sonny မှာကျတော့ (n) က နှစ်လုံးလေ”

“အေးနော် . . . အဲ့ဒီလိုတော့ ဟုတ်သားဟ”



www.burmeseclassic.com

www.burmeseclassic.com

"အင်း . . . အဲ့ဒီနှစ်လုံးပါတဲ့ အက္ခရာတွေကိုထုတ်ပြီး ပေါင်းကြည့်တော့ (pin) ဆိုပြီး ရတယ်လေ"

apple က (p)၊ ibis က (i)၊ sonny က (n)၊ ပေါင်းလိုက်တော့ (pin) ပေါ့။

"ဒီဘက်က wheel မှာလည်း (e) က နှစ်လုံးဖြစ်နေတယ်။ အဲ့ (e) ကိုပါ ဆွဲပေါင်းရင် (pine) ပေါ့၊ ဟုတ်လား"

ငါက ဝင်ထောက်တော့ နင်က ခေါင်းခါတယ်။

"အဲ့ဒီလို မထင်ဘူး။ (pin) နဲ့ wheel က (e) နဲ့က ပေါင်းရမှာ မဟုတ်ဘူး။ ပုံကို သေချာကြည့် ကြားထဲမှာ ဘာခံထားလဲ"

"အနုတ်လက္ခဏာကြီး"

ထဆဲတော့တယ်။

"နင့်ကြီးတော် အနုတ်လက္ခဏာပါလား။ (Hyphen) ဟိုင်ဖန်လို့ ခေါ်တယ်ဟဲ့"

သိပါတယ် ဂျစ်တူးမလေးရဲ့။ ပြီးတော့ နင်က pin နဲ့ wheel ကို (-) ခံပြီး ပေါင်းကြည့်တယ်။ pin-wheel ဆိုပြီး ရတာပေါ့။

"ဘာလဲဟ၊ pin-wheel ရဲ့ အဓိပ္ပာယ်က"

နင်က တစ်ချက်တွေးပြီး

"pin-wheel ရဲ့ အဓိပ္ပာယ်ကတော့ လေစကြာလေးကို ခေါ်တာဟ"

ဟင်း . . . အခုမှ သိလား ကောင်မလေးရဲ့။ နင့်လက်ထဲမှာ ကိုင်ထားတတ်တဲ့ လေစကြာလေးကို ငါက ရည်ရွယ်ထားတာလေ။

"အေး . . . လေစကြာလေးတော့ ရပါပြီ။ အခု ဘာဆက်လုပ်ရမှာလဲ"

နင် နဖူးကုတ်ပြန်တယ်။

ပြီးတော့ အကြံအိုက်သွားသလိုမေးဖျားလေးကို လက်နဲ့ထောက်ပြီး ပုံ့ပုံ့ကလေး ထိုင်နေရော။



ငြိမ်လိုက်၊ ဟိုဟိုဒီဒီငေးလိုက် စဉ်းစားလိုက်နဲ့ပေါ့။ ငါဝဲ အဓိပ္ပာယ်ဖော်တာ မှားသွားတာလားလို့လည်း ရှေ့ရှုတ်လိုက်နဲ့ပေါ့။ အဲ့ဒီလိုနဲ့ ဟိုဒီမျက်စိကစားရင်းနဲ့ စကြာပန်းလေးတွေ ဖွေးဖွေးလှုပ်နေတဲ့ ပန်းခြံလေးတွေကို သွားသတိသွားမိပြန်ပါရော။

"ပိုင် ဟိုစကြာပန်းလေးကို သွားကြည့်ရအောင်။ လေစကြာဆိုတာ အဲ့ဒီစကြာပန်းလေးတွေကို ဆိုလိုတာလည်း ဖြစ်နိုင်တာပဲနော်"

"သိဘူးလေ"

ငါက မဆိုင်သလို စကားဆိုတော့ ဟွန်းခနဲ ငါ့ကိုမဲ့ပါရော။

ပြီးတော့ ဘောက်ဆတ်ဘောက်ဆတ်နဲ့ စကြာပန်းရုံလေးနား လျှောက်သွားလို့ ငါကပါနောက်ကလိုက်လျှောက်ရတော့တယ်။

စကြာပန်းရုံလေးနားရောက်တော့ ပန်းကလေးတွေကိုကြည့်ပြီး ပျော်နေမိသေးတယ်။ ပန်းကလေးတွေကို နင်မခူးသလို ငါလည်းမခူး။ အဲ့ဒီလိုနဲ့ ဒီအတိုင်းလေးပဲ ကြည့်ရှုနေမိကြတယ်။

"ဟင် . . . ဟိုမှာ"

ပန်းပင်လေးရဲ့ အကိုင်းတစ်ခုမှာ စာလိပ်လေးတစ်လိပ်ချည်နှောင်ထားတာကို တွေ့လိုက်ရတယ်။ စာလိပ်လေးကို ထုံးစံအတိုင်း စက္ကူကြိုးလေးနဲ့ ချည်နှောင်ထားသေးတယ်။

နင် စာလိပ်လေးကို အမြန်ယူပြီး ဖွင့်ကြည့်လိုက်တယ်။ စာလိပ်ထဲမှာ ဒီလိုရေးထားတယ်။

| |
|---|
| မှုတ် စုပ် မှုတ် စုပ် မှုတ် — — မှုတ် |

"ဘာတွေလဲဟ"

စာကိုဖတ်ပြီး ငါ့ကို မသိမသာမျက်နှာလွှဲသွားတယ်။ ရှုံးတိုးရှုံ့တန်း ဖြစ်သွားတာမျိုးပေါ့။ အင်းလေ . . . စာထဲက ဘာတွေရေးမှန်း နင်မသိတာကိုး။



www.burmeseclassic.com

www.burmeseclassic.com

ကိုယ့်ဘာသာကိုယ် ရှက်နေပြီးမှ စာလိပ်ကို ပြန်ကြည့်တယ်လေ။

"မှုတ် စုပ် မှုတ် စုပ် . . . "

ဆိုပြီး တိုးတိုးလေးပဲ ရွတ်ကြည့်နေတယ်။ ခေါင်းခါတယ်။ နဖူးကုတ်ပြီး ခြေဆောင့်တယ်။ ဘာတွေလဲဆိုပြီ ရေရွတ်ပြန်တယ်။

"ကျွတ် . . . ဒီကွက်လပ်နှစ်ခုထဲကို ဖြည့်ရမှာဟ။ ဘာဖြည့်ရမှာလဲ။ ဟင်း . . . မှုတ်တွေကော စုပ်တွေကော ရှုပ်နေတာပဲဟာ . ."

စိတ်ရှုပ်ရှုပ်နဲ့ ဟာခနဲအော်သေးတယ်။

ငါ ထင်ပြီသားပါ။ ဒီတစ်ခါတော့ နင် မဖြေရှင်းနိုင်တော့ဘူး ဆိုတာ။ ဒါကြောင့် ငါဝင်ပါလိုက်ရတယ်။

"ဟာ . . . သိပြီ။ ဒါ ဘာဂျာတူရိယာနဲ့ ဒိုရေမီဖာ နုတ်တွေကို ပြောတာနေမှာ"

"ဘာ . . . ဘယ်လို"

"ဘာဂျာတူရိယာမှာ ဒီလိုရှိတယ်ဟ။ 'ဒို' ဆို မှုတ်ရတယ်။ 'ရေ' ဆို စုပ်ရတယ်။ 'မီ' နေရာမှာ မှုတ်ရတယ်။ 'ဖာ'နေရာမှာ စုပ်ရတယ်။ 'ဆို' မှာ မှုတ်ရတယ်။ 'လာ' မှာ စုပ်ရတယ်။ 'တီ'မှာလည်း စုပ်ရတယ်။ နောက်ဆုံး 'ဒို' ကျတော့ မှုတ်ရတာ"

နင်က ငါ့စကားကို နားထောင်းရင်း စာရွက်ကို ကြည့်နေရက . . .

"အဲ့ဒီတော့"

"ဟုတ်တယ်။ ဒီ မှုတ်စုပ် မှုတ်စုပ်ဆိုပြီး စာရွက်ထဲမှာ ရေးထားတဲ့ အစဉ်အလာတိုင်းဆိုရင် ကွက်လပ်နေရာက 'လာ'ရယ်၊ 'တီ' ရယ်ရဲ့ နေရာပဲ။ ဒီတော့ စုပ်,စုပ်ပေါ့ဟာ"

နင် နည်းနည်း နားရှုပ်သွားလို့ ငါနှစ်ခါရှင်းပြလိုက်ရသေးတယ်လေ။ ပြီးမှ နင်က ကွက်လပ်ထဲမှာ စုပ်,စုပ် ကို နင်ဖြည့်လိုက်ပါလေရော့။ ဒါတလည်း ဒိုရေမီဖာပါ ထပ်ရေးဖြည့်ပေးလိုက်ရောလေ။ ဒီတော့ ဒီလို ဖြစ်သွားရောပေါ့။

| | | | | | | | |
|---|---|---|---|---|---|---|---|
| ဒို | ရေ | မီ | ဖာ | ဆို | လာ | တီ | ဒို |
| မှုတ် | စုပ် | မှုတ် | စုပ် | မှုတ် | <u>စုပ်</u> | <u>စုပ်</u> | မှုတ် |

"စုပ်စုပ်ကတော့ ဟုတ်ပါပြီ။ ငါတို့ ဘာဆက်လုပ်ကြမလဲ"

နင်က တစ်ချက်စဉ်းစားပြီး

"ဟာ . . . ကြာတယ်ကွာ။ စုပ် စုပ် ဆိုမှတော့ နောက်နှစ်လှမ်း ဆုတ်လိုက်တာပေါ့"

တခြား ဘာမှမစဉ်းစားတော့ဘဲ နင်က နောက်နှစ်လှမ်း ဆုတ်လိုက်တယ်လေ။ ခြေလှမ်းနှစ်လှမ်းဆုတ်ပြီး ဘေးဘီကိုကြည့်လိုက်တော့ ဘာမှ ထူးခြားတာ မတွေ့ရဘူးလေ။ အဲ့ဒီတော့ ငါ့မျက်နှာကို ကြည့်လာတယ်၊ ငါက ပခုံးတွန့်ပြလိုက်တယ်။

နင် စိတ်ရှုပ်သွားပုံရတယ်။ မျက်နှာလေးတစ်ချက် ရှုံ့သွားတယ်လေ။ 'Gniap' ဂနိုက်ကတော့ ငါ့ကို ဦးနှောက်စားအောင် တော်တော် လုပ်တယ်' လို့ ညည်းညူသေးတယ်။ ဦးနှောက်စားအောင် လုပ်တာ မဟုတ်ပါဘူး ယဉ်ရယ်။ နင့် စိတ်ညစ်စရာတွေကို စိတ်ဝင်စားစရာ၊ တွေးစရာလေးတွေနဲ့ အစားထိုးဖြေလိုက်ရအောင် ငါက စီမံပေးထားတာပါ။

စိတ်ရှုပ်ရင်းနဲ့ ခေါင်းငုံ့သွားတဲ့နင်က ခြေဖျားအောက်က ကျင်းလေးတစ်ကျင်းကို သွားသတိထားမိပြန်တယ်။ တစ်ဆက်တည်းပဲ ကျင်းအောက်ခြမ်းမှာ'ပြူ' နေတဲ့ စာလိပ်ကလေးကို နင် တွေ့သွားပြန်တယ်။

"ဟာ . . . ဒီမှာဟ စာလိပ်က"

ဆောင့်ကြောင့်ထိုင်ပြီး စာလိပ်ကိုဆွဲနှုတ်တယ်။ ပြီးတော့ ဖြန့်ကြည့်တယ်။ စာလိပ်ထဲမှာ ဒီလိုရေးထားတယ်လေ။




www.burmeseclassic.com

www.burmeseclassic.com

**ကချေသည်လေးရေ ရေကန်လေးတစ်ပတ်ပတ်ပြီး**
**လေကောင်းလေသန့် ရှုလိုက်ပါဦးလေ**

"ဒါကကော ဘာအမိပ္ပာယ်လဲ"

နင်က ရိုးရိုးရှင်းရှင်းပဲ စဉ်းစားတယ်။

"မသိဘူး။ သူက ရေကန်တစ်ပတ်လျှောက်ခိုင်းမှတော့ လျှော
လိုက်ရုံပေါ့"

ဒီတော့လည်း ငါတို့အတူတူ ဥယျာဉ်အလယ်က ရေကန်လေး
ကို ပတ်ပြီးလမ်းလျှောက်ဖြစ်ကြပြန်ပေါ့။ ဘာလို့နင့်ကို ဒီလိုရေကန်လေး
ပတ်ပြီး လေကောင်းလေသန့်ရှုခိုင်းတာတုံး သိလား။ မကြာခင် နင် ထ
တော့မှာမို့ပေါ့။ ငါ့တေးသွားလေးနဲ့ နင်ကရတော့မှာလေ။

ရေကန်လေးက နည်းနည်းကျယ်ဝန်းတာမို့ လမ်းလျှောက်ရ
ကောင်းပါတယ်။ လတ်ဆတ်တဲ့လေကြောင့် စိတ်လက်တွေလည်း ရ
ပေါ့ပါးလာမှာပါ။

"ယဉ် . . . နင့်ကို ဒီလိုစာလိပ်လေးတွေ စနစ်တကျစီရင်
ပေးတာ ဘယ်သူလဲဟင်"

"အင်း . . . နင်မသိတဲ့တစ်ယောက်ပေါ့"

"နင့် အဲဒီတစ်ယောက်ကို တော်တော်ခင်တယ်ပေါ့"

"အင်း . . . သူက လျှို့ဝှက်ပေမဲ့ ခင်စရာကောင်းတယ်"

နင် ဖြေရခက်လောက်မဲ့ မေးခွန်းကို ငါထပ်မေးလိုက်တယ်။

"ကဲ . . . ဒါဆို ငါနဲ့အဲဒီလူဆိုရင် နင် ဘယ်သူ့ကို ပိုခင်မလဲ"

ထင်တဲ့အတိုင်းပဲ နင်ဖြေမလာပါဘူး။ ဖြေစမ်းပါယဉ်ရယ်။ နင်
ဆိုတဲ့ငါနဲ့ Gniap ဂနိုက်ဆိုတဲ့ ငါ ဘယ်သူ့ကို ပိုခင်သလဲ။

မှုန်သုန်သုန်လေး နှုတ်ဆိတ်နေတဲ့ နင့်ကို ငါ ထပ်မမေးမိဘူး

"ဟယ် . . . ဟိုမှာ . . . "



ရေကန်စပ်မှာ ဝိုက်ထောင်ထားတဲ့ တုတ်ချောင်းလေးတစ်
ချောင်းကို တွေ့လိုက်ရပြီး နင် အော်လိုက်တာလေ။ တုတ်ချောင်းလေးကို
စက္ကူကြိုးလေးနဲ့ ချည်ထားတယ်။ ဒါ နင့်ကို ဝမ်းသာသွားစေတဲ့ အမှတ်
အသားပေါ့။

အပြေးတစ်ပိုင်းသွားပြီး တုတ်ချောင်းလေးကို ဆွဲနှုတ်လိုက်
တယ်။ ဒီတစ်ခါတော့ တုတ်ချောင်လေးမှာ ဘာစာမှရေးမထားပါဘူး။
ဒါပေမဲ့ တုတ်ချောင်းလေးရဲ့ အလယ်နားလောက်မှာ ကြိုးတစ်ချောင်း
ချည်နှောင်ထားတယ်။ ကြိုးစအတိုင်းလိုက်ကြည့်တော့ ကြိုးစက ရေထဲ
အထိ ဆင်းသွားတာ တွေ့ရတယ်။ ရေထဲ ဘယ်လောက်နက်နက်အထိ
ရှည်လျားသွားလဲတော့ မသိဘူး။

"ငါတို့ ဒီကြိုးလေးကို ဆွဲကြည့်ရမှာပေါ့"

"အင်း . . . ဒါပဲရှိတာပဲ"

ကြိုးစအတိုင်း ဆွဲရစ်ကြည့်ခဲ့ကြတယ်။ ကြိုးစနဲ့အတူ လေးပင်
တဲ့အရာဝတ္ထုတစ်ခု ချည်နှောင်ပြီးပါလာမှန်း နင်နဲ့ငါသိလိုက်ကြတယ်။
ကြိုးစအဆုံးမှာတော့ ရေထဲက သေတ္တာလေးတစ်လုံး ထွက်လာတယ်။

"အယ် . . . ဘာသေတ္တာလေးပါလိမ့်"

တစ်ခုခုရှိတဲ့ သေတ္တာလေးပေါ့။

သေတ္တာလေးနဲ့အတူ သော့ပါတွဲပါပြီးသားမို့ နင်က အသင့်ပဲ
သေတ္တာလေးကို ဖွင့်ကြည့်လိုက်တယ်။

"အို . . . "

သေတ္တာထဲမှာ ပန်းသီးလေးနှစ်လုံး၊ ပြီးတော့ ရေမစိုအောင်
အထပ်ထပ်စီမံထားတဲ့ စာရွက်ခေါက်လေးတစ်ခေါက်။

"ရော့ . . . ပိုင် တစ်လုံးစား၊ ငါလည်း တစ်လုံးစားမယ်"

ငါ့ကိုတောင် ပန်းသီးတစ်လုံး ပြန်ကျွေးနေသေးတယ်။

"နင့်လူက နင့်ကိုကျွေးတဲ့ ပန်းသီးကို ငါစားရင် ကြိုက်ပါ့မလား
ဟ"



www.burmeseclassic.com

www.burmeseclassic.com

"ကြိုက်ပါတယ်ဟ။ စားပါ စား"

ပန်းသီးလေးကို တစ်ကိုက်ကိုက်ရင် အထဲကစာရွက်ခေါက်လေးကိုလည်း ယူပြီး ဖွင့်ကြည့်တယ်။ ဒီတစ်ခါတော့ ဘာလုပ်နိုင်းဦးမလဲလို့ နင်စိတ်လှုပ်ရှားနေတဲ့ပုံပဲ။

ဒါပေမဲ့ ဘာမှမလုပ်ခိုင်းပါဘူး။ စာရွက်ထဲမှာ ရေးထားတာက (1, 2, 3, 4, 5, 6, 7) ဆိုတဲ့ နံပါတ်တွေ။ ပြီးတော့ ပဲပင်ပေါက်ပုံစံ တွန့်တွန့်ကွေးကွေး သင်္ကေတတွေ။

"ဟာ . . . ဒါတေးသွားတစ်ပုဒ်ပဲ"

ငါကပါ ထူးဆန်းသလို အော်ပြောတော့ . . .

"ဟယ် . . . ဒါ . . . ဒါကပွဲတော်နေ့ကျရင် ငါကဖို့ တေးသွားလေးထင်တယ်"

ဟုတ်ပါတယ် ယဉ်ရယ်။ နင့်အတွက် မအိပ်မနေ စိတ်တွေလေသွားတဲ့အထိ ရေးသွန်းခဲ့တဲ့ တေးသွားလေးပေါ့။

ငါက ချက်ချင်းပဲ ဘောင်းဘီအိတ်ကပ်ထဲက ဘာဂျာခပ်သေးသေးလေးကို ဆွဲထုတ်လိုက်တယ်။

"ဒီတေးသွားလေးကို ငါမှုတ်ပြရမလား"

"အေး . . . မှုတ်ပြ၊ ငါလည်း အစမ်းလိုက်ကကြည့်တာပေါ့"

ပန်းသီးလေးတွေကို ကုန်အောင်စားလိုက်ကြသေးတယ်။ ပန်းသီးလေးကို မြန်မြန် မြန်မြန်ကုန်အောင် စားနေတဲ့ နင့်ပုံလေးကလည်း ရှဉ့်ငပေါလေးလိုပဲ။ ငါလည်း နင့်ကို အမီလိုက်စားရင်း စားရင်းနဲ့ နှစ်ယောက်သား ပန်းသီးပြိုင်စားနေသလို ဖြစ်သွားပါရောလား။

နင်က ပါးစပ်သေးသေးလေးထဲကို လက်ကျန်ပန်းသီးတစ်စိတ်လုံး ထည့်ပစ်လိုက်ပြီး . . .

"ပီးဘီ"

ဆိုပြီး ပလုတ်ပလောင်းကြီးနဲ့ ထအော်ပါရော။ (ပြီးပြီလို့အော်တာပါ။) ငါ့ကို အနိုင်ကျင့်ချင်တာလေ။ ချက်ချင်းပဲ အဟာစ် . . . ခစ် ခစ်' ဆို ပြီး ပါးစပ်နဲ့ မဆန့်တဲ့ ပန်းသီးစတွေ ပြန်အန်ထွက်လာတာပေါ့။ ငါက နင့်ပခုံးကို ထနှိပ်ပေးရပါရော။



အဟား . . . ဟား . . . ကောင်မလေး ပန်းသီး သီးသွားတာလေ။ သေချာကြည့်တော့ အဲ့ဒီလို ပန်းသီးသီးပြီး ရဲသွားတဲ့မျက်နှာလေးကကို ကမ္ဘာပေါ်က ပန်းသီးတွေ အကုန်အရှုံးပေးရအောင် ချစ်စရာကောင်းနေတယ်။

နင် အသီးပြေသွားမှ နှစ်ယောက်လုံး ရယ်မိကြပါရော။ ပျော်လိုက်တာယဉ်ရယ်။ ဒီနေ့လေးကို ငါ ဘယ်တော့မှမေ့မှာ မဟုတ်ဘူး။

နောက်တော့ ငါကို့ရေကန်အလယ်ကို သွားကြတယ်။ငါက တေးသွားလေးကို မှုတ်ဖို့ပြင်တယ်။ နင်က ကမ်းစပ်နဲ့ ရေကန်အလယ်ကိုသွယ်ထားတဲ့ တံတားလေးပေါ်မှာ နေရာယူတယ်။

ငါမျက်လုံးကို မှေးလိုက်တယ်။ အသက်ကိုဝအောင်ရှူပြီးမှ ဘာဘာတူရိယာကို နှုတ်ခမ်းမှာ တေ့လိုက်တယ်။

ပြီးတော့ တေးသွားလေးကို စတင်လိုက်တယ်။

. . . တေးသွားလေးထဲမှာ အဓိပ္ပာယ်တွေ တဖျပ်ဖျပ်ပြေးနေတယ်။ . . . တေးသွားထဲမှာ . . . အတိတ်တွေ . . . ။ ကလေးတစ်ယောက်ရဲ့မျက်ရည်စက်တွေ . . . မြေက . . . ဟုတ်တယ်။ . . . မြေအ . . . မိုးသားကို မော့ပြီး . . . ချစ်တဲ့အကြောင်းတွေ . . . တဖွဖွ .. ဘယ်သူမှမကြားအောင် အော်ပြောနေ . . .

တေးသွားကို ဆွဲငင်လျက် ငါမျက်လုံးဖွင့်ကြည့်လိုက်တော့ ယဉ်ရဲ့လက်တွေ လှုပ်ရှားနေတယ်။ ခြေဖျားတွေက ကကွက်ကိုနင်းလို့ လိုက်ပါရွေ့လျား . . .။မျက်လုံးတွေကိုလည်း မှေးစက်ထားတယ်။ တေးသွားထဲ အာရုံဝိညာဉ်ကို ပူးထည့်ထားတဲ့ပုံပဲ။ ညင်းသွဲ့စွာ ပေါ့ပါးလို့ . . . အိပ်မက်မျှင်တန်းတွေလို . . . ကကြိုးခတ်နေ . . .

တေးသွားက ဆက်လက်လူးလွန့်ဆဲ . . . ။

. . . . . . . . . . . . . . . . . . . . . . .



www.burmeseclassic.com

www.burmeseclassic.com

. . . . . . . . . . . . . . . . . . . . . . . . .

တဖြည်းဖြည်းဆွဲသံလေးနဲ့ တေးသွားက ဆုံးသွားတယ်။ ကကွက်ကလည်း တဖြည်းဖြည်း ငြိမ်ကျသွားတယ်။

ဘာဂျာကို နှုတ်ခမ်းကရုပ်တော့ ယဉ်ကလည်း ရှုထားတဲ့ အသက်ကို မှုတ်ထုတ်တယ်။

ပြီး ငါ့နံဘေးမှာ ဝင်ထိုင်တယ်။ ခပ်သွဲ့သွဲ့မျက်နှာလေးနဲ့ ပါးလေးချိုင့်အောင် ပြုံးတယ်။

"တေးသွားလေးက အာရုံထဲမှာ ဆန်းကြယ်သလို ခံစားရစေတယ်။ တေးသွားထဲမှာ သွားနေတဲ့ လှိုင်းလေးတွေထဲမှာ ခံစားချက်တွေ စိမ့်ဝင်ပြည့်နှက်နေသလိုပဲ။ နားထဲကနေတစ်ဆင့် တစ်ကိုယ်လုံးပြန့်သွားအောင် ခံစားလိုက်ရတယ်။ တေးသွားအတိုင်း မျောလိုက်သွားပြီး လွင့်လို့သိပ်ကောင်းတယ်။ ဒါပေမဲ့ တချို့နေရာတွေမှာတော့ လှုပ်ရှားရတာ အရမ်းခက်သွားသလိုပဲ"

အာရုံဝင်စားပြီး ပြောလာတဲ့စကားတွေမို့ ငါ သေချာနားထောင်ပေးနေမိတယ်။

"အချိန်ယူပြီး ကကွက်တွေရှာရဦးမှာ။ ငါတော့ ဒီတေးသွားလေးကို အရမ်းတန်ဖိုးထားမိပြီ"

အဲဒီစကားကြောင့် ငါ တိတ်တခိုး ဝမ်းသာသွားရတယ်။

"သြော် . . . ဒါနဲ့ နင်တို့ဂီတအမြင်နဲ့ကြည့်ရင် တေးသွားက ရိုးစင်းနေသလား"

"မဟုတ်ပါဘူး။ တေးသွားက သစ်ပါတယ်။ ဘာဖြစ်လို့လဲ"

"သြော် . . . နင်ခုနက ဘာဂျာမှုတ်တော့ နုတ်စာရွက်လည်း မကြည့်ဘဲ မျက်လုံးမှိတ်ပြီး မှုတ်နေလို့"

"သြော် . . . အဲ့ဒါက"

ငါ ချွေးပြန်ရပြီပေါ့။ မတတ်သလို မုသားကူရတော့တယ်။

"အဲ့ဒါ နုတ်အစဉ်တွေကို တစ်ခါကြည့်လိုက်တာနဲ့ စိတ်ထဲ



နေလို့ပါ။ မျက်လုံးဖွင့်ပြီးလည်း ကြည့်ပါတယ်ဟ"

သံသယကင်းသွားသလို ခေါင်းလေးတဆတ်ဆတ်ညိတ်၊ တေးသွားနုတ်စာရွက်လေးကို ပြန်ကြည့်ပြီး . . .

"ငါ ဒီစာရွက်ကိုယူပြီး အိမ်ကစန္ဒရားဆရာကို တီးခိုင်းပြီး အသံသွင်းထားရမယ်။ ပြီးတော့ သေချာကကွက်ရှာတော့မယ်"

"အင်း . . . "

"ပြီးတော့ ပွဲတော်မှာ အကောင်းဆုံး ကချေသည်ဖြစ်အောင် ယှဉ်ပြိုင်မယ်"

"ဒါပေါ့ ပွဲတော်မှာ နင် ပထမရတာပဲ ငါမြင်ချင်တယ်"

နင် ခေါင်းညိတ်ပြတယ်။ တေးသွားစာရွက်လေးကို ငုံ့ကြည့် တစ်စုံတစ်ယောက်ကိုလည်း နင်တိုးတိုးလေး ကျေးဇူးတင်စကားဆိုသေးတယ်။ ကျေးဇူးပဲ Gniap လိုက်ရယ်တဲ့။

"အကလေ့ကျင့်ရင် လေကောင်းလေသန့်ရတဲ့ ကမ်းခြေတွေ၊ ရေကန်တွေနဲ့နီးရာတွေမှာ လေ့ကျင့်ရင် စိတ်လက်ကြည်လင်ပြီး တိုးတက်မှုမြန်တယ်တဲ့။ ဘုရားကျောင်းက ဦးလေးပေါလ်က ငါ့ကို ပြောပြဖူးတယ်"

"ဟုတ်လား . . . ။ ဒါဆို ငါလည်း အိမ်ထဲက ရေကူးကန်နားမှာ လေ့ကျင့်ရမယ်။ သြော် . . . ဒါနဲ့ . . ."

နင် ဥယျာဉ်ထဲဝင်လာတုန်းက လွယ်လာတဲ့အိတ်ကလေးထဲက တစ်ခုခုကိုထုတ်ပြီး ပေးလာတယ်။ အဲဒီတစ်ခုခုက . . .

"အနက်ရောင် ဦးထုပ်ကလေး"

"အင်း . . . "

နင် ငါ့ကို အနက်ရောင် ဦးထုပ်ကလေးပေးတယ်။

"နင့် မေမေဝယ်မပေးဖြစ်ခဲ့တဲ့ ဦးထုပ်ကလေးကို ငါက အစားထိုး ဝယ်ပေးတာမျိုး မဟုတ်ပါဘူး။ ငါ့စိတ်သက်သက်နဲ့ပဲ ဝယ်ပေးတာပါ"



www.burmeseclassic.com

www.burmeseclassic.com

ငါ သိပ်ဝမ်းသာသွားတယ်။ ဦးထုတ်လေးကို ခေါင်းပေါ်တင် ဆောင်းကြည့်တော့ ငါပျော်လိုက်တာ။

"အဲ့ဒီ ဦးထုပ်လေးဆောင်းပြီး ငါကတဲ့နေ့ကျရင် ပွဲတော်ကိုလာခဲ့နော်"

"အင်း . . . "

"ငါ ဆက်ဆက်စောင့်နေမှာနော်။ နင်က ငါရဲ့ အရေးပါဆုံး ဧည့်သည်ပဲ။ နင်ရှိရင် ငါကရတာ ပိုအားရှိမှာ"

ငါ ယဉ်မျက်ဝန်းလေးတွေအတွင်းထဲကို ငေးနေမိခဲ့တယ်။ ဘယ်လိုပြောလိုက်တာလဲ ယဉ်ရယ်။ နင်က ငါရဲ့ ပထမအသက်ပဲ။ ငါလာမှာပေါ့။ ငါ့တေးသွားလေးနဲ့ နင်ကမှာကို ငါကြည့်ရမှာပေါ့။

အဲဒီနေ့က ငါအိပ်မက်နေ့ပဲ။ ငါမျှော်လင့်ချက်တွေ တကယ်ဖြစ်လာမယ့်နေ့ပဲ။ တစ်မြို့လုံးက လူတွေကြားမှာ ငါ့တေးသွားလေးနဲ့ နင်ကမှာကို ငါကြည့်ခွင့်ရမယ့် အခွင့်အရေး။

"စိတ်ချပါ . . . ။ ဒီဦးထုတ်လေးဆောင်းပြီး ငါဆက်ဆက်လာခဲ့မှာ"

ꕥ ꕥ ꕥ



. . . ဆက်ဆက်ပေါ့ကွယ်

. . . လမ်းမှာ

နတ်ဆိုးတွေက သစ်ကိုင်းတွေချိုးချ

ကျောက်တုံးတွေလှိမ့်ချ

ပင်လယ်ရိုင်းကို ကြိမ်ရိုက်နိုင်းစေလို့

မုန်တိုင်းတွေ တဝေါဝေါသွန်ချလည်း

. . . ဆက်ဆက်ပေါ့ကွယ်။

တစ်စစီကွဲ သွားရင်တောင်

တစ်စတည်းနဲ့

လာခဲ့ပါ့မယ် . . . ။

ꕥ ꕥ ꕥ



www.burmeseclassic.com

www.burmeseclassic.com

## (၁၈)

သူမရေကန်နံဘေးတွင် ရပ်နေသည်။ လပြည့်ညတော့မဟုတ်။ သို့သော် လရိပ်တစ်စွန်းတစ်စက ရေကန်ထဲထိုးကျနေသည်။ လမင်း၏ တန်ပြန်အလင်းကြားမှာ သူမမျက်ဝန်းတွေ လှဲ့ဖြာနေတယ်။

ညသည် တစ်စုံတစ်ရာကို သတိရစေရန် လှုံ့ဆော်နေသည်ဟု သူမ ထင်နေမိသည်။

ပိုင်ရေ . . .ငါအကောင်းဆုံး ကြိုးစားနေတယ် သိလား။ နင့်ရှေ့မှာ အကောင်းဆုံးကချေသည်လေးအဖြစ်နဲ့ ငါ ပထမဆု ရအောင် ယူပြမယ်။ ငါပျော်ရင် နင်လည်းပျော်မှာမို့လား။

မျက်ရည်တွေကိုတော့ မကြိုက်ပါနဲ့ ပိုင်ရယ်။ နာကျင်ရတာ ပျော်စရာမှမဟုတ်တာ။ အခုလေ့ကျင့်နေတဲ့ ကကြိုးလေးကို ဘယ်လို နာမည်ပေးထားလဲ သိလား။

. . . . . . . . . တဲ့။

ငါ ဒီကကြိုးလေးနဲ့ နင့်ကို ချော့သိပ်မှာ။



နင် တစ်သက်လုံးပျော်ရွှင်စေဖို့ မျက်ရည်တွေကို မုန်းတီးတတ်ဖို့လည်း ငါကူညီပေးမှာ။

သူမစိတ်ထဲတွင် စကားတွေများစွာ ပြောမိနေသည်။

ဟင် . . . သူကော . . . ။ သူကော လာမှာလား။ ခါတိုင်းလိုပဲ တိတ်တခိုးလာမှာပဲ နေမှာပါ။ သူတေးသွားလေးနဲ့ ငါကမှာဆိုတော့ သူလာကြည့်မှာပေါ့။

(Gniap)ဂနိုက်ရယ်။ ရှင့်ကို ကျွန်မကျေးဇူးတင်တယ်။ ခင်လည်း ခင်တွယ်တယ်။ ဟိုတစ်နေ့က ပိုင်ကမေးတယ်။

ရှင်နဲ့ သူ့ကို ဘယ်သူ့ပိုခင်သလဲတဲ့။

အမှန်အတိုင်းပြောရရင် ကျွန်မ ပိုင့်ကိုပိုပြီး . . . အင်း . . .

ပိုင်ရယ် နင်သာ (Gniap)ဂနိုက်လိုမျိုး ငါ့ကို တိတ်တခိုးစောင့်ကြည့်နေတတ်တဲ့ ကောင်လေးဆို ဘယ်လောက်ကောင်းလိမ့်မလဲ။

သူမ ခေါင်းခါသည်။ အတွေးကို ရပ်တန့်ပစ်လိုက်သည်။ ပြီးမှ နံဘေးခုံပေါ်ရှိ ကက်ဆက်ကလေး၏ ခလုတ်တစ်ခုကို နှိပ်လိုက်တယ်။

. . . . . . . . . . . . .

တေးသွားမထွက်လာခင်မှာ သူမ ကိုယ်ဟန်ကျနစွာ နေရာယူလိုက်သည်။

လရောင်ဝေမှုန်ရီကြားတွင် တေးသွားက သွဲ့ညင်းစွာထွက်လာတော့သည်။

သူမ ကပြီ။

လက်ချောင်းတွေ အနုပညာစုန်းတောက်လေပြီ။

. . . . . . . . . . . . . . . . . .

. . . . . . . . . . . . . . . . . .

. . . . . . . . . . ။



www.burmeseclassic.com

www.burmeseclassic.com

## (၁၉)

“မင်းရဲ့တေးသွားနဲ့ ယဉ်ယဉ်သာပထမရရင် ပိုင်ရေ . . . မင်းတော့မသိဘူး။ ငါတော့ ‘လွတ်’နေအောင် ပျော်မိမှာပဲ”

မွေးနီက လက်ရုံးတကြွကြွနဲ့ ပြောလာတယ်။ လွင်မင်းက လည်း . . .

“အဲ့ဒီအချိန်ကျရင် ငါက ဟိုးအဝေးကမြို့မှာ ရောက်နေပြီပေါ့။ ဒါပေမဲ့ လှမ်းဆက်လိုက်မယ်။ ယဉ်ယဉ်ပထမရတယ်ဆိုတာနဲ့ ငါ အိမ်ကို အော်ပြီးပြန်မယ်ကွာ”

သူငယ်ချင်းနှစ်ယောက်ကတော့ ကြိုတင်တက်ကြွနေပြီ။ လွင်မင်းက ငါ့ကို ဆက်ပြီးမေးသေးတယ်။

“ငါတို့တောင် ဒီလောက်ရင်ခုန်မိနေတာ မင်းဆို ဘယ်လိုနေမလဲ။ ယဉ်ယဉ် ပထမရရင်လေ . . .”

“ငါလား . . . ငါ ရူးသွပ်မတတ် ပျော်မိမယ်ထင်တယ်”

နောက်တော့ . . .



မွေးနီက သံတိုင်တွေကြားက လက်လွတ်ပြီး လွင်မင်းပခုံးကို ပုတ်တယ်။

“မင်းအဖေဆီရောက်ရင် လိမ်လိမ်မာမာနေနော်။ နောက်ပြီး ငါ့ဘို့ကိုလည်း သတိရ။ ငါလွတ်တာနဲ့ ပိုင်နဲ့ငါ မင်းနေတဲ့မြို့ဆီ အပြေးလာလည်မှာ”

ပြောနေရင်းပဲ မွေးနီ မျက်ရည်ပေါက်’ခနဲကျလာတယ်။ နားဆောင်ရင်းနဲ့ပဲ လွင်မင်းလည်း ငိုတယ်။ ငါကတော့ ခေါင်းမော့ထားလိုက်ရတာပေါ့။

“သွားတော့မယ် သူငယ်ချင်းရာ”

ငါတို့မွေးနီကို နှုတ်ဆက်ပြီး အချုပ်ခန်းထဲက ထွက်ခဲ့တော့ မြို့အလေးရဲ့ ကားဂိတ်ဆီ ဦးလှည့်ရတယ်။ အဝေးပြေးလမ်းမကြီးရဲ့ဘေးက ကားဂိတ်ဆိုတော့ လူသူခြောက်ကပ်နေပါတယ်။

အထုပ်အပိုးတွေကို မြေမှာချပြီး ဘာစကားမှမပြောဖြစ်ဘဲ ငါနဲ့လွင်မင်း ဟိုး . . . ဟိုးအဝေးကြီးကို ငေးနေခဲ့တယ်။ အဝေးက တောင်တန်းတွေကို ပြာမှိုင်းမှိုင်းမြင်ရတယ်။ လွမ်းဖွယ်ရှုခင်းက ငါတို့လမ်းခွဲမှာ တန်ဆာဆင်နေတာတော့ မကောင်းဘူး သူငယ်ချင်းရယ်။

လွင်မင်းက သူ့အဖေရှိတဲ့ အဝေးကမြို့တစ်မြို့ကို သွားတော့မှာလေ။

“ငါတို့ငယ်ငယ်က ယူကလစ်ပင်ကြီးတွေရဲ့အောက်မှာ ကစားခဲ့ကြတာနော်။ လွတ်လပ်ပြီး ဒဏ်ရာမရှိတဲ့ ဘဝတွေတုန်းကပေါ့ကွာ”

လွင်မင်းက လွမ်းလွမ်းဆွတ်ဆွတ် ဆက်ပြောတယ်။

“ငါ့ကို တုံး,လို့ အ,လို့ဆိုပြီး ဘယ်သူမှ မပေါင်းချင်ကြဘူး။ မွေးနီကိုတော့ စာရိတ္တပျက်လို့ဆိုပြီး ဘယ်သူမှမပေါင်းဘူး။ မင်းကိုကျတော့ ဟိုရောဂါရှိတယ်လို့ထင်ပြီး နောက်ပြီး မင်းအိမ်ရဲ့ ချို့ယွင်းပျက်စီးမှု အခြေအနေတွေကြောင့် မပေါင်းလိုကြပြန်ဘူး။ ဟား . . . ဟား . .



www.burmeseclassic.com

www.burmeseclassic.com

ဘယ်သူမှမပေါင်းတဲ့ ငါတို့သုံးယောက်တော့ အမြဲပေါင်းသင်းခဲ့တယ် လေ"

"အဟင်း"

"ငါ့ဘဝတစ်လျှောက်လုံး မင်းရယ်၊ မွေးနီရယ် အတူရှိခဲ့ အချိန်တွေဟာ အပျော်ဆုံးပါပဲကွာ။ ငါ ဘယ်ရောက်ရောက် မင်းတို့ မေ့မှာ မဟုတ်ဘူး"

"ဟူး . . . လွင်မင်းရာ . . ."

ငါ သက်ပြင်းတစ်ဝက်နဲ့ပဲ လွင်မင်းကို ကြည့်မိတယ်။ ဆုံတွေ့ ခြင်းဟာ ခွဲခွာဖို့ဆိုတဲ့စကားမျိုးတွေကို ငါမကြိုက်ခဲ့တာ အမှန်ပါ။ ဒါပေ သူငယ်ချင်းရာ . . .

"ပိုင်ရေ . . . ဟိုမှာ ကားလာနေပြီ။ ငါ ဘယ့်လိုလုပ်ရမလဲ"

လွင်မင်းက အဝေးပြေးကားကြီးကို လှမ်းကြည့်ပြီး ကြော လန့်တကြား အော်ပြောတယ်။ ဒီမြို့ကလေးကို ခွဲပြီး ချန်ခဲ့ပြီး အဝေး ထွက်သွားဖို့ တကယ်တမ်း ရင်ဆိုင်ရတော့မဲ့အချိန်မှာ လွင်မင်းတုန်လှု နေတယ်။

ဒါပေမဲ့ ဘယ်တတ်နိုင်မလဲ။

ကားကြီးက တဖြည်းဖြည်း ငါတို့နဲ့ နီးလာခဲ့ပြီပဲ။

"ကျန်းမာရေး ဂရုစိုက်ဦး။ စာလည်း လှမ်းလှမ်းရေးလိုက်ဦး"

"အင်း . . . မင်းလည်း ချောင်းဆိုးပျောက်ဆေး မှန်မှန်သောက် မွေးနီကိုလည်း တွေ့ခွင့်ရတိုင်းသွားတွေ့"

"အင်း . . . "

"အင်း . . . "

ကားကြီးက ငါတို့ရှေ့ထိုးရပ်လာခဲ့ပြီလေ။ လေးပင် ဝမ်းနည်း တဲ့ခြေလှမ်းတွေနဲ့ ကားကြီးပေါ် လွင်မင်းတက်သွားတယ်။ အပေါ်ရောက် တော့ ကားပြတင်းပေါက်ကနေ ငါ့ကို လက်ပြတယ်။



ကားကြီးရဲ့ ဘီးလုံးတွေ လိမ့်လာပြီ။ သွားပြီ . . . ။

ကားကြီးမောင်းထွက်သွားပြီ။

ငါ ရပ်ငေးကျန်ခဲ့။ ရုတ်တရက် သိမ့်ခနဲ အထီးကျန်သွားသလို ခံစားလိုက်ရပေါ့။ တရွေ့ရွေ့ဝေးသွားနေတဲ့ ကားကြီးက ငါ့ကို လှမ်း ကြက်လှန့်နေသလိုပဲ။

ဒါပေမဲ့ ရုတ်တရက်ပဲ တုန့်ခနဲ ကားကြီးထိုးရပ်သွားတာကို ငါ တွေ့လိုက်ရတယ်။ ပြီးတော့ ကားပေါ်က လူတစ်ယောက်ဆင်းလာတယ်။ ...ဆောင်အိတ်တွေ မနိုင်မနင်းနဲ့ ငါ့ဘက်ပြေးလာတယ်။ အဲ့ဒါ လွင်မင်း

လွင်မင်း ငါ့ဆီပြေးလာတယ်။

ကားကြီးကတော့ ဆက်လက်ထွက်ခွာသွားတယ်။

လွင်မင်းက မျက်ရည်လည်ရွဲနဲ့ ငါ့ဆီပြေးလာနေတယ်။ ငါ့ ...အားရောက်ခါနီးမှာ သူ့အိတ်တွေကို လွှတ်ချ၊ ငါ့ကိုပြေးဖက်တယ်။

"ပိုင် . . . ငါ့ကိုခွင့်လွှတ်ကွာ။ ငါ မှားသွားတယ်။ ငါ အရမ်း ...သွားတယ်"

"လွင်မင်း . . . စိတ်ထိန်းစမ်း။ မင်း ဘာကိုပြောချင်နေတာ ..."

"ငါ . . . ငါ . . . ဟိုတစ်ခါ တက္ကသိုလ်ခန်းမထဲမှာ မင်းအိတ် ...ထဲကို ဆွဲကြိုးထည့်ပြီး လုပ်ကြံခဲ့တာ ငါပဲ။ ငါပါပဲ ပိုင်ရာ"

"ဟင် . . . "

ငါ အံ့သြသွားတယ်။ ငါ့အိတ်ကပ်ထဲဆွဲကြိုးထည့်လို့ ငါ အံ့သြ ...မဟုတ်ပါဘူး။ ဒီလိုဝန်ခံရဲတာ ငါအံ့သြမိတာပါ။

"ငါ . . . ငါ . . . ယဉ်ယဉ်ကို ချစ်မိတယ်ကွာ။ အဲ့ဒါနဲ့ ...ကို မနာလိုစိတ်တွေဖြစ်မိတယ်။ ငါ အရမ်းယုတ်ညံ့သွားတယ် ပိုင် ... ငါ မလုပ်သင့်တာတွေ . . ."



www.burmeseclassic.com

www.burmeseclassic.com

ဗလုံးဗထွေးပြောရင် ငါ့ကိုမောကြည့်တော့ လွင်မင်းတူးဆန်း သွားတယ်။ ငါ ပြုံးနေလို့ပါ။ ပြုံးနေတဲ့ ငါ့ကိုမြင်တော့ လွင်မင်းအံ့ဩ သွားတယ်။

"မင်း . . . မင်း . . . သိနေခဲ့တာလား။ မင်းအိတ်ကပ်ထဲ ဆွဲကြိုးထည့်တာ ငါမှန်း မင်းသိနေခဲ့တာလား"

"တပ်အပ်သိတာ မဟုတ်ပေမဲ့ ငါ ခန့်မှန်းမိပြီးသားပါ သူငယ် ချင်းရာ။ အဲ့ဒီရက်ပိုင်းတွေတုန်းက မင်းအမူအရာတွေ တော်တော်ဖျော ခဲ့တာ ငါသတိထားမိခဲ့တယ်။ ဒါပေမဲ့ ငါ မင်းရဲ့စိတ်ကို နားလည်ပြီး သားပါ"

". . . . ."

"ပြောကြကြေးဆိုရင် ငါကလည်း မင်းကို တောင်းပန်သင့်တာ ပဲ"

"ဟင် . . . ဘာဖြစ်လို့လဲ"

"မင်း ယဉ်ယဉ်ကို သံယောဇဉ်ရှိနေတာမှန်း ရိပ်မိပေမဲ့ ငါနောက် ဆုတ်မပေးနိုင်ခဲ့ဘူးလေ။ ငါ . . . အင်း . . . မရနိုင်မှန်းသိပေမဲ့ ကိုယ့် အတွက်ပဲ ကိုယ်ကြည့်ခဲ့တယ်။ မင်းကို လျစ်လျူရှုခဲ့မိတယ်"

"မဟုတ်ဘူး . . . ပိုင် ဒီလိုမဟုတ်ဘူး။ မင်းနဲ့ ယဉ်ယဉ်က လိုက်ဖက်တာ။ ယဉ်ယဉ်ဘေးမှာ မင်းပဲရှိသင့်တယ်။ ဘာမှ ငါ့ကို အား မနာနဲ့။ ငါက မင်းအားနာလို့လည်း ဘာမှထူးမယ့်ကောင် မဟုတ်ဘူး"

ငါတို့ တစ်ယောက်ပခုံးကိုတစ်ယောက် ဆုပ်ထွေးလိုက်မိတယ်။ လွင်မင်းက ပြုံးလာပြီး . . .

"ငါ့ကို ခွင့်လွှတ်တဲ့အတွက် ကျေးဇူးတင်တယ်ကွာ။ ဒါပေမဲ့ ကတိတစ်ခုတော့ တောင်းဆိုချင်သေးတယ်"

"ဘာလဲ ယဉ်ယဉ်ကို သစ္စာရှိရှိချစ်ဖို့လား"

"မဟုတ်ပါဘူး။ အဲ့ဒါက မှာစရာမလိုပါဘူး။ အဓိကက မင်း ယဉ်ယဉ်ကို ဘယ်လိုနာကျင်ခါးသီးစရာတွေပဲတွေ့တွေ့ မစွန့်လွှတ်ဖို့ပဲ။ အဲ့ဒါ ငါမှာချင်တာ"

"ဟင် . . . "

"ယဉ်ယဉ်ကို မင်းနဲ့ပဲစိတ်ချတယ် သူငယ်ချင်းရာ နော်။ ငါ့ ကို ကတိပေး။ ယဉ်ယဉ်ကို ဆုပ်ထွေးနိုင်တဲ့သူဟာ မင်းပဲဖြစ်ရမယ်လို့"

ငါ ခေါင်းညိတ်ပြလိုက်တယ်။

အားလည်း တက်မိတယ်။

ဒါပေမဲ့ အဝေးမှာ နောက်ထပ်ကားတစ်စီးက လာနေပြီလေ။

ကားကြီးက ငါတို့ရှေ့ရပ်တော့ လွင်မင်းက တက်သွားတယ်။ ခုနကလိုပဲ ကားပြတင်းပေါက်ကနေ ခေါင်းထွက်လာပြီး . . .

"ယဉ်ယဉ် ကပွဲမှာ အကောင်းဆုံးဆု ရပါစေ" တဲ့။

. . . . . . . .

ကားက တရွေ့ရွေ့ ထွက်ခွာသွားပြီလေ။

လွင်မင်းရေ၊ မင်းပေးခဲ့တဲ့ဆု ပြည့်ပါစေ။ ဒါပေမဲ့ မင်းတောင်း ခဲ့တဲ့ ကတိအတွက် ငါတည်ပေးနိုင်ဖို့ အင်အားရှိပါ့မလား။

ဘဝဟာ သိပ်ခက်နေခဲ့တယ် သူငယ်ချင်းရာ . . . ။ ။





www.burmeseclassic.com

www.burmeseclassic.com

မြို့ကလေးရဲ့ပွဲတော်နေ့



## (၂၀)

နံနက်စောစောကတည်းက ဖိနပ်လေးကို ဆေးကြောတိုက်ချွတ်ထားလိုက်တယ်။ ခြေသည်းလက်သည်းတွေလည်း လှီးထားတယ်။ ဟိုတစ်နေ့က ဂျင်းအကျီနဲ့ ဂျင်းဘောင်းဘီလေးကို သေချာလျှော်ဖွတ်ထားခဲ့တယ်။ ညကျတော့ ဘုရားကျောင်းကိုသွားပြီး မီးပူကျကျနန တိုက်ခဲ့တယ်။ ဦးလေးပေါလ်နဲ့တွေ့တော့ ငါ့ကိုပြောသေးတယ်။

"ဒီနေ့ကတော့ မင်းရဲ့ဒိုင်ယာရီမှာ သက်တန့်ကလေးပွင့်ကွေးလာတဲ့ နေ့ပေါ့ကွာ" တဲ့။

ဦးလေးပေါလ်က ကဗျာဆန်တယ်။

ညနေရေချိုးတော့လည်း ခေါင်းသေချာလျှော်တယ်။ ဂျုံးသေချာတွန်းတယ်။ အိမ်ရှေ့ဝရန်တာမှာရပ်ပြီး မြို့ကလေးရဲ့အလယ်ကို လှမ်းကြည့်တော့ ဘာမှမမြင်ရပေမဲ့ အသံတွေကြားနေရပြီ။ ပွဲတော်ရန့်ကို ငါရနေတယ်။



www.burmeseclassic.com

www.burmeseclassic.com

မမေ့ဓာတ်ပုံလေးကို မွှေးမွှေးပေးခဲ့တယ်။ ဖေဖေ့ဓာတ်ပုံကိုတော့ ရှစ်ခိုးကန်တော့ခဲ့တယ်။ ပြီးတော့ ဖေဖေ့ဒိုင်ယာရီထဲက ဂင်ကိုသစ်ရွက်ခြောက်ကလေးကို ဘာရယ်မဟုတ် ဂျင်းအင်္ကျီအိတ်ကပ်ထဲ ထည့်ဖြစ်ခဲ့သေးတယ်။

နင်ပေးတဲ့ ဦးထုပ်နက်လေးကို တသသလုပ်နေခဲ့တယ်။ မှန်ရှေ့ခဏခဏရောက်တယ်။ မှန်ရှေ့မှာ ကိုယ့်မျက်နှာကိုယ် ချက်ကျလက်ကျကြည့်ပြီး ခေါင်းဖြီးတယ်။ ခေါင်းမဖြီးတာကြာတော့ ငါ့ဆံပင်တွေ အငြိငြိအစွန်းစွန်း ဖြစ်နေသေး။ ခေါင်းဖြီးပြီးတော့ နင်ပေးတဲ့ ဦးထုပ်နက်ကလေးကို ခပ်ငိုက်ငိုက်ဆောင်းလိုက်တယ်။

အိမ်ရှေ့တံခါးဝရောက်တော့ ဖိနပ်ကြိုးကို သေချာချည်တယ်။ ဒီနေ့ခလုတ်တိုက်တာမျိုးတောင် မဖြစ်အောင် ငါ အထူးဂရုစိုက်ရမယ်လေ။ ပြီးတော့ ပွဲတော်ဆီငါထွက်ခဲ့တယ်။

အိမ်အပြင်ရောက်တော့ လမ်းပေါ်မှာ ပွဲတော်ဆီသွားနေကြတဲ့လူတွေနဲ့ ဖြိုင်ဖြိုင်စည်ကားနေတာ တွေ့ရတယ်။ တချို့တွေက မိသားစုလိုက် တချို့တွေက သူငယ်ချင်းတွေ အုပ်လိုက်အဖွဲ့လိုက်။ တချို့ကစုံတွဲလိုက်ပေါ့။

. . . ငါ့ကျမှ တစ်ယောက်တည်းရယ်။

သေချာပြင်ဆင်လာခဲ့ပေမဲ့ လူအများလျှောက်နေကြတဲ့ လမ်းကတော့ ငါမလျှောက်ချင်ခဲ့ဘူး။ မတော်တဆ ငါ့ကိုနှိမ့်ချချင်တဲ့လူတွေနဲ့တိုးရင်း ငါ စိတ်အနှောင့်အယှက်ဖြစ်ရဦးမယ်။

နင်ကမဲ့ပွဲလေးကို စိတ်သန့်သန့်နဲ့ ကြည်ကြည်လင်လင်နဲ့ပဲ လာချင်တယ်။ သန့်စင်နေတဲ့ စိတ်ကလေးကို လူတွေနဲ့တွေ့ပြီး ညစ်မည်းသွားမလိုချင်လို့ လူရှင်းတဲ့လမ်းကလေးက လျှောက်ခဲ့တယ်။

ငါလျှောက်ခဲ့တဲ့ လမ်းကလေးက သိပ်ကိုရှင်းလင်းပါတယ်။ လူတွေမနေတော့တဲ့ အိမ်ခြေအဟောင်းလေးတွေရယ်၊ ရှဉ့်ကလေးတွေရဲ့ မှိုင်း



ကောင်လိပ်ပြာလေးတွေပဲ ရှိတယ်။ ဒါတွေက ငါ့ကိုဘာမှ စိတ်အနှောင့်အယှက် မဖြစ်စေနိုင်ဘူးဆိုတာ ငါသိနေတယ်လေ။

စိတ်ထဲမှာ မြင်ယောင်ကြည့်နေမိတယ်။ ယဉ်ဟာ ဘယ်လိုလေးများ ကမလဲ။ ဘယ်လိုဆန်းကြယ်တဲ့ ကကြိုးတွေနဲ့ ရင်သပ်ရှုမောအောင် လုပ်မလဲ။ ငါ့တေးသွားလေးနဲ့ တစ်မြို့လုံးက လူတွေကြားမှာ ယဉ်ကတော့မှာ အိုး . . .။

အဲ့ဒီအသိနဲ့တင် ငါလှမ်းလိုက်တဲ့ ခြေလှမ်းတိုင်း မြေနဲ့လွတ်လွတ်သွားပေါ့။

တွေ့ချင်လှပြီ ယဉ်ရေ။

အဲ့ဒီလိုနဲ့ လျှောက်လာရင်း အိမ်ခြေဟောင်းလေးတစ်ခုကို ဖြတ်အလျှောက်

"ဒုတ် . . . "

အဲ့ဒါ ငါကောင်းကောင်းကြားလိုက်တဲ့ အသံပဲ။ ချက်ချင်း ငါ့ခန္ဓာကိုယ် ယိုင်ထိုးသွားတယ်။ ခေါင်းပေါ်က ဦးထုပ်က လွင့်သွားတယ်။ ခေါင်းကိုလက်နဲ့ စမ်းကြည့်လိုက်တော့ . . . ။ ရဲနေတာပဲ သွေးတွေ။

အိုး . . . ဘယ်သူလဲ ငါ့ကိုချောင်းမြောင်းတိုက်ခိုက်လာတာ။ ဝေခွဲမရခင်ပဲ နောက်ထပ်ရိုက်ချက်တစ်ချက်က ဝင်လာပြန်တယ်။

"ဖြောင်း . . . "

ခနဲ ငါ လည်ထွက်သွားတယ်။

မြေပြင်ကို ပက်လက်အနေအထားနဲ့ ငါ လဲကျသွားတယ်။ မူးဝေပြီး ဘာမှကို ရုတ်တရက်မမြင်တော့ဘူး။ ခေါင်းကိုခါပြီး မျက်ခွံတွေကို အတင်းလှန်ပြီး ကြည့်တော့မှ ဝါးတားတားမြင်ရတယ်။ ဝါးတားတားကနေ သဲသဲကွဲကွဲမြင်ရတော့မှ ငါ့ကိုရိုက်တဲ့လူကို တွေ့လိုက်ရတော့တယ်။

"ဟင် . . . "

ခေါင်းတုံး။ စွပ်ကျယ်ဝတ်ထားတဲ့ ခေါင်းတုံးတစ်ယောက်။



www.burmeseclassic.com

www.burmeseclassic.com

ဆေးမင်ကြောင်တွေလည်း တစ်ကိုယ်လုံး ရစ်ပတ်နေအောင် ထိုးထားတယ်။

ဟိုတစ်ခါတုန်းက ဖဲဝိုင်းက ခေါင်းတုံးပဲ။

ခေါင်းတုံးဘေးမှာလည်း အဖော်တစ်ယောက် ပါသေးတယ်။ ခေါင်းတုံးက ငါ့ခါးကို ပြေးကန်တယ်။

"အ . . ."

"ဟား . . . ဟား . . . ကောင်လေး . . . မင်း ငယ်သေးတယ်။ အရိုးတွေ နုပါသေးတယ်ကွာ"

"ဖြောင်း"

အိုး . . . ငါ့လက်။

နာကျင်လွန်းလို့ နာမှန်းတောင် မသိတော့ဘူး။

"ဖဲဝိုင်းကငွေတွေ လူလည်ကျပြီး ယူသွားတယ်။ ငါ့ကိုလည်း ဖဲဝိုင်းထဲမှာ အရှက်ကွဲအောင် လှောင်ပြောင်ခဲ့တဲ့ကောင်၊ ဘာတတ်နိုင်သေးလဲ ဟင်"

ခေါင်းတုံးက အငြိုးကြီးကြီးနဲ့ ငါ့ကိုချောင်းနေခဲ့တာကိုး။ ခေါင်းတုံးက တုတ်ကို ခပ်ဆဆမြှောက်ပြီး ငါ့ပခုံးကို ရိုက်ပြန်တယ်။

"အား . . . "

"အလုည့်ကျ မန္တ်ရဘူး . . . ကောင်လေးရ။ တန်ပြန်သဘောတရားကို ယောကျ်ားပီပီ ခံယူလိုက်စမ်းပါ။ ရော့ကွာ . . . "

"ဖြောင်း"

အဲ့ဒါ ငါနောက်ဆုံးကြားလိုက်ရတဲ့ အသံနဲ့ အသိပဲ။

. . . . . . . . . . .။

. . . . . . .။



(၂၁)

ဂနာမငြိမ်ဖြစ်နေသည့် ယဉ်ယဉ့်လက်ချောင်းတွေကို ချောစုက ဖိကိုင်ထားပေးနေရသည်။

"ကိုပိုင် လာမှာပါ။ အကြောင်းတစ်ခုခုရှိလို့ နောက်ကျနေတာပါ"

"ငါ့အလှည့်က ရောက်တော့မှာ ချောစုရဲ့"

"အေးပါ . . . သူ့အမီလာမှာပါ"

ချောစုကလည်း ပြောသာပြောရသည်၊ စိတ်ကထင့်နေသည်။ ယဉ်ယဉ်ဆို ဘယ့်နှယ်နေမလဲ။ ကချင်စိတ်တောင် မရှိတော့။

စင်ပေါ်မှာတော့ ကချေသည်လေးတစ်ဦးက ကပြနေသည်။ (Belly dancing)ခေါ် ဗိုလ်သားလှုပ်အကနှင့် ယှဉ်ပြိုင်နေခြင်းဖြစ်သည်။ စင်အောက်တွင်တော့ တစ်မြို့လုံးပရိသတ်များ ထောင်ချီသောင်းချီလျှက်။

ခုနက ကချေသည်ပြီးသွားသောအခါ နောက်ထပ်ကချေသည် တစ်ဦး စင်ပေါ်ထပ်တက်လာပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com

"ညီမလေးက ဘယ်လိုအကအမျိုးအစားနဲ့ ယှဉ်ပြိုင်မှာလဲ"

ပွဲအစီအစဉ် တင်ဆက်သူကမေးသည်။ ကချေသည်လေးက..

"ကျွန်မကတော့ Classical ကဟန်ကိုပဲ အသစ်ထွင်ကြည့်ထားပါတယ်"

"သြော် . . . ဟုတ်ကဲ့ခင်ဗျ။ အခု ဒီကကြိုးကို ဘယ်လိုနာမည်ပေးထားလဲ"

ကချေသည်လေးက တစ်ခွန်းပဲဖြေသည်။

" 'ပန်းဖြစ်ရပ်ကြွင်း' လို့ ပေးထားပါတယ်။

"အိုး . . . နာမည်လေးက ဆန်းနေပါလား။ ဘယ်လိုအဓိပ္ပာယ်မျိုးလဲ သိခွင့်ရမလား"

"ဟုတ်ကဲ့ . . . ။ သတ္တဝါတွေ၊ လူတွေက သူတို့သေဆုံးရင် ကျောက်ဖြစ်ရပ်ကြွင်းအဖြစ် ဖြစ်သွားတတ်ကြတာတွေ ရှိပါတယ်။ ဒါပေမဲ့ ကျွန်မကတော့ သေလွန်ပြီးတဲ့အခါ ကျောက်မဖြစ်တဲ့ ပန်းကလေးတစ်ပွင့်ပဲ ဖြစ်သွားချင်ပါတယ်။ အဲ့ဒီဆန္ဒတွေကို ဒီကကြိုးလေးထဲမှာ ထည့်သွင်းထားပါတယ်"

"OK. ရှုစားမယ်ဗျာ"

တေးသွားတွေ ဝဲတက်လာသည်။ မိုးရွာသံတဖြောက်ဖြောက်လိုမျိုးလည်း တေးသွားထဲမှာကြားရသည်။ တေးသွားနှင့် အကမယ်လေး လှုပ်ရှားပြီ။

စင်အောက်ပရိသတ်တွေ ရင်တွေတဒုတ်ဒုတ်ခုန်ကာ မော့ကြည့်နေရသည်။ လူအများ၏ အာရုံကိုလည်း ဖမ်းချုပ်ထားနိုင်သည်။ ကကြိုးမှာလည်း မြင်နေကျကကြိုးများထက် သာလွန်နေသည်။

စင်နံဘေးမှ အကဲဖြတ်ဒိုင် နှစ်ဦးကလည်း . . .

"မဆိုးဘူးဗျ။ ဒီ 'ပန်းဖြစ်ရပ်ကြွင်း' ကောင်းတယ်"

"ခုနက 'အလေအလွင့် လမင်း'ဆိုတဲ့ ကကြိုးနဲ့ ယှဉ်ပြိုင်သွားတဲ့ တစ်ယောက်လည်း ကောင်းတာပဲ"



"အင်း . . . ပွဲကတော့ အကြိတ်အနယ်ဖြစ်ကုန်ပြီ"

နောက်ထပ်ယှဉ်ပြိုင်သူတစ်ဦး စင်ပေါ်တက်လာသည်။ ဒီတစ်ခါယှဉ်ပြိုင်သူကတော့ ယောကျ်ားလေးဖြစ်သည်။

"ကျွန်တော်ကတော့ Funk(ခေတ်ပေါ်လူမည်းစည်းချက်အက) နဲ့ ယှဉ်ပြိုင်မှာပါ"

"ဟုတ်ပါပြီ . . . ။ ညီလေးရဲ့ကကွက်အမည်ကို ဘယ်လိုပေးထားလဲ"

" 'ကွက်လပ်' လို့ အမည်ပေးထားပါတယ်"

"ဘယ်လို အဓိပ္ပာယ်မျိုးများလဲ"

"ဘဝဆိုတာ မဆုံးနိုင်တဲ့ ကွက်လပ်တွေကို လိုက်ဖြည့်နေရတာမျိုးပါ။ ဒီလောက်ပဲ ကျွန်တော်ဖြေချင်ပါတယ်"

"ဟုတ်ကဲ့ပါခင်ဗျာ။ ကကွက်ကို ရှုစားကြည့်ကြပါစို့"

တေးသွားက မြူးကြွဖွာနှင့် အစပျိုးကာ ပေါ်ထွက်လာသည်။ နောက်တော့ ထိုအကသမားလေး စကချေပြီ။ မြူးကြွဖွာ အတွန့်ချိုး၍ကသည်။ ဘရိတ်ဒန့်စတိုင်လ်များပါ ရောစပ်ဖန်တီး၍ ကပြနိုင်ခဲ့သည်။ ဆန်းပြားသော အကဟု ဆိုနိုင်ပါသည်။

အမှတ်ပေးဒိုင်နှစ်ဦးကတော့ ခေါင်းချင်းဆိုင်၍ မျက်မှောင်ကြုတ်နေရပြီ။ သူတို့နှစ်ဦးလုံး မှတ်ချက်ပြနိုင်တာကတော့ . . .

"ဒီပြိုင်ပွဲဟာ အကြိတ်အနယ် ဖြစ်လွန်းနေပြီ"

စင်အောက်တစ်နေရာတွင် မုတ်ဆိတ်မွေးဖွားဖွားကြီးနှင့် လူတစ်ယောက်လည်း ရှိနေသည်။ ၎င်းက လောင်းကုတ်အင်္ကျီရှည်ကြီးကိုလည်း ဝတ်ထားသည်။ မျက်လုံးက စင်ပေါ်ကြည့်နေသော်လည်း စိတ်ကလွင့်နေသည်။

"ကောင်လေးရေ . . . မင်းကောင်မလေးကတော့ ကတော့မယ်။ မင်းရဲ့တေးသွားလေးနဲ့ ကတော့မယ်လေ။ မင်းကတော့ ရောက်မလာ



www.burmeseclassic.com

www.burmeseclassic.com

သေးဘူး။ ဘယ်လိုက်ကြမ္မာတွေ မင်းရှေ့က တားဆီးပြန်နေသလဲ။ ဟူး ခက်တယ် . . .”

ထိုလူကြီးသည် ဦးလေးပေါလ်ဖြစ်သည်။

ယဉ်ယဉ်ကတော့ စိတ်ဓာတ်တွေ ကျနေခဲ့ပြီ။

ပိုင်ရယ် နင်ဘာလို့ မလာသေးတာလဲ။

ချောစုက အကောင်းဆုံးနှစ်သိမ့်နေရသည်။

“ယဉ်ယဉ်ရယ် နင့်ဘေးမှာ ကိုပိုင်ရောက်နေပြီလို့ အောက်မေ့လိုက်။ ဒါမှမဟုတ် သူနဲ့နင် အတူရှိတုန်းက ပျော်စရာမြင်ကွင်းလေးတွေကို တွေးနေလိုက်”

ယဉ်ယဉ်လည်း စိတ်ကိုလျှော့ကာ အတိတ်ကို တစ်ကျော့ပြန်တွေး၍ အားယူလိုက်သည်။ သူနဲ့ဥယျာဉ်ဟောင်းကလေးထဲမှာ အတူထိုင်ခဲ့ရတဲ့ ညနေများ၊ စကြာပန်းကလေးတွေ အနား၊ လက်ပြတ်နေတဲ့ ကြေးရုပ်ကြီးရဲ့အနားမှာ . . . အို၊ ပုံရိပ်တွေအကောင်းတိုင်း ထင်ကျန်နေဆဲ။

ဒီလိုတွေးမိတော့ သူက အနီးရောက်လာသလို သူမခံစားရသည်။ ရင်ခွင်ဝဲဘက်က နွေးထွေ့ထွေ့အသက်လေးတွေ ပျံ့တက်သလို ခံစားရသည်။ သူမ အားအင်တစ်မျိုးစိမ့်ဝင်လာသလိုဘဲ ခံစားနေရသည်။

ထို့နောက် . . .

သူမ စင်ပေါ်ရောက်ခဲ့ပြီ။

အစီအစဉ်တင်ဆက်သူက သူမအနား ကပ်လာခဲ့သည်။

“ညီမလေးယှဉ်ပြိုင်မယ့် အကအမျိုးအစားကို ပြောပြပေးပါဦး”

“Lyrical အမျိုးအစားပါ”

“အို: . . . သိပ်ခက်ခဲတဲ့ အမျိုးအစားပဲ။ ဒါနဲ့ အခုကမဲ့ ညီမလေးရဲ့ကကြိုးကို ဘယ်လိုနာမည်ပေးထားလဲ”

သူမ တစ်ချက်နားပြီးမှ ဖြေလိုက်သည်။

“ငိုနေတဲ့ကောင်လေးသို့ . . .” တဲ့။



မေးမြန်းသူလည်း တစ်ချက်ငြိမ်သွားသည်။ ပြီးမှ . . .

“အို: . . . သိပ်အဓိပ္ပာယ်ရှိမဲ့ နာမည်လေးပဲ။ ဘာလို့ဒီနာမည်လေး ပေးဖြစ်တာလဲ သိခွင့်ရှိမလား”

“ကကြိုးနဲ့ပဲ ကျွန်မပြောပြပါရစေ”

“ဟုတ်ကဲ့ပါ။ ကဲ . . . ရှုစားကြည့်ကြပါဦး ပရိသတ်တို့”

ပရိသတ်တွေဘက်လှည့်ကာ ပြောလိုက်ခြင်းဖြစ်သည်။

ဖျတ်ခနဲ မီးတွေအားလုံး တစ်ပြိုင်နက် တိတ်သွားသည်။

တေးသွားက မလာသေး။ ဝုစ်ခနဲ အဖြူရောင်စလိုက်မီးတန်းလေးက သူမအပေါ် အရင်ကျလာသည်။ အဖြူရောင်ဂါဝန်လေးနဲ့ သူမမျက်လုံးတွေကို မှေးစက်ကာ အကြောတွေကို လျှော့ထားလိုက်သည်။

လာပြီ . . . တေးသွားလာပြီ။ စမ်းချောင်းတစ်ခု၏ စီးဆင်းဟန်နှင့် တသွင်သွင်တေးသွားက စီးဆင်းလာသည်။

သူမ ခြေဖျားကို ဆန့်ထုတ်၊ လက်ကို ဆန့်မြှောက်မှုကို တစ်ပြိုင်နက်တည်းလုပ်ကာ ကကွက်ကို စတင်သည်။ သို့နှင့် တေးသွားအတိုင်း လှုပ်ရှားလေတော့သည်။

ပရိသတ်တွေ၏ မျက်နှာများ ရပ်တန့်နေကြသည်။ ပုတ်ခတ်နေသော မျက်တောင်မရှိ။ အားလုံး ငြိမ်သက်ငေးမောနေကြသည်။

တေးသွားက သူတို့နားကို ပြုစားပြီး သူတို့မျက်လုံးကို ကကြိုးအချုပ်နှောင်ထားသည်။ ရင်တွေ တလှပ်လှပ်ဖိုနေကြသည်။

‘ထောက်’ခနဲ အမှတ်ပေးဒိုင်လူကြီးတစ်ယောက်၏ လက်ထဲမှ ဘောင်တိန် လွတ်ကျသွားသည်။ ဒါကိုမသိဘဲ ကကြိုးကိုသာ ပါးစပ်အဟောင်းသား ဆက်ငေးနေမိသည်။

တေးသွားက တီးလုံးတွေစိပ်လာသည်။ သူမလည်း ခန္ဓာကိုယ်တစ်ခုလုံးကို ခြေဖျားလေးနှင့် လှည့်တော့သည်။ လက်ကို သွဲ့ပျောင်းစွာ နေရာယူလျက် လှည့်သည်။ ဂါဝန်မှ ငွေရောင် ဖဲကြိုးရှည်လေးများသည်း အလွင့်လွင့် ဝဲခါကုန်သည်။



www.burmeseclassic.com

www.burmeseclassic.com

လေစကြာလေးတစ်ခုလို သူမလည်နေတော့သည်။

ကကြိုးဆုံးတော့ အားလုံးငြိမ်နေသည်။

ဝှစ်ခနဲမီးလုံးတွေ အားလုံးပြန်လင်းလာမှ လက်ခုပ်သံတွေ မိုးသည်းသလို တဖြောဖြော ရွာချလာတော့သည်။

"ကောင်းတယ် သိပ်ကောင်းတယ်"

"တေးသွားကလည်း ဆန်းပြားကောင်းမွန်တယ်"

"ဒါပဲ။ ဘာမှလာမပြောနဲ့ အနုပညာဆိုတာ ဒါပဲ"

မှတ်ချက်တွေအမျိုးမျိုးပေးကုန်ကြတော့သည်။ တချို့တွေအတွက် ပြောစရာစကားပင်မရှိတော့။ ဆုစာရင်းမကြေညာခင် တချို့ပြိုင်ဘက်တွေ အိမ်ပြန်ကုန်ကြပြီ။

ကပွဲယှဉ်ပြိုင်သူမှာ သူမ နောက်ဆုံးဖြစ်သည်။

ထို့ကြောင့် မကြာခင်ပဲ ဆုစာရင်းကြေညာတော့မည်ဖြစ်သည်။

ပြိုင်ပွဲဝင်တွေ စင်ပေါ်မှာပဲ နေရာယူနေရသည်။ ထိုအချိန်ထိ သူမ ပိုင့်ကို မျက်လုံးများနှင့် လိုက်ရှာနေဆဲ။

ပွဲစီစဉ်ကြေညာသူထံ ဆုရသူ၏ အမည်စာရင်းက ရောက်ရှိနေပါပြီ။

မိုက်ခရိုဖုန်းကို နှုတ်ခမ်းနားတေ့၍ ဆုကြေညာသူက ပရိသတ်ဘက်ကို ကြည့်သည်။ ပြိုင်ပွဲဝင်တွေဘက်ကို ကြည့်သည်။ အားလုံး၏ရင်ခုန်သံမှာ အမြင့်ဆုံးမှာ ရောက်နေသည်။

"အခု ပထမရတဲ့ ပြိုင်ပွဲဝင် အကပညာရှင်ကို ကြေညာတော့မှာ ဖြစ်ပါတယ်"

"....."

တိတ်ဆိတ်နေသည်။

"ပထမရသွားတဲ့သူကတော့ 'ငိုနေတဲ့ကောင်လေးသို့...'ဆိုတဲ့ကကြိုးနဲ့ ယှဉ်ပြိုင်တဲ့ ယဉ်ယဉ်ဆိုတဲ့ ကချေသည်လေးပဲ ဖြစ်ပါတယ်ခင်ဗျား"



ဟေးခနဲ အော်သံတွေ ဆူညံသွားသည်။ လက်ခုပ်သံတွေလည်းညံထွက်လာတော့သည်။

ပွဲစီစဉ်သူ လူကြီးတစ်ယောက်က သူမကို ဆုတံဆိပ်အဖြစ် ရင်ဘတ်မှာ ရင်ထိုးလေးထိုးပေးသည်။ ကချေသည်မလေးတစ်ယောက်၏ပုံသွန်းလုပ်ထားသော ရင်ထိုးလေးဖြစ်သည်။

ဖောင်းခနဲ စင်မြင့်တစ်နေရာကနေ သူမအတွက် ရောင်စုံဖဲကြိုးလေးများ တဖွဲဖွဲကျလာတော့သည်။

ချောစုက သူမကို ပြေး၍ဖက်သည်။ သူ့မိဘတွေကလည်း သူမထံအပြေးလာကြသည်။ ပြုံးရွှင်သော မျက်နှာများနှင့်။

ယဉ်ယဉ်မှာ မျက်ရည်ပင် ကျမိတော့သည်။

ထိုမျက်ရည်က ပျော်ရွှင်ပွန်း၍ကော ဝမ်းနည်းမှုကြောင့်ကောရောထွေးကျဆင်းလာသော မျက်ရည်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

(၂၂)

(က)

ညဦးအချိန်မို့ မြို့ထဲမှာ လူတွေရှုပ်ထွေးသွားလာနေဆဲ။

လူတစ်ဦးက အပြေးတစ်ပိုင်းလျှောက်လာ။

ဖုန်းဆိုင်တစ်ဆိုင်တွေ့တော့ ထိုလူ့မျက်နှာ ထိန်ခနဲဝင်းသွား။

ဖုန်းခလုတ်တွေကို ပျာပျာသလဲပြေးနှိပ်။ ဖုန်းဆိုင်စောင့်သည့် ကောင်မလေးက သူ့ကို ထူးဆန်းသလိုကြည့်နေ။

သူ ဂရုမစိုက်အား။ ဖုန်းခလုတ်တွေကိုသာ နှိပ်နေ။ သူ့ သည့်ဖုန်းနံပါတ်ကလည်း မဝင်ပေ။ အတန်ကြာအောင် ဖွဲကောင်းကော ခေါ်ပြီးမှ တူခနဲဝင်သွား။

သူ ချက်ချင်းကောက်ကိုင် . . .

"ဟယ်လို . . . မြို့ကလေးရဲ့ ပွဲကျင်းပတော်ရေး ကော်မတီ လား"

"ဟုတ်ပါတယ်ခင်ဗျာ။ ဟုတ်ပါတယ်"



တစ်ဖက်က ပြန်ဖြေခြင်းဖြစ်။ သူက ဆက်မေး။

"အခု မြို့ကလေးရဲ့ ပွဲတော်ဖွင့်ပွဲအတွက် အကပြိုင်ပွဲကျင်းပ တာ ပြီးသွားပြီလား မသိဘူး"

"ဟုတ်ကဲ့ . . . ။ ခုနလေးတင်ကပဲ ပြီးသွားပါတယ်"

"ဘယ် . . . ဘယ်သူ ပထမရလဲ။ ပထမရတဲ့ ကချေသည်က ဘယ်သူလဲ"

"ယဉ်ယဉ်ဆိုတဲ့ ကချေသည်လေးပါ"

"ဗျာ . . . "

သူ ဖုန်းလွတ်ကျသွား။ တစ်ဖက်က ဟယ်လို . . . ဟယ်လို ခေါ်ပေမဲ့ သူမထူးတော့။ အိပ်ကပ်ထဲက ငွေတချို့ကို ဖုန်းဆိုင်စားပွဲပေါ် တင်ပေးလိုက်။ ဖုန်းဆိုင်စောင့်သည့် ကောင်မလေးက သူ့ကိုမော့ကြည့်။

ဂရုမစိုက်၊ သူ့မျက်နှာပြုံးလာ။

နောက် ချက်ချင်း အော်ပြေးတော့။ ဖုန်းဆိုင်စောင့် ကောင်မလေး က ဖုန်းဖိုးငွေအမ်းရန် လှမ်းပေးတာလည်း သူမသိတော့။

"ဟား . . . ဟား . . . ဟား . . . ပိုင်နဲ့ယဉ် ပထမကွ။ ငါ့ပိုင် ငါ့ယဉ် . . . ဟား . . . ဟား . . . ဟား . . . ဟား"

အော်ဟစ် ပြေးသွား၊ လူတွေ ဝိုင်းကြည့်ကြ။

ထိုလူက လွင်မင်း။



www.burmeseclassic.com

www.burmeseclassic.com

## (၁)

ညဦးစမ်းစမ်းဆိုသော်လည်း ဤနေရာမှာတော့ တိတ်ဆိတ်

ထောင်စောင့်ရဲသားတစ်ဦးက အစီခံနားကပ်နေသည့် စီးကရ ကိုနံရံနှင့် ထိုး ချေမွလိုက်။

ဘိုရဲသားအနီးသို့ နောက်ထပ်ရဲသားတစ်ဦး ရောက်လာပြီး

"ပွဲပြီးပြီကွ"

"ဟုတ်လား . . . ကြည့်လို့ကောင်းခဲ့လား"

"ဟာ ကြီးကျယ်လွန်းတဲ့ ပွဲကြီးပေါ့ကွာ။ ယဉ်ယဉ်ဆိုတဲ့ ကော မလေးပထမရသွားတာတဲ့"

"ဟင်"

ထို 'ဟင်' သည် ရဲသားနှစ်ဦးစလုံး၏ 'ဟင်' မဟုတ်ပေ။ အ ခန်းထဲရှိ အကျဉ်းသားတစ်ဦး၏ 'ဟင်' ဖြစ်။

"ဟား . . . ဟား . . . ဟား . . . ဟား . . .

ဟား . . . ဟား . . . ဟား . . . "



အသံနက်ကြီးနှင့် ထိုအကျဉ်းသား ထရယ်။ တခြားလူတွေ အကုန်နိုးလား။ သံတိုင်တွေကို တရှောင်းရှောင်းကိုင်လှုပ်ကာ အော်ရယ်။ အစောင့်ရဲသားနှစ်ဦးက သူ့ကို ပြေးကြည့်။

သူ ဂရုမစိုက်။ အသံနက်ကြီးနှင့် အော်ရယ်ဆဲ။

"ဟား . . . ဟား . . . ဟား . . . ဟား . . . ပိုင် . . .

ငါ့သူငယ်ချင်း . . . မင်းလုပ်နိုင်ခဲ့ပြီ . . . ဟား . . . ဟား ဟား . . .

ဟား . . . ဟား . . ."

ကမ္ဘာတစ်ခုလုံး သိမ့်သိမ့်တုန်သွားမည့် အသံနှင့် သူအော်ရယ် နေတော့။

သူက . . . မွေးနီ။



www.burmeseclassic.com

www.burmeseclassic.com

(၂၃)

"အား . . . အင်း . . ."

ငါ ပြန်ထဖို့ကြိုးစားလိုက်တော့ တစ်ကိုယ်လုံး ကိုက်ခဲနာကျင်နေတယ်။ ခေါင်းကလည်း ကြပ်ထုတ်ထုတ်ဖြစ်နေတယ်။

အားယူပြီး ထလိုက်တယ်။ ယိုင်နွဲ့နွဲ့နဲ့ ငါရပ်နိုင်ခဲ့တယ်။ အဲဒီအချိန်ပဲ စူးခနဲအနံ့တွေက ငါ့နှာခေါင်းထဲ တိုးဝင်လာတယ်။

"ဒါ . . . အရက် . . . အရက်နံ့ပဲ"

ငါ့ကို အရက်နဲ့ပါ လောင်းသွားကြတာပဲ။ တခြားလူသူတွေ ငါလဲနေတာတွေ့ရင် ငါ့ကို အရက်မူးပြီးလဲနေတာလို့ ထင်အောင်လို့ဒီစနစ်တကျ လုပ်ရက်ခဲ့တာပဲ။ တော်သေးတာပေါ့ . . . ။ ငါ့ဦးထုပ်လေးဘယ်သူမှ မကောက်သွားလို့။

ခပ်လှမ်းလှမ်းက ခြုံပင်လေးနားမှာ နင်ပေးတဲ့ ဦးထုပ်နက်ကလေးလေ။ ငါ ပြန်သွားကောက်လိုက်ရတယ်။

နေလုံးကိုလိုက်ရှာတော့ ဝါးဝါးတောင် မတွေ့ရတော့ဘူး။ ညက မှောင်ရည်စက်စက်ဖြစ်နေပြီပဲ။



ဒယီးဒယိုင်နဲ့ ပွဲတော်ရှိရာဆီသို့ ငါလျှောက်ခဲ့။ ငါ နောက်ကျနေပြီ။ ပွဲတော်ကို နောက်ကျခဲ့ပြီလား။ လမ်းလျှောက်ရင်း ငါ အကြိမ်ကြိမ် ပစ်လဲနေခဲ့တယ်။ ခေါင်းကသွေးတွေက ကောင်းကောင်းမခြောက်သေးဘူး။ စေးကပ်ကပ်နဲ့။

ဟော . . . ရှေ့မှာပွဲတော်။

မုန့်ပူပူရောင်းတဲ့ ဆိုင်တွေကို တွေ့နေရပြီ။ မိုးပျံပူဖောင်းသည်လေးတွေ စက္ကူရုပ်သည်လေးတွေ ငါတွေ့နေရပြီ။

ပွဲတော်ရေ ငါလာနေပြီ။

"ဘုန်း . . . "

ရှေ့က လူတစ်အုပ်နဲ့ တိုက်မိရုံလေးတိုက်မိရုံရှိသေး ငါလဲကျသွားတယ်။

ဖြစ်ချင်တော့ ငါနဲ့တိုက်မိတဲ့လူတွေက ခန့်ဇော်တို့အဖွဲ့ ဖြစ်နေတယ်။ သက်သက်လည်း ပါသေးတယ်။

ဟွန်းခနဲသက်သက်က နှာခေါင်းရှုံ့သွားတယ်။

ခန့်ဇော်ကလည်း မဲ့ပြုံးနဲ့ . . .

"ဟင်း . . . ဒီကောင် မူးပြီး ရန်ဖြစ်လာတာနေမှာ။ တစ်ကိုယ်လုံးလည်း ဒဏ်ရာဒဏ်ချက်တွေနဲ့"

"လာပါဟာ . . . ငါရွံတယ် အဲဒီကောင်ကို"

သက်သက်က ခန့်ဇော်ကို ဆွဲခေါ်သွားတယ်။

ငါ အားယူထပြီး ပွဲတော်ကို ဆက်တိုးသွားတယ်။ ဒါပေမဲ့ ခပ်ဝေးဝေးကနေပဲ လှမ်းမြင်နေရပြီ။ ဘယ်သူမှမရှိတော့တဲ့ စတိတ်စင်ကြီးကိုပေါ့။

စတိတ်စင်ကြီးရဲ့ဘေးက ပစ္စည်းသိမ်းနေတဲ့လူတစ်ယောက်ကို ငါအတင်းလှုပ်ပြီး မေးမိတယ်။

"က . . . ကတဲ့လူတွေကော"

"ကပွဲကဖြင့် ပြီးသွားပြီဗျ"



www.burmeseclassic.com

www.burmeseclassic.com

ဆိုပြီး ငါ့လက်ကို တွန်းဖယ်လိုက်တယ်။ အသာလေးတွန်းလိုက်ရုံနဲ့ငါ ပိုးလိုးပက်လက် လဲကျသွားပြန်တယ်။ ဒါကိုကြည့်ပြီး လူက သနားသွားပုံပဲ။ ဒီတစ်ခါ ငါမေးတော့ ကောင်းကောင်းဖြေရှာတယ်လေ။

"က . . . ကပွဲမှာ ဘယ်သူပထမရလဲ"

"ယဉ်ယဉ်ဆိုတဲ့ကောင်မလေး ပထမရသွားတယ်"

"ဗျာ . . . "

ငါ ဒဏ်ရာတွေ အကုန်ပျောက်ကင်းသွားသလိုပဲ။ ဟား . . . ဟား . . . ဟား . . . ဟား . . . ငါအော်ရယ်ပစ်တယ်။ အနားကလူတွေ ငါ့ကို ဝိုင်းကြည့်လာကြတယ်။ အရူးတစ်ယောက်လို ငါ့ကို ဝိုင်းကြည့်ကြတယ်။ ကြည့်စမ်း၊ ကြည့်ကြစမ်းကွာ။

ဘာမှလာမပြောနဲ့။ ငါရဲ့တေးသွားနဲ့ယဉ်ဟာ ဘုရင်မဖြစ်ခဲ့ပြီ။ ငါ ကျေနပ်တယ်။ ငါ ကျေနပ်တယ်။

"ကိုပိုင် . . . ကိုပိုင် . . . "

ခေါ်သံကြားလို့ကြည့်လိုက်တော့ ချောစု။

"ကိုပိုင်က ဘာလို့ အခုမှလာတာလဲ။ ယဉ် သိပ်ဝမ်းနည်းသွားတယ်။ သူ ကိုပိုင့်ကို စောင့်နေခဲ့တာ။ သူ ဆုရတဲ့အချိန်ထိပဲ"

"သြော် . . . ယဉ်ရယ်"

"အခု သူအိမ်ပြန်သွားပြီ"

"ဟုတ်လား . . . ကျေးဇူးပဲ ချောစု"

ငါ အပြေးပေါ့။

ဖယ်စမ်း . . . ဖယ်စမ်း။ လူတွေကို တွန်းဖယ်ပြီး ငါပြေးထွက်ခဲ့တယ်။ လမ်းတစ်လျှောက် နင့်ကို ချီးကျူးတဲ့အသံတွေပါ ကြားနေခဲ့ရတယ်။

"သိပ်ကောင်းတဲ့ ကကြိုးပဲဗျ။ မထင်ထားတဲ့နေရာက လှုပ်ရှားမှုတွေနဲ့ အံ့မခန်းပဲ"

"တေးသွားကလည်း ကြောက်ခမန်းလိလိပဲ။ နားထောင်မိတဲ့



လူကို မျောပါသွားအောင် ခေါ်ပစ်နိုင်တယ်"

"အဲဒါ အနုပညာ မှော်မြောက်မှုပေါ့"

ဟား . . . ဟား . . . ငါကြားနေရပြီ။ ယဉ်ရေ . . . ငါ နင့်ကိုတွေ့ချင်နေပြီ။ ခေါင်းတွေကလည်း မူးလိုက်တာ။ ခြေထောက်တွေက ငါ့ကို ကောင်းကောင်း မထိန်းချုပ်နိုင်တော့ဘူး။ ယဉ်ရေ . . .

ရှေ့မှာ ယဉ်ရဲ့အိမ်ပဲ။ ယဉ် အိပ်ဦးမှာမဟုတ်ပါဘူး။ နင့်ရဲ့ ဆုတံဆိပ်လေးကို နင့်မိဘတွေရှေ့မှာ ကြွားဦးမှာပေါ့ ဟုတ်တယ်မို့လား။

ဒီလိုနဲ့ ငါယဉ်ရဲ့အိမ်ရှေ့ကို ရောက်ခဲ့တယ်။ နင့်အခန်းက ဘယ်အခန်းမှန်းမသိပေမဲ့ သစ်ခွရောင်လိုက်ကာကလေး လွင့်နေတဲ့အခန်းကို နင့်အခန်းလို့ ထင်နေမိတယ်။

နင် အရမ်းပျော်နေမှာပေါ့နော်။ ငါသွားတော့မယ် ယဉ်ရယ်။ ငါ နှုတ်ဆက်ခဲ့တယ်နော်။ ငါ ခေါင်းအရမ်းမူးနေပြီလေ။

ငါအိမ်ကလေးဆီက လှည့်ထွက်ဖို့ ကျောခိုင်းလိုက်တော့ . . .

"ဟင် . . . "

ငါ နောက်မှာ ယဉ်က ရောက်နေတယ်လေ။

ငါ့ကို ကြည့်နေတယ်။ အဲ့ဒီအကြည့်ကို ငါမှတ်မိနေတယ်။ စိမ်းသက်တဲ့အကြည့်တွေ။

"ယဉ် . . . "

"မခေါ်နဲ့။ နင် ငါ့နာမည်မခေါ်နဲ့"

ယဉ်ရယ် . . . ဘာဖြစ်လို့လဲ။

နင် နှာခေါင်းရှုံ့သွားတယ်။ ငါ သိတယ်။ ငါ့ကိုယ်ပေါ်က အရက်နံ့တွေကို နင်ရလိုက်ပြီ။ ဒယီးဒယိုင်ဖြစ်နေတဲ့ ငါ့ခြေထောက်တွေကို နင် အထင်လွဲပြီ။

ငါ့ခေါင်းပေါ်က သွေးတွေကို နင်မမြင်လို့ တော်သေးတာပေါ့။ ဦးထုပ်ကလေးဆောင်းထားလို့ ငါ့ခေါင်းပေါ်က သွေးတွေကို နင်မမြင်ရဘူးလေ။ ဒါပေမဲ့ . . .



www.burmeseclassic.com

www.burmeseclassic.com

နှုတ်ခမ်းကိုက်နေတဲ့ ချစ်သူကိုတော့ ငါ မြင်နေရတယ်။

"ဟွန်း . . . သူများတွေပြောတုန်းက ငါ လက်မခံနိုင်ခဲ့ဘူး။ ဒီကောင်က ကလေးကချေ၊ လေလွင့်နေတဲ့ကောင်ဆိုတာ။ ခုနက သက်သက်တို့ နင်အရက်မူးပြီး တဗိုင်းဗိုင်းလဲကျနေတဲ့အကြောင်း လာပြောတော့တောင် ငါမယုံသေးဘူး။ အခုတော့ဟာ . . ."

"မဟုတ်ဘူး . . . ယဉ် . . . ငါ"

"ငါမျှော်လင့်ခဲ့တာ။ ငါကရမယ့်အလှည့်ရောက်ရင်တော့ ရောက်လာမှာပဲလေဆိုတဲ့ မျှော်လင့်ချက်လေးနဲ့။ နင် မလာခဲ့ဘူး။ ငါ ဆုတံဆိပ်လေးရတဲ့အချိန်အထိ နင် အချိန်မီရောက်လာမယ်လို့ မျှော်လင့်မိတုန်း။ အလကားပဲ။ ငါ မျှော်လင့်တာတွေကို နင် စော်ကားပစ်တယ်။ သွား"

"မဟုတ်ဘူးလို့ . . . ယဉ်ရယ် . . . ငါရှင်းပြ . . ."

"တော်စမ်းဟာ"

အစိမ်းဆုံးမျက်လုံးနဲ့ ငါ့ကို ပစ်ပေါက်စိုက်ကြည့်တယ်။

"သွား . . . ဂျစ်ပစီ။ နင်က ဂျစ်ပစီ။ နင့်ကို ငါမုန်းတယ်။ သွား . . . ဂျစ်ပစီ"

". . . . ."

ငါ နောက်ဆုံးအနေနဲ့ နင့်မျက်နှာလေးကို ကြည့်ခဲ့ပါတယ်။ နှုတ်ခမ်းတွေ တဆတ်ဆတ်တုန်နေတဲ့ အမုန်းမျက်နှာက ငါတွေ့ခွင့်ရတဲ့ နောက်ဆုံးမျက်နှာလား။

ရှင်းပြခွင့်မရမှတော့ ငါ ထွက်သွားရုံပေါ့ ယဉ်ရယ်။ ငါ ရင်ထဲအရမ်းနာတာပဲ။ ကျောခိုင်းလိုက်စဉ်ပဲ ဖြတ်တိုက်လာတဲ့ လေပြည်တစ်သုတ်က ငါ့ကို ခိုက်ခနဲအေးသွားစေတယ်။ ဒါပဲပေါ့။ ကံဆိုးကောင်ရဲ့ နိဂုံးဟာ ဒါပဲပေါ့။

ရှေ့မှာ လမ်းမကြီးက ဖြောင့်စင်းနေတဲ့တိုင် ငါခြေလှမ်းတွေကတော့ ကွေ့ကောက်နေရဦးမယ်။



သွေးတွေစိမ့်ထွက်နေသေးတဲ့။ ခေါင်းကို ငါစမ်းမိတော့ ငါသိလိုက်ရပြန်တယ်။

"ဟင် . . ."

ဘယ်ရောက်သွားပြီလဲ။ ဘယ်နားမှာ ပြုတ်ကျခဲ့တာလဲ။ ငါ့ရဲ့ ဦးထုပ်ကလေး။ နင်ပေးခဲ့တဲ့ တစ်ခုတည်းသော လက်ဆောင်။ အနက်ရောင်ဦးထုပ်လေး။

ဘယ်ရောက်သွားလဲ။ ဟင့်အင်း ပြန်လိုက်ရှာမယ်။ ဒီဦးထုပ်လေးတော့ အပျောက်မခံနိုင်ဘူး။ ချက်ချင်း ငါပြန်လှည့်လိုက်တော့ . .



www.burmeseclassic.com

www.burmeseclassic.com

မေမေ့ဓာတ်ပုံလေးကို မွှေးမွှေးပေးခဲ့တယ်။ ဖေဖေဓာတ်ပုံကိုတော့ ရှစ်ခိုးကန်တော့ခဲ့တယ်။ ပြီးတော့ ဖေဖေ့ဒိုင်ယာရီထဲက ဂင်ကို သစ်ရွက်ခြောက်ကလေးကို ဘာရယ်မဟုတ် ဂျင်းအကျီအိတ်ကပ်ထဲ ထည့်ဖြစ်ခဲ့သေးတယ်။

နင်ပေးတဲ့ ဦးထုပ်နက်လေးကို တသသလုပ်နေခဲ့တယ်။ မှန်ရှေ့ခဏခဏရောက်တယ်။ မှန်ရှေ့မှာ ကိုယ့်မျက်နှာကိုယ် ချက်ကျလက်ကျကြည့်ပြီး ခေါင်းဖြီးတယ်။ ခေါင်းမဖြီးတာကြာတော့ ငါ့ဆံပင်တွေ အငြိငြိအစွန်းစွန်း ဖြစ်နေသေး။ ခေါင်းဖြီးပြီးတော့ နင်ပေးတဲ့ ဦးထုပ်နက်ကလေးကို ခပ်ငိုက်ငိုက်ဆောင်းလိုက်တယ်။

အိမ်ရှေ့တံခါးဝရောက်တော့ ဖိနပ်ကြိုးကို သေချာချည်တယ်။ ဒီနေ့ခလုတ်တိုက်တာမျိုးတောင် မဖြစ်အောင် ငါ အထူးဂရုစိုက်ရမယ်လေ။ ပြီးတော့ ပွဲတော်ဆီငါထွက်ခဲ့တယ်။

အိမ်အပြင်ရောက်တော့ လမ်းပေါ်မှာ ပွဲတော်ဆီသွားနေကြတဲ့ လူတွေနဲ့ ဖြိုင်ဖြိုင်စည်ကားနေတာ တွေ့ရတယ်။ တချို့တွေက မိသားစုလိုက် တချို့တွေက သူငယ်ချင်းတွေ အုပ်လိုက်အဖွဲ့လိုက်။ တချို့ကစုံတွဲလိုက်ပေါ့။

. . . ငါ့ကျမှ တစ်ယောက်တည်းရယ်။

သေချာပြင်ဆင်လာခဲ့ပေမဲ့ လူအများလျှောက်နေကြတဲ့ လမ်းကတော့ ငါမလျှောက်ချင်ခဲ့ဘူး။ မတော်တဆ ငါ့ကိုနှိမ့်ချချင်တဲ့လူတွေနဲ့တိုးရင်း ငါ စိတ်အနှောင့်အယှက်ဖြစ်ရဦးမယ်။

နင်ကမဲ့ပွဲလေးကို စိတ်သန့်သန့်နဲ့ ကြည်ကြည်လင်လင်နဲ့ပဲ လာချင်တယ်။ သန့်စင်နေတဲ့ စိတ်ကလေးကို လူတွေနဲ့တွေ့ပြီး ညစ်မည်းသွားမလိုချင်လို့ လူရှင်းတဲ့လမ်းကလေးက လျှောက်ခဲ့တယ်။

ငါလျှောက်ခဲ့တဲ့ လမ်းကလေးက သိပ်ကိုရှင်းလင်းပါတယ်။ လူတွေမနေတော့တဲ့ အိမ်ခြေအဟောင်းလေးတွေရယ်၊ ရှဉ့်ကလေးတွေရဲ့မှိုး



ကောင်လိပ်ပြာလေးတွေပဲ ရှိတယ်။ ဒါတွေက ငါ့ကိုဘာမှ **စိတ်အနှောင့်**အယှက် မဖြစ်စေနိုင်ဘူးဆိုတာ ငါသိနေတယ်လေ။

စိတ်ထဲမှာ မြင်ယောင်ကြည့်နေမိတယ်။ ယဉ်ဟာ ဘယ်လိုလေးများ ကမလဲ။ ဘယ်လိုဆန်းကြယ်တဲ့ ကကြိုးတွေနဲ့ ရင်သပ်ရှုမောအောင် လုပ်မလဲ။ ငါ့တေးသွားလေးနဲ့ တစ်မြို့လုံးက လူတွေကြားမှာ ယဉ်ကတော့မှာ အိုး . . .။

အဲ့ဒီအသိနဲ့တင် ငါလှမ်းလိုက်တဲ့ ခြေလှမ်းတိုင်း မြေနဲ့လွတ်လွတ်သွားပေါ့။

တွေ့ချင်လှပြီ ယဉ်ရေ။

အဲ့ဒီလိုနဲ့ လျှောက်လာရင်း အိမ်ခြေဟောင်းလေးတစ်ခုကို ဖြတ်အလျှောက်

"ဒုတ် . . . "

အဲ့ဒါ ငါကောင်းကောင်းကြားလိုက်တဲ့ အသံပဲ။ ချက်ချင်း ငါ့ခန္ဓာကိုယ် ယိုင်ထိုးသွားတယ်။ ခေါင်းပေါ်က ဦးထုပ်က လွင့်သွားတယ်။ ခေါင်းကိုလက်နဲ့ စမ်းကြည့်လိုက်တော့ . . .။ ရဲနေတာပဲ သွေးတွေ။

အိုး . . . ဘယ်သူလဲ ငါ့ကိုချောင်းမြောင်းတိုက်ခိုက်လာတာ။ ဝေခွဲမရခင်ပဲ နောက်ထပ်ရိုက်ချက်တစ်ချက်က ဝင်လာပြန်တယ်။

"ဖြောင်း . . . "

ခနဲ ငါ လည်ထွက်သွားတယ်။

မြေပြင်ကို ပက်လက်အနေအထားနဲ့ ငါ လဲကျသွားတယ်။ မူးဝေပြီး ဘာမှကို ရတ်တရက်မမြင်တော့ဘူး။ ခေါင်းကိုခါပြီး မျက်ခွံတွေကို အတင်းလှန်ပြီး ကြည့်တော့မှ ဝါးတားတားမြင်ရတယ်။ ဝါးတားတားကနေ သဲသဲကွဲကွဲမြင်ရတော့မှ ငါ့ကိုရိုက်တဲ့လူကို တွေ့လိုက်ရတော့တယ်။

"ဟင် . . . "

ခေါင်းတုံး။ စွပ်ကျယ်ဝတ်ထားတဲ့ ခေါင်းတုံးတစ်ယောက်။



www.burmeseclassic.com

www.burmeseclassic.com

# (၂၄)

နှင်းမြူတွေကြားမှာ ကောင်မလေးတစ်ယောက် ပြေးလွှားနေပါတယ်။ ဒီလိုအေးခဲတဲ့ ညကြီးမှာ ကောင်မလေးဟာ ဘာကြောင့်များ ပြေးလွှားနေတာပါလိမ့်။ ပြေးလွှားနေတဲ့ ကောင်မလေးဟာ လှပတဲ့ ဂါဝန်ဖြူဖြူဝန်းဝန်းလေးနဲ့ပေါ့ကွယ်။ သူမ တစ်ချက်ပြေးတိုင်း ဂါဝန်နဲ့တွဲဖက်ထားတဲ့ ငွေရောင်ဖဲကြိုးရှည်လေးတွေဟာ လွင့်လွင့်သွားတယ်။ ကောင်မလေးကလည်း သိပ်လှပပြီး ဂါဝန်လေးနဲ့လိုက်ဖက်နေတယ်။

အိုး . . . ဒါပေမဲ့ ကောင်မလေးက ငိုနေတာပါ။ ပြေးရင်းလွှားရင်းနဲ့ မျက်ရည်တွေကို သုတ်နေတယ်။ ကောင်မလေးရဲ့လက်ထဲမှာ တစ်ခုခုကို ကျစ်ကျစ်ဆုပ်ကိုင်ထားသေးတယ်။ ဘာများလဲလို့ကြည့်တော့ အနက်ရောင်ဦးထုပ်ကလေးပေါ့။

မြူခိုးမှုန်တွေနဲ့ ညို့ဆိုင်းဝေနေတဲ့ ဥယျာဉ်ဟောင်းကလေးထဲ ကောင်မလေးဟာ ပြေးလို့ဝင်လာခဲ့တယ်။

ရှေ့ခပ်လှမ်းလှမ်းမှာ ကောင်လေးတစ်ယောက်ကို သူမတွေ့နေရပြီလေ။



ကောင်လေးကလည်း ကောင်မလေးရဲ့ ခြေသံကိုကြားလို့လား မသိပါဘူး။ ရုတ်တရက် လှည့်ကြည့်တယ်။

ကောင်လေး သိပ်အံ့ဩသွားတယ်။ သူ့ဆီပြေးလာတဲ့ ကောင်မလေးကို တွေ့လိုက်ရလို့ပေါ့။ အဲ့ဒီကောင်မလေးဟာ သူသိပ်မြတ်နိုးရတဲ့ ကောင်မလေးပေါ့။ (ဂျစ်ပစီတစ်ယောက်ရဲ့ နတ်သမီးလည်းဖြစ်တယ်)

ကောင်လေး ပျော်လွန်းလို့ လဲတောင်ကျသွားတယ်။

အဲ့ဒီအချိန် ပြေးလာတဲ့ကောင်မလေးကလည်း ကောင်လေးအနားကို ရောက်လာခဲ့ပြီလေ။ လဲကျသွားတဲ့ကောင်လေးကို ချက်ချင်းပွေ့ပြီး သူမရဲ့ရင်ခွင်ထဲ ထွေးပိုက်လို့ထူတယ်။

"ပိုင် . . . ပိုင် . . . သတိထားဦး . . . ပိုင် . . . "

စိုးရိမ်တကြီးပြောရင်း ကောင်မလေးရဲ့ မျက်ရည်စဟာ ပေါက်ခနဲ ကောင်လေးရဲ့ပါးပြင်ပေါ်ကို ကျသွားပါတယ်။ ကောင်လေးရဲ့ပါးပြင် နွေးခနဲ ဖြစ်သွားတာပေါ့။ အဲ့ဒီ တဒင်္ဂအနွေးဓာတ်လေးဟာ ကောင်လေးအတွက်တော့ ဒီဇင်ဘာကို ခုတ်လှဲနိုင်လောက်အောင်ကို ကြီးမားစွာ နွေးထွေးစေခဲ့တယ်။

ကောင်လေးက ပြုံးလာတယ်။ အင်း . . .မျက်ရည်တွေလည်း ကျလာတယ်။

"ငါ . . . ငါ . . . ဘာမှမဖြစ်ပါဘူး ယဉ်ရယ်။ နင့်ကိုတွေ့လို့ ပျော်သွားတာပါ"

"ပိုင်ရယ် . . . နင် ဘာလို့ ငါ့ကိုမပြောတာလဲ။ နင် . . . နင်က 'ဂနိုက်' ဆိုတာလေ။ ဟင် . . . နင်က 'ဂနိုက်' မို့လား"

ကောင်လေးက ဘာမှပြန်မပြောဘဲ ကောင်မလေးရဲ့မျက်နှာကိုသာ ပြုံးလို့ကြည့်နေပါတယ်။ ကောင်မလေးက ဦးထုပ်ကလေးကို ကောင်လေးရဲ့ မျက်လုံးရှေ့ကိုင်ပြပြီး . . .

"ဒီမှာလေ . . . ငါ ပေးထားတဲ့ဦးထုပ်ရဲ့အတွင်းမှာ G , ŋ , ɹ , ɔ , p လို့ နင်ရေးထားတာလေ။ နင် . . . နင်က 'ဂနိုက်' ပေါ့။ ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com

ကောင်လေး နှမ်းနယ်စွာ ခေါင်းညိတ်ပြတယ်။

"ငါ့နာမည်က ပိုင်လေ။ ပိုင်ကို ပြောင်းပြန်အဓိပ္ပာယ်ယူလိုက်ရင် 'မပိုင်'ပေါ့။ မပိုင်ဘူးဆိုတာ စွန့်လွှတ်ခြင်းပဲမို့လား ယဉ်ရယ်။ ငါ နင့်ကို ဟိုးအစကတည်းက စွန့်လွှတ်ရင်း ချစ်ခဲ့တာလေ။ G,n,i,a,p 'ဂနိုက်'ဆိုတာ ငါ့နာမည် P,a,i,n,g 'ပိုင်'ကို ပြောင်းပြန်လှန်ရေးထားတာလေ"

"ပိုင်ရယ် . . . "

ကောင်မလေး မျက်ရည်တွေကို အတောမသတ်နိုင် ဖြစ်နေရှာတယ်။ ရင်ထဲလည်း မောလို့စို့လို့ပေါ့။

"ပိုင်ရယ် . . . နင် ဘာဖြစ်တာလဲ။ သွေးတွေလည်း ရွှဲလို့ပါလား။ ဘယ်သူက နင့်ကို ဒီလောက်ရက်စက်တာလဲ"

ကောင်လေး မဖြေပါဘူး။ ဒါတွေကို ဖြေချင်စိတ်လည်း မရှိဘူးလေ။ ကောင်မလေးကိုသာ သွင်သွင်ကြည့်ပြီး . . .

"ယဉ်ရေ . . . နင်သိလား။ ငါ လိမ်ခဲ့ဖူးတယ်။ တကယ်တော့ ငါ မျက်ရည်တွေကို မကြိုက်ဘူး။ ဘယ်တုန်းကမှ မကြိုက်ခဲ့ပါဘူးဟာ။ ငါ အရမ်းမုန်းခဲ့တာပါ"

မျက်ရည်တွေကို မုန်းတဲ့ကောင်လေး ငိုနေရှာပါတယ်။ ကောင်မလေးက သူ့ကိုပိုပြီး တင်းကြပ်စွာ ထွေးပွေ့လိုက်ပါတယ်။

"ပိုင် . . . ဒီမှာကြည့်"

ကောင်မလေးက သူ့ဝဲဘက်ရင်ခွင်မှာ ထိုးထားတဲ့ ရင်ထိုးလေးကို ကောင်လေးကိုပြတယ်။

"နင့်ရဲ့တေးသွားလေးနဲ့ ငါရခဲ့တဲ့ ဆုတံဆိပ်လေးလေ။ ငါ့နှလုံးသားမှာ ချိတ်ထားတယ်"

ကောင်လေးပြုံးပြီး ရင်ထိုးလေးကို လက်နဲ့စမ်းကြည့်တယ်။

ပြီးတော့ သူ့ဂျင်းအင်္ကျီရဲ့ ဝဲဘက်အိတ်ကပ်ထဲက သစ်ရွက်ခြောက်ကလေးကို ထုတ်လိုက်တယ်။ ပြီးတော့ ကောင်မလေးလက်ထဲ



ထည့်ပေးလိုက်တယ်။

ကောင်လေးရဲ့အသံက တိုးညင်းသိမ်မွေ့နေတယ်။

"ငါ နင့်ကို အမြဲပေးချင်နေတဲ့ သစ်ရွက်လေးလေ"

"ကောင်မလေးက သစ်ရွက်ခြောက်လေးကိုယူပြီး ရင်မှာကပ်လို့ငိုတယ်။ ကောင်လေးက ငိုနေတဲ့ကောင်မလေးရဲ့ မျက်ရည်ကို လှမ်းသုတ်ပေးတယ်။

"မငိုပါနဲ့ ယဉ်ရယ်"

"အင်း . . . ငါ မငိုတော့ဘူး။ နင်လည်း ဘယ်တော့မှ မငိုရဘူး။ နင် ထာဝရအငိုတိတ်အောင် ငါ ကကြိုးလေးနဲ့ချော့သိပ်မှာ"

. . . . . . . . . . . . . . .

. . . . . . . . . . . . . . .

အဲ့ဒီနောက် ကောင်လေးနဲ့ ကောင်မလေးဟာ ဥယျာဉ်အလယ်က ရေကန်ကလေးဆီသွားတယ်။ ပြီးတော့ ရေကန်အလယ်က ကျောက်ရုပ်ကြီးနား သွားကြတယ်။ ကောင်လေးက ကျောက်ရုပ်ကြီးအောက်မှာ ထိုင်တယ်။ ကောင်မလေးက တံတားလေးပေါ်မှာ နေရာယူတယ်။

ကောင်လေးဟာ သူ့အိတ်ကပ်တစ်ခုထဲက ဘာဂျာတူရိယာလေးကို ထုတ်လိုက်တယ်။

အဲ့ဒီအချိန်ပဲ 'ဖြန်း . . .ဝေါ . . .' ဆိုပြီး ရေကန်ကလေးထဲက ရေပန်းကလေးဟာ ရေတွေ ထပန်းလာတော့တယ်။ အံ့သြစရာပဲ။ အဲ့ဒီရေပန်းကလေးက ရေမထွက်တာ ကြာနေပြီလေ။

ဝုစ်ခနဲ တံတားထိပ်က မီးတိုင်ပုလေးကလည်း မီးရောင်လင်းလာပြန်တယ်။ အိုး . . . ထူးဆန်းလိုက်တာ။ ဒီမီးတိုင်လေးကလည်း မီးလင်းတာကဖြင့် ကြာလှပြီ။

ဒီနေ့က သူတို့မြို့လေးရဲ့ အထူးမြတ်ဆုံးနေ့လေ။ ဒါကြောင့် ဆက်ဆိုင်ရာက ဥယျာဉ်ကလေးကို လာပြင်ဆင်မွမ်းမံထားသလားတော့ မပြောတတ်ပါဘူး။



www.burmeseclassic.com

www.burmeseclassic.com

ဘာပဲဖြစ်ဖြစ် ရေပန်းကလေးက တဖွားဖွားဖြာလို့ မီးတိုင်

ကလေးကလည်း ထိန်ထိန်လင်းခဲ့ပြီ။

"ဒိန်း . . . ဒိန်း . . . ဒိုင်း . . .

ဒိုင်း . . . ဒိုင်း . . ."

မြို့ကလေးရဲ့ အလယ်တစ်နေရာကနေ ပစ်ဖောက်လိုက်တဲ့ မီး

ရှူးမီးပန်းတွေပေါ့။ ပွဲတော်ညဆိုတော့ လူတွေပျော်ရွှင်နေကြတယ်လေ

အဲ့ဒါကြောင့် ကောင်းကင်ဆီ မီးပန်းတွေ ပစ်ဖောက်ကြတာပေါ့။

"ဖွား . . . ဖျစ် . . . ဖျစ် . . . ဖျစ်"

မီးပွားလေးတွေ ပြန်ကျလာတာကို လှမ်းကြည့်ရင်း ကောင်လေး

နဲ့ ကောင်မလေး ပြုံးမိတယ်။

"ပိုင် . . . စကြစို့"

"အင်း"

အဲ့ဒီနောက် ကောင်လေးက ဘာဂျာတူရိယာလေးကို နှုတ်ခမ်း

မှာတေ့လိုက်တယ်။

ကောင်မလေးကလည်း မျက်ဝန်းတို့ကို မှေးစက်ကာ အသင့်

အနေအထားနဲ့ ရပ်လိုက်တယ်။

တေးသွားက လင်းတသွဲ့သွဲ့ ထွက်ပေါ်လာပြီ။ ကောင်မလေး

ရဲ့ ခြေလက်တွေလည်း လှုပ်ရှားလာခဲ့ပြီပေါ့။

ဒီတေးသွားလေးဆုံးသွားရင် ဒီကကြိုးလေးဆုံးသွားရင်

ကောင်လေးနဲ့ ကောင်မလေးဟာ ဘယ်တော့မှာ ငိုတော့မှာ မဟုတ်

ဘာလို့လဲဆိုတော့ . . . ဘယ်လိုကြမ္မာဆိုးတွေ ခြားခြား . .

သူတို့ဟာ ထာဝရ အတူတူရှိနေတော့မှာ မို့လို့ပေါ့။

* * *

သူဝေး

2011, 8:30 PM



T H U W A Y

# သူဝေး

သူမေ့နေတဲ့သစ်ပင်

လုံးချင်းဝတ္ထုသစ်



www.burmeseclassic.com